
www.burmeseclassic.com

# နှင်းဆွတ်တောင်ပြန်လေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## နှင်းဆွတ်တောင်ပြန်လေ

– နှင်းလူးလိမ်းပေ၊ မြောက်ပြန်လေသည် . . .
မိတ်ဆွေဆောင်းကို နှုတ်ဆက်မည် . . ။
– မြောက်ပြန်လေ . . .
ပြေပြေညင်းညင်း၊ ဆောင်းတွင်းပန်းနှံ့
ပျံ့စေမွှေးစေ၊ အေးမြစေ၍
မိတ်ဆွေဆောင်းကို ပွေ့ဖက်မည်။
– မတိုက်နဲ့လေ . . .
မြောက်ပြန်လေအား၊ တောင်မြင့်မားတို့
တားဆီးဆို့ကာ ပိတ်ပင်လာလျှင် . . .
– မလာနဲ့လေ . . .
ဝေးသွားစေရန်၊ တောင်တို့ခံ၍
နံ့ရုံပမာ၊ တားထားကာလျှင် . . .
– တောင်ခြေဒီဘက် . . .
ဆောင်းမနက်ညာ၊ မုန်တိုင်းကျသလို
ဒေါသနှင့်မွှေ . . .
တောင်ပြန်လေ . . .
တောင်တွေအားလုံး အံ့တုံ၏။ ။

BURMESE CLASSIC .com

# နှင်းဆွတ်တောင်ပြန်လေ

## အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

(၁)

BURMESE CLASSIC .com

ရုံးဆင်းခါနီးမှရွာချလိုက်သည့်မိုးက တာရှည်နေ သည်။ အရင်ရက်များကလို ခဏရွာပြီးစဲသွားမည် ထင် မှတ်သော်လည်း တော်တော်နှင့်မရပ်။ ရုံးအောက် ပေါ်တီကိုမှာ လူများစုနေ၏။ ထား ဆီကို ဖုန်းဆက်ဦးမည်စဉ်းစားလျက် ဖုန်းရှိရာသို့သွား သေးသည်။ ထား ရှိပါတော့မလား အတွေး ဖြင့် ဖုန်းနားရောက်မှ မဆက်ဖြစ်။ လွယ်အိတ်ကို လွယ်လျက် ထီးကိုင်ရင်း၊ ရုံးအောက်သို့ ဆင်းလာသည်။ ကိုကို နောက်ကျ မနေနဲ့ဦးဆိုသောထား၏ အသံကို ပြန်ကြား ယောင်လာ၏။

ဝေ့၍ပက်လိုက်သော မိုးစက်တို့ မျက်နှာကို ထိ၍ ဝင်လာ သည်။ ဒီအတိုင်းတော့မိုးက တော်တော်နဲ့စဲဦးမှာ မဟုတ်ဘူးဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



စာရေးကြီး ကိုဘမြင့်က ထီးဖွင့်လျက် မိုးသည်းကြားကိုထွက်သည်။ သူလည်းထီးကို ဖွင့်လိုက်၏။ ဘာလဲ ထားဆီသွားမှာလားဟု သန်းဝေက သူ့ကိုလှမ်းပြောသည်။ နောက်မှ ရုံးပေါ်မှ ဆင်းလာသည့်သန်းဝေ သူ့နံ ဘေးမှာလာရပ်သည်။ ပြုံးပြီးခေါင်းညိတ်ပြလိုက်၏။ ထား ကမင်းကိုစောင့်မေးနေသေးတယ်ဟု ပြောလိုက်မိ၏။ သွားမယ်ဟုဆို၍ သူမိုးရေထဲထွက်စဉ် မိုးခြိမ်းသံ တစ်ချက်ကြားလိုက်ရ၏။

* * *

BURMESE CLASSIC .com

ထီးကိုပိတ်လိုက်ပြီး ရေစက်များ ကျအောင် အောက်သို့ စိုက်ထားလျက် ခါသည်။ လွယ်အိတ်ထဲမှ ပဝါကို ယူ၍ မျက်နှာကို သုတ်ရင်း ဆိုင်ထဲသို့ လှမ်းကြည့်လိုက်၏။

ထိုင်နေကျထောင့်စားပွဲမှာ ထား ကိုလှမ်းမြင်သည်။ အပြာနုရောင်အကျီစကို တွေ့ရတော့ ထား မွေးနေ့က သူပေးထားခဲ့တဲ့ လက်ဆောင်ပါလားဟု အသိဝင်သည်။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ သူပေးသမျှကို ထား က မြတ်မြတ် နိုးနိုး ရှိနေတတ်၍ ကျေနပ်ဝမ်းသာရပြန်သည်။



" ထား ရောက်နေတာကြာပြီလား "

" မိုးမသည်းခင်ရောက်နေတာကိုကို၊ နည်းနည်းတော့ကြာပြီ၊ မိုးသည်းလိမ့်မယ်ထင်တာနဲ့ ထားထွက်လာလိုက်တာ၊ ထား ဆိုင်ထဲရောက်တော့ မိုးက တအားရွာချတော့တာပဲ၊ ကိုကို့ တစ်ကိုယ်လုံး ရွှဲနေပြီ အအေးမိဦးမယ် "

ထီးကို စားပွဲနံရံမှာ ကပ်ထောင်၏။ လွယ်အိတ်ကို ပေါင်ပေါ် တင်လိုက်ရင်း ထား ဘာသောက်မလဲဟုမေးသည်။

" ကိုကို ကော်ဖီပူပူလေးသောက်လိုက်နော်၊ ထား လဲ ကော်ဖီပဲ သောက်ပါ့မယ် "

ထား ကိုကြည့်၍ သူပြုံးပြလိုက်မိသည်။ ထား၏ အကြင်နာကို ရင်ထဲမှ ခံစားနားလည်လိုက်ပြန်၏။

" ကော်ဖီခါးခါး နှစ်ခွက်ပေးပါ "

ဟု စားပွဲထိုး ကလေးကို မှာလိုက်သည်။

* * *

" မြသူဇာပြန်ရောက်လာပြီ ကိုကို "

ရုတ်တရက် ထားမျက်နှာကို စူးစိုက်ကြည့်လိုက်မိ သည်။

www.burmeseclassic.com

www.burmeseclassic.com



တမင်ပြုံးယောင် ပြုထားသည်ထင်၏။ ချက်ချင်းပင် ဆိုင်အပြင်ဘက်သို့ အကြည့်ကိုငေးရင်းလွှဲသည်။ မိုးသည် ပို၍သည်းလာလေသလား ထင်၏။

" ကိုကို စိတ်တွေလှုပ်ရှားသွားလားဟင် "

" ဘာဆိုင်လို့လဲ ထားရယ် "

ပြောပြီး ရှေ့ကကော်ဖီခွက်ကိုကိုင်ပြီးကောက်ယူကာ တစ်ကျိုက်မော့သောက်၏။ ခါးသက်သက်အရသာကို ခံစားရပြန်သည်။

" အကြာကြီး ချစ်လာကြတဲ့ ချစ်သူတွေဟာ ဘာမှ မဆိုင်ဘူးလား ကိုကို "

" လောလောဆယ် ထားက ကိုကို့ချစ်သူပါ ထားရယ် "

အသံက တိုးတိမ်နေမည်လားမသိ။ ထား သူ့ကို စူးစိုက်ကြည့်နေမှန်းသိသည်။ စားပွဲပေါ်သို့ လက်နှစ်ဖက်ကို တံတောင်ဖြင့်တင်၍ ထောက်၍ သူ့မျက်နှာ ကိုငေးစိုက်နေ၏။ပြီးတော့ လက်ထဲကလက်ကိုင်ပဝါကို လက်ဖြင့်လုံးခြေနေ တာ မြင်သည်။

" မြသူဇာက ပိုချောလာတယ် ကိုကို "

ထား မျက်နှာကို တစ်ချက်ကြည့်မိပြီး သူဘာမှပြန်မပြောမိ။

မေ့နိုင်ပြီထင်လျက် တင်းထားသည့်စိတ်သည် ရုံဖန် ရုံခါ မြသူဇာထံသို့ ပျံ့ဝဲနေတတ်သေးတာ ဘာသာ သိပြန်၏။ လက်ပွန်း



တတီးချစ်သူဘဝဖြင့် နေခဲ့၊စားခဲ့၊သွားခဲ့၊လာခဲ့ကြသည့်သံယောဇဉ်တရားသည် မြသူဇာ နိုင်ငံခြားထွက်သွားသည့်တစ်နှစ်နီးပါးအတွင်း ကုန်ခန်းသွား ခြင်းမရှိသေး ပါလား။

" ကိုကို "

" ဟင် "

သူ ထားမျက်နှာကို စူးစိုက်ထားလိုက်သည်။ အခုအချိန်မှာ ထားနှုတ်မှထွက်လာမည့်စကားသံတို့ကို သူမကြားရဲသလိုပင်။ တုန်လှုပ်စွာ ငေးမောကြည့်နေမိပြန်၏။

" ကိုကို မြသူဇာနဲ့ ပြန်ပြီးအဆက်အသွယ်လုပ်ဦးမှာလား ဟင် "

ထား စကားကြောင့် သက်ပြင်းကို မသိမသာခိုးချဖြစ်သည်။

" အသိမိတ်ဆွေတွေပထားရယ် ကိစ္စရှိရင်တော့ ပြောကြဆိုကြရှိနိုင်တာပေါ့ "

လှုပ်ရှားစိတ်ကို ဖုံးဖိလိုသလားမသိ။ ရေနွေးကြမ်းပန်းကန်ထဲသို့ ရေနွေးငှဲ့ပြီး သူ့ရှေ့သို့ တိုးပေးသည်။ ပြီးမှ သူ့မျက်နှာကိုကြည့်ရင်း . . .

" ကိုကို "

ဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



" ပြောလေ ထား "

သူ ထား ကို ပြန်ကြည့်ရင်းပြောလိုက်၏။

" ထား အရမ်းစိုးရိမ်နေတယ် ကိုကို "

ပြောရင်း အသံသည်နိမ့်ကျသွား၏။ ကြေကွဲဝမ်းနည်းမှုဖြင့် အသံက တုန်ယင်ချင်နေသလို။

" ကိုကို နားလည်ပါတယ် ထား ရယ် "

ထားကိုပြုံးပြရင်း ပြောလိုက်မိသည်။

" ကိုကို နားလည်ရင် ပြီးတာပါပဲလေ "

ထား ငှဲ့ပေးထားသည့် ရေနွေးကြမ်းပန်းကန်ကို ကောက်ယူပြီး သူ မော့သောက်သည်။ ထား ကရေနွေးကြမ်းနောက်တစ်ခွက်ကိုငှဲ့ပြီး မသောက်ဘဲ ပန်းကန်ကို လက်ဖြင့် ကိုင်ထားပြန်သည်။ ခေါင်းငုံ့ရင်း ရေနွေးကြမ်းပန်းကန်ကို စူးစိုက်ကြည့်နေတာ မတွေ့၏။

" ကိုကို ထား ကို ချစ်ပါတယ် ထား ရယ် "

ဝင့်၍ ပင့်ကြည့်လိုက်သောမျက်ဝန်းအစုံမှာ မျက်ရည်ကြည်ဝေသည်။

အသနားခံနေသည့် အရိပ်အယောင် တွေပဲနားလည်ရင်းရင်ထဲမှာနင့်သည်။

★ ★ ★

(၂)

မိုးသက်လေကြောင့် စွယ်တော်ပင်ပျိုတို့ ယိမ်းနွဲ့ လှုပ်ရှားနေသည်။

လေအဝှေ့မှာ စွယ်တော်ရွက်တချို့ကြွေ၍ လမ်းပေါ်မှာ လျှပ်တိုက်ပြေးလွှားနေပြန်၏။

မိုးသက်လေသည် နူးညံ့သိမ်မွေ့သည့် စန္ဒရားသံကို သယ်ဆောင်ရင်း ကျောင်းအဝန်းအနှံ့ကို ဖြန့်လေမည်လား မသိ။ အဆောက်အအုံ တစ်ပင်မစာသင်ဆောင်မှာရှိသော အနုပညာအခန်းတွင် လူဝင်လူထွက်များ၍ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။ စက်မှုတက္ကသိုလ် အနုပညာအသင်း၏ လှုပ်ရှားမှုတစ်ရပ်အဖြစ် 'ဆို၊ က၊ တီး ပြိုင်ပွဲ' ကို ကျင်းပမည့်ရက် ကပ်နေလေပြီ။ ပြိုင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပတ်သက်သည့် ပိုစတာများက နို့တစ်ဘုတ်ကျောက်သင်ပုန်းမှာ နေရာအနှံ့ယူထားပြီပဲ။ ကျောင်းကင်းတင်းတွေမှာလည်း ထိုပွဲနှင့်ပတ်သက်သည့် ကြော်ငြာများ အနှံ့ကပ်ထားတာ တွေ့ရသည်လေ။

အနုပညာသင်း အခန်းထဲမှ ကျောင်းသူကျောင်းသားတို့၏ ရယ်မောသံ သီချင်းတိုက်နေသံ၊ စန္ဒရားအသံ တို့သည် ပြင်ပမှ မိုးသက်လေဝှေ့၍ သစ်ရွက်တို့အော်မည်သံ ကို ဖုံးလွှမ်းထားကြပြန်သလို။

တီမ်ပလီနွေနှောင်းသီချင်း နောက်ဆုံးအတီးပိုဒ်၏ တီးလုံးသံသည် ညင်သာစွာဖြည်းဖြည်းချင်းတိုးသွားပြီ။

သူ စန္ဒရားခုံမှ ထရပ်လိုက်၏။

သူ့တစ်ကိုယ်လုံးမှာ ချွေးများဖြင့်ရွှဲနေပြီ။ ထအရပ် မှာ အပြင်မှ ဝင်လာသည့် မိုးသက်လေကို တဝရှုပ်စ် လိုက်မိ သည်။ ပြီးတော့စန္ဒရားအဖုံးကို ပိတ်ရန်ပြင်လိုက်၏။

" သီချင်းတိုက်မယ့်လူကုန်ပြီနော်၊ ဘယ်သူမှ မကျန်ဘူးမဟုတ်ဘူးလား၊ ဗိုက်ဆာနေပြီ ထမင်းသွားစားတော့မယ်"

ပြောရင်း စန္ဒရားအဖုံးကို ပိတ်လိုက်၏။ ပြီးမှ အကြည့်တစ်ချက် ဝေ့ရင်း သူမျက်မှောင်ကြုတ်လိုက်မိပြန် သည်။



" ဟဲ့ ထား ... ထား၊ နင်မတိုက်ရသေးဘူးမဟုတ်လား"

သူ့အသံကြောင့်ခင်ထားညို သူ့အနားသို့ လျှောက်လာတာတွေ့သည်။

" ဟုတ်တယ် ထား မတိုက်ရသေးဘူး"

သီချင်းတိုက်ပြီး စန္ဒရားဘေးမှာ ရပ်နေသည့် ကောင်မလေးတစ်ယောက်က ပြောလိုက်သည်။

" ကဲ ... ကဲ ဒေါ်ခင်ထားညို ခင်ဗျားဘာလုပ်နေတာလဲ မတိုက်ရသေးလဲ မတိုက်ရသေးဘူး မပြောဘူး"

အနားရောက်လာသည့် ခင်ထားညိုကို ကြည့်ရင်း သူ ဘုတောလိုက်သည်။ ခင်ထားညိုက သူ့ကို ဘာမှပြန်မပြော ဘဲ မျက်လွှာပင့်ကြည့်တာတွေ့ရ၏။

" နင်ဒါကြောင့်မို့ နှစ်တိုင်းလဲ ဆုမရတာ၊ သီချင်းတိုက်ချိန်ဆို ဟိုလိုလို ဒီလိုလိုနဲ့ ဆုမရတော့မှ မျက်ရည်လေး စမ်းစမ်း စမ်းစမ်းနဲ့"

သူကြည့်ရင်း ထား ကို ကရုဏာဒေါသောပြောမိပြန် သည်။

" အခမ်းအနားပြင်ဖို့ သွားကူနေတာ ကျော်ခေါင်"

မျက်နှာသေလေးနှင့် သူ့ကို ကြည့်ရင်းဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



" ဗိုက်ဆာပြီဟ မြန်မြန်လုပ်"

" ငါကျွေးပါမယ် ကျော်ခေါင်ရာ"

" နင်တကယ်ပြောတာလား"

" တကယ်ပေါ့"

ပြောပြီးခေါင်းကိုညိတ်ပြတာ သူကြည့်ရင်းသနား သွားသည်။ စန္ဒရားဆီသွားပြီး အဖုံးကို သူပြန်ဖွင့်လိုက်၏။ ခင်ထားညိုကို လှမ်းအကြည့် မျက်နှာလေးကြည်စင်သွားတာ သူမြင်လိုက်ရပြန်သည်။

စန္ဒယားခုံမှာထိုင်ရင်း ခလုတ်များကို ပွတ်သပ်တို့ထိ ကစားလိုက်၏။

"ကဲ . ကဲ ကောင်းကောင်းဆိုနော်"

ကလေးတစ်ဦးနှယ် သူ့ကို ခေါင်းညိတ်ပြ၏။

" စိတ်ချ ချိုပြုံးထက်သာစေရမယ်"

ဟု ခပ်ပြုံးပြုံး ပြန်ပြောပြန်သည်။

"တိမ်ပလီနွေနှောင်း" တီးလုံးအစပိုဒ်သည်၊ မိုးသက် လေမှာပျံ့လွင့်သွားပြန်တော့၏။

ခင်ထားညို၏ သီချင်းအဆုံးမှာ ရပ်ကြည့်နေ သူများ၏ လက်ခုပ်သံကို အံ့ဩစွာပင်ကြားလိုက်ရသည်။

" နင်ဒီနှစ် အရမ်းတိုးတက်လာတယ် ထား၊ ဒီ အတိုင်းဆို



ဒီနှစ်တော့ နင်ဆုရမှာသေချာတယ် ထင်တယ် "

စန္ဒရားအဖုံးကို ပိတ်ရင်းသူ လှိုက်လှိုက် လှဲလှဲ ချီးကျူး စကားကို ဆိုလိုက်မိသည်။

" တကယ်ကောင်းတယ် ထား ရာ "

ဘေးမှ ရပ်နေသည့် ခင်ထားညို၏ သူငယ်ချင်းတွေ ကလည်း ချီးကျူးစကားဆိုကြသည်။

" နင်တကယ်ပြောတာလား ကျော်ခေါင်"

ထားကသူ့ကို ပြန်မေးပြန်သည်။

" နင်စင်ပေါ်မှာ မကြောင်ရင် ဆုရဖို့သေချာတယ် ထား"

သူပြန်ပြောလိုက်တော့ ခင်ထားညိုမျက် နှာက ကြည်စင် ဝင်းပသွားတာ တွေ့သည်။

"သေချာတယ် သေချာတယ် နင်ဆိုတာအရမ်း ကောင်းတယ် "

သူငယ်ချင်းတွေ၏ အားပေးသံကြောင့် ခင်ထားညို ပျော်နေပုံရ၏။ အခန်းအဝင်ဝဆီအကြည့်ပို့ခိုက်မှာ အနုပညာ အသင်းဆိုင်းဘုတ်ကလေးအောက် အဝင်တံခါးမှာ မိန်းကလေး တစ်ယောက် ရပ်နေတာသူမြင်သည်။

သူ့တို့အနုပညာအသင်းနှင့်လုံးဝရင်းနှီးမှု မရှိသည့် မိန်းကလေး။ ကျောင်းမှာတစ်ခါတစ်ရံ မြင်ဖူး တွေ့ဖူးရုံက လွဲ၍

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့်စိမ်းလွန်းသည့် မိန်းကလေးမှန်း သူသတိထား ဖြစ်သည်။

ငေးကြည့်နေစဉ်မှာပင် အခန်းထဲသို့လှမ်းဝင်တာ တွေ့၏။ ခင်ထားညိုနှင့်သူငယ်ချင်းတွေလှည့်အကြည့်မှာပင် ထိုမိန်းကလေးနှုတ်မှ စကားသံထွက်လာသည်။

" ကျွန်မသီချင်းတိုက်ချင်လို့ပါ ရဦးမလား"

အသံသည် တိုးသော်လည်းမတိမ်။ ထူးခြား၍ ဆွဲဆောင်မှုရှိနေသလို သူ ဘာကြောင့်ထင်လိုက်ရသည်မသိ။ ဘာမှပြန်မဖြေမိဘဲ ငေးကြောင်ကြည့်နေမိပြန်သည်။

" ပြိုင်ပွဲဝင်ဖို့ သီချင်းတိုက်ချင်လို့ပါ ရီဟာဇယ် လုပ်ပြီး ရွေးတဲ့စာရင်းထဲမှာ ကျွန်မ ပါပါတယ်၊ မြသူဇာပါ "

" ဪ – ရတယ် အဲဒီအထဲမှာ ပါရင် ကျွန်တော် တိုက်ပေးပါမယ်"

ပြောရင်းလှုပ်လှုပ်ရှားရှား ဖြစ်သွားမိသည်။ အဲဒီ ရီဟာဇယ် လုပ်တဲ့နေ့က သူမတီးဖြစ်။ ခေါင်းကိုက်ပြီး ဘယ်လိုမှ အိပ်ရာမှ မထနိုင်လို့ စန္ဒရားကို နောက်အရန်တစ်ယောက် က တီးပေးခဲ့ရသည်ပဲ။ ဒါကြောင့်မြသူဇာကို သူရင်းရင်းနှီးနှီး မသိတာ ဟု တွေးဖြစ်သေးသည်။

" အရင်နှစ်ကရော ဝင်ပြိုင်ဖူးသေးလား"

မေးရင်းစန္ဒရားဆီ သူပြန်လျှောက်၏။

" ပြောတော့ ဗိုက်ဆာတယ် . . . ဘာညာနဲ့"



" အေးလေ "

" လာ သွားကြစို့ "

ခင်ထားညိုတို့ အုပ်စုဆီမှ ပွစိပွစိအသံတွေကို သူ မကြားသလိုလုပ်ရင်း မြသီတာကိုလှမ်းကြည့်သည်။

" ဒီနှစ်မှဝင်ပြိုင်မှာပါ "

ပြောကာ သူ့ဆီလျှောက်လာသည်။ ခင်ထားညိုတို့ အုပ်စု အခန်းထဲမှ ထွက်သွားကြပြီ။

" ဪ "

စန္ဒရားခလုတ်များကို သူစမ်းသည်။ ပြီးတော့ မော့ကြည့် ရင်း ဘာသီချင်းလဲ . ဟင် . ဟု မေးလိုက်၏။

" တိမ်ပလီနွေနှောင်းပါ "

ထွက်လာသည့်စကားသံကြောင့် ရုတ်တရက် အံ့ဩသွားပြီး အခန်းဝဆီလှမ်းကြည့်ဖြစ်သည်။ ခင်ထားညိုတို့ အုပ်စု၏ ကျောတွေကိုသာမြင်ရတော့၏။ သူတို့ကြားလျှင် ဘယ်လောက် အံ့ဩကြမည်မသိ။ တိုက်တိုက်ဆိုင်ဆိုင် ခင်ထားညိုဝင်ပြိုင်မည့် သီချင်းနှင့်မှ ထပ်တူကျနေသည်ပဲ။

အံ့ဩစိတ်ကိုဖျောက်ရင်း စန္ဒရားကို သူ တီးလိုက် သည်။ သိပ်ကောင်းသည့်အသံနှင့် ဆိုဟန်ဆိုပေါက်ကို သူ တအံ့တဩ ဖြစ်ရင်း မြသူဇာကို လှမ်းလှမ်းကြည့်မိနေပြန်၏။

အခါခါနားထောင်ခဲ့ဖူးသော သည်သီချင်းကို ဖစ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မကြားဖူးသူတစ်ဦးနှယ် သူသည် သီချင်းမှာ နစ်မျော သွားတော့၏။

မြသူဇာရင်ထဲမှလာသောအသံသည် သူ့ရင်ထဲသို့ စီးဝင်သွားပြီဟု သူ နားလည်လိုက်နိုင်သည်ပဲ။

သည်ကတည်းက စိတ်ဝင်စားမှုက စခဲ့ပြန်သည် မြသူဇာ . . .

★　★　★

(၃)

ရုံးသက်သာဆိုင်ထောင့်စားပွဲမှာ သန်းဝေကျနေရာ ယူသည်။ ကောင်တာကို သွားပြီး လက်ဖက်ရည်ချိုပေါ့ကျ နှစ်ခွက်နှင့် နှင်းဆီဆေးပေါ့လိပ်နှစ်လိပ်ကိုယူသည်။ ပြီးမှ ပြန်ထိုင် လိုက်၏။

" မနေ့ကဘာယ်အချိန်ပြန်လဲ "

သူထိုင်လိုက်ချိန်မှာ သန်းဝေ စကားစသည်။ သူစား ပွဲပေါ်သို့ချလိုက်သည့် လက်ဖက်ရည်တစ်ခွက်ကို သန်းဝေက ဆွဲယူ၏။

" မိုးနည်းနည်းစဲတာနဲ့ ပြန်တာပါပဲ "

လက်ဖက်ရည်ခွက်ကိုကောက်ယူပြီး တစ်ကျိုက်မော့သော

www.burmeseclassic.com

www.burmeseclassic.com



ပြန်အချမှာ သန်းဝေ သူ့ကိုကြည့်သည်။

" မြသူဇာ ပြန်ရောက်ပြီဆို "

" ဟုတ်တယ် . . မင်းဘယ်လိုသိသလဲ "

အံ့ဩစွာကြည့်ရင်း သန်းဝေကိုသူ မေးသည်။ သည်ဆိုင်ထွက်မလာခင်ကလေးပင် စားပွဲမှာထိုင်ရင်း မြသူဇာနှင့် အနုပညာအသင်းမှာ စတွေ့ခဲ့ပုံကို ပြန်တွေး နေခဲ့သေးသည်ပဲ။ အခုလည်း မြသူဇာနှင့် ပတ်သက်သည့် စကားက ရောက်လာပြန်ပြီလေ . . .

" မနေ့က မနက် မင်းမရှိတုန်းမှာ ထား ဖုန်းဆက် တယ် မင်းမရှိလို့ ငါဖုန်းကိုင်တော့ ထားက ငါ့ကို ပြောပြ တာ "

" ငါလဲ ထားဆီက မနေ့ညနေကမှ သိရတာ "

" ထားက သိပ်ပြီးစိတ်ပူနေပုံရတယ် ကျော်ခေါင် "

နှစ်ဦးသား အကြည့်ဆုံမိပြန်၏။

" ဘာဆိုင်လဲကွာ "

ပေါ့ပေါ့တန်တန်ပင် သူ့နှုတ်မှ ထွက်သွားသည်။

အကြာကြီးချစ်ခဲ့ကြတဲ့ ချစ်သူတွေက ဘာမှမဆိုင် ဘူးလားဆိုသည့် မနေ့ညနေက ထား၏ အသံကိုပြန်၍ ကြား ယောင်မိပြန်သည်ပဲ။

" မနေ့ညနေက သူ့အိမ်ကိုလာသွားတယ်တဲ့ "

" ဟုတ်လား "



သန်းဝေနှုတ်မှ အံ့ဩသံ လျှံကျသည်။

" အေးလေ . . . ငါက ထား ရှိနေပြီပဲ၊ မတွေ့တာ ကောင်းပါတယ်ကွာ "

သူ့အိတ်ထဲမှ နှင်းဆီတစ်လိပ်ကို သန်းဝေလှမ်းနှိုက်ယူသည်။ ဆေးလိပ်ခေါင်းကို ပါးစပ်မှာငုံပြီးမှုတ်ကာ ဆေးလိပ်ဖင်ကို လက်ဖြင့်ကုတ်ခြစ်နေပြန်၏။ ပြီးမှ မီးညှိကာ ဆေးလိပ်ကို ဖွာရှိုက်လိုက်သည်။

" နေပါဦး . . . သူက ဘာလာလုပ်တာတဲ့လဲ "

ဆေးလိပ်ဖွာအပြီးမှာ သန်းဝေက သူ့ကို ကြည့်ရင်း မေးသည်။

" ပစ္စည်းတွေလာပေးတာတဲ့ "

" ဘာပစ္စည်းတွေလဲ ကျော်ခေါင် "

မော့သောက်သည့် လက်ဖက်ရည်ခွက်ကိုပြန်ချပြီး သန်းဝေကို သူကြည့်သည်။ သန်းဝေက သူ့စကားကိုနားစွင့် နေမှန်းသိ၏။

" သူ နိုင်ငံခြားကဝယ်လာတဲ့ပစ္စည်းတွေကွာ၊ ငါ့ညီမ ဖို့ ပိုက်ဆံအိတ်တစ်လုံးနဲ့ ငါ့အတွက် ဘောလ်ပင် တစ်ချောင်း "

" ကြည့်လဲလုပ်ဦးနော် ကျော်ခေါင် "

ဆေးလိပ်ပြာကိုခြွေချရင်း သူ့ကို ခပ်တည်တည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြောသည်။ အလေးအနက်ထား၍ ပြောလိုက်သည့် စကားမှန်းသူသိ၏။

" ငါသိပါတယ်သန်းဝေရာ ငါထားအပေါ်မှာ သစ္စာ မဖောက်ပါဘူး "

သန်းဝေရှေ့မှာရှိသည့် မီးခြစ်ကိုလှမ်းယူသည်။ အိတ်ထဲက ဆေးပေါ့လိပ်ကိုထုတ်ယူပြီး မီးညှိလိုက်၏။ ဖွာရှိုက်စဉ် မီးခိုးငွေ့များမျှလွင့်သွားသည်။ မျက်နှာကြက်မှာ ဖာပ်ထားသည့် ပန်ကာကြောင့်မီးခိုးများလွင့်စဉ်ဖွာကျဲသွားတာမော့ကြည့်နေမိပြန်၏။

" ငါထင်တယ်ကျော်ခေါင် . . သူ မင်းကိုပြန်ဆက် ချင်ပုံရတယ် "

သက်ပြင်းကိုမသိမသာချမိပြန်သည်။

" သူ ဂျပန်ရောက်နေတုန်းက ငါ့ဆီကို စာနှစ်စောင် ရေးတာပဲ၊ ငါတောင် ထားကို ပြလိုက်သေးတယ်"

သန်းဝေကိုကြည့်ရင်း သူပြောသည်။

" ဒါကြောင့် ထားက စိတ်ပူနေတာဖြစ်မယ် "

သန်းဝေနှုတ်မှ စကားသံထွက်လာသည်။

သူ ဘာမှပြန်မပြောလိုက်မိ။

ထား သူ့အပေါ်မှာ ဘယ်ရွေ့၊ ဘယ်မျှချစ်သည်ကို သူနားအလည်ဆုံး။

" ဘာဖြစ်ဖြစ်ကွာ၊ မြသူဇာဟာ သူ့လမ်းသူရွေးခဲ့တာပဲ၊



ထား မင်းအပေါ်မှာဘယ်လောက် ကောင်းတယ်ဆိုတာတော့၊ မင်းလျစ်လျူရှု မထားသင့်ဘူး ကျော်ခေါင်"

လက်ဖက်ရည်ဝိုင်းမှအထမှာ သန်းဝေက သူ့ပခုံးကို ဖက်ရင်း အလေးအနက် ပြောပြန်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၄)

လက်ခုပ်သံများက စက်မှုတက္ကသိုလ်ခန်းမကြီး တစ်ခုလုံးကို ပေါက်ကွဲသွားလေမလားအောက်မေ့ရသည်။ ပြိုင်ပွဲဝင်တစ်ယောက်ကို သည်လောက်အားပေးတာမျိုး သူတစ်ခါမှ မကြုံခဲ့စဖူး။ ပြိုင်ပွဲစင်မြင့်ပေါ်မှ သီဆိုနေသူကို သူ ငေးစိုက်ကြည့်နေမိပြန်သည်။ ကတ္တီပါကားလိပ် အစိမ်း နောက်ခံတွင် ချိပ်လုံချည်အဖြူနှင့် အကျႌအဖြူကို မြသူဇာ က ဝတ်ဆင်ထားသည်ပဲ။ ပခုံးပေါ်သို့ ကန့်ကလျ ဝဲကျနေ သောဆံပင်က သူ့အလှကို ပိုမိုတည်ငြိမ်သွားစေသလိုပင်။ သူ့ မျက်နှာဝင်းဝင်းမွတ်မွတ်ကလေးက မျက်တောင်ထူထူ နှာတံ ပေါ်ပေါ်ကြောင့် ပို၍ ကျက်သရေရှိနေပြီ ထင်ပြန်၏။ ဟိုးအရှင်

www.burmeseclassic.com

www.burmeseclassic.com



က ကဲင်းတင်းတွေမှာ ကျောင်းကော်ရစ်တာတွေမှာ ဖြတ်သွားဖြတ်လာ အမှတ်တမဲ့တွေ့မိနေသည့် မြသူဇာ၏ ပုံသဏ္ဌာန်နှင့် လုံးလုံးမတူတော့ပါလား။ ပေါ့ပေါ့ပါးပါး တီရှပ်၊ စပို့ရှပ်တွေ၊ ယောကျ်ားရှပ်အကျႌတွေနှင့်သာ အများအား ဖြင့် သူ မြင်ဖူး၊ တွေ့ဖူးတာ ပြန်သတိရနေပြန်၏။

မြသူဇာက အတီးပိုဒ်ဝင်နေသော စန္ဒရားဆရာဆီကိုလှမ်းကြည့်နေတာ သူမြင်သည်။

တကယ်တော့ မြသူဇာ ဆိုသမျှကို လေ့ကျင့်စဉ်က လိုပင်သူဝင်တီးပေးလိုက်ချင်စမ်းပါဘိ။ တကယ့်ပြိုင်ပွဲ အတွက် ပွဲပိုလှပစေရန် အပြင်မှ စန္ဒရားဆရာတစ်ဦးကို သူတို့အနုပညာအသင်းမှ ငှားဖြစ်ခဲ့သည်ပဲ။ ဝါရင့် စန္ဒရား ဆရာနှင့် သီဆိုနေရပြီဆိုတော့ မြသူဇာအတွက်တော့ ပိုလို့ အဆင်ပြေ နေပြီထင်ရသည်။

ခန်းမတစ်ခုလုံးမှာ ထိုင်ခုံ အလွတ်မရှိအောင် ကျောင်းသားကျောင်းသူများ၊ ပြင်ပမှဖိတ်ကြားထားသော ပရိသတ်များနှင့်ပြည့်နေသည်။ ဘေးနေရာလွတ်တွေမှာ လည်း ရပ်ကြည့်နေသူများ ပြည့်နေသည့်အပြင် ခန်းမအပြင် ဘက် ကော်ရစ်တာတစ်လျှောက်မှာလည်း ခြေချစရာနေရာ ပင်မရှိအောင် လူပြည့်နေတာတွေ့၏။

သီချင်းဆုံးသွားတော့ ကျောင်းသားကျောင်းသူ များ၏ လက်ခုပ်သံဆူညံသွားတော့သည်။



" ကျော်ခေါင် "

လက်ခုပ်သံတွေမဆုံးခင်မှာပင် သူ့နားနားကပ်ပြီး ခေါ်လိုက်သံကြားရ၏။ ရုတ်တရက်လှည့်အကြည့်မှာ သူ့ဘေးနားရပ်ပြီးနေသည့် ခင်ထားညိုကိုတွေ့ရသည်။ ဘယ်အချိန်က ခင်ထားညို သူ့နံဘေးနားလာရပ်နေသည် မသိလိုက်။ အသေအချာကြည့်လိုက်တော့ ခင်ထားညို၏ မျက်နှာက ထိန်းလို့မရအောင်ပျက်နေတာသူသတိထားဖြစ် တော့သည်ပဲ။ မျက်လုံးမှာ မျက်ရည်ဥတို့က ဝေ့ဝဲနေလေပြီ။

စောစောက သူ့အလှည့်ပြိုင်ပွဲဝင်သီဆို အပြီးမှာ ကြွရောက်လာသည့်ဧည့်သည်များနှင့် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများကို ဧည့်ခံကျွေးမွေးသည့်အဖွဲ့မှာပါသည်မို့ ခင်ထားညို ပျောက်သွားသည်။ ဘယ်အချိန်က စင်ဘေး သူရပ်နေသည့်နေရာကို ရောက်နေသည်ကို သူသတိမထား မိခဲ့။

စောစောကပင် သူ့ဆံပင်ရှည်ကြီး တဝဲဝဲနှင့် တိမ်ပလီနွေနှောင်းကို မှင်ဖမောင်းအပြည့် ခင်ထားညိုသီ ဆိုသွားခဲ့သည်ပဲ။ ပွဲမစခင်က ရွှင်လန်းတက်ကြွနေခဲ့သည့် သူ့မျက်နှာ သည် အခုတော့ညှိုးရော် နွမ်းလျှလို့နေပါရော့လား။

" ငါမရတော့ပါဘူး ကျော်ခေါင်ရယ် "

စင်ပေါ်မှဆင်းလာသည့် မြသူဇာဆီ သူ အကြည့်ရောက်ခိုက်မှာပဲ ငိုသံဝဲ၍ပြောလိုက်သည့် ခင်ထားညို့အသံက

www.burmeseclassic.com

www.burmeseclassic.com



နားထဲဝင်ရောက်လာပြန်သည်။ ခင်ထားညိုခေါင်းအငုံ့မှာ မျက်ရည်တစ်စက် ဝဲကျသွားတာ မသိမသာ လက်ကိုင်ပဝါဖြင့် တို့တာသူမြင်ပြီး ခင်ထားညိုကိုသနားသွားသည်။

" ဆု မရတာပဲဟာ . . . နင်ကလဲ "

သူ နှမ်သိမ့်စကားဆိုလိုက်စဉ်မှာ ခင်ထားညို ချာခနဲ လှည့်ထွက်သွားသည်။

မကြာခင်မှာ ဆု တွေကြေညာတော့လည်း ထင်ထားသည့်အတိုင်းပင် မြသူဇာ ပထမရသွားတော့၏။

ခင်ထားညိုကတော့ နှစ်တိုင်းနှယ် ဘာဆုမှမချိတ်။

ပွဲပြီးသွားတော့ နှစ်တိုင်းလိုပင် ကင်းတင်းမှာ သူတို့ ပြန်ဆုံကြသည်။ ခင်ထားညိုကို သူ့သူငယ်ချင်းတွေက အခုထိ ဝိုင်းဝန်းနှစ်သိမ့်နေရတုန်းပင်။ ဘယ်နေရာသွားပြီး အားပါးတရ ငိုထားလိုက်သည်မသိ။ မျက်လုံးတွေနီရဲပြီး မျက်နှာမှာလည်း မျက်ရည်စတွေမခြောက်ချင်သေး။ ကလေးတစ်ဦးနှယ် ခင်ထားညိုကိုကြည့်ရင်း သူ ရယ်ချင်နေ ပြန်သည်။

ပြိုင်ပွဲပြီးစမို့ ကင်းတင်းရှေ့တွေမှာ ဖြတ်သွားဖြတ်လာနှင့် လူစည်ကားလှသည်။ ပြိုင်ပွဲဆုရပြီး ဆုတံဆိပ်တွေ လည်မှာဆွဲကာပြုံးပျော်နေသူများကိုလည်းလှမ်းမြင်ရပြန်၏။

" စိတ်မကောင်းမဖြစ်ပါနဲ့ ထား ရာ၊ နင်ကညံ့လို့မှ မဟုတ်တာ၊ သူကိုက တော်နေတာ ဟာ "



" အဟုတ်ပဲ ထား၊ အရင်နှစ်တွေက ဘာလို့ဝင် မပြိုင်တာလဲမသိဘူး "

မြမြဦးတို့က ခင်ထားညိုကို နှစ်သိမ့်စကားဆိုရင်း မြသူဇာကို ချီးကျူးနေကြပြန်၏။ ခင်ထားညိုကတော့ သူ့မျက်နှာကမျက်ရည်စကို လက်ကိုင်ပဝါဖြင့်တို့နေဆဲ။

" ဒီလိုပါပဲဟာ၊ ကိုယ်ကဘယ်လောက်ပဲတော်တော် ကိုယ့်ထက်တော်တဲ့သူနဲ့တွေ့တော့ အရှုံးပေးရတာပဲ။ ဒါ ပြိုင်ပွဲထုံးစံပဲလေ။ ဘယ်တတ်နိုင်ပါ့ မလဲ။ နောက်နှစ်ကျ သူမပြိုင်ဖို့ နင့်အတွက် ငါ သွားတောင်းပန်ပေးမယ်။ ဟုတ်လား ထား "

" ကျော်ခေါင်နော် ငါ ကောက်ပေါက်လိုက်မယ် "

သူ့ကိုစတော့ ခင်ထားညိုက လက်ဖက်ရည်ပန်းကန်လုံးကိုကောက်ကိုင်ရင်းချိန်ကာ ပြောသည်။ အားလုံးရယ်ကြ၏။

" ငါတို့ထက် တစ်တန်းကြီးတယ်၊ ကဲင်မီကယ်ကဟ"

" နင်ဘယ်လိုသိသလဲ "

လက်ဖက်ရည်ပန်းကန်လုံးကို ပြန်ချရင်း ခတ်ဆတ်ဆတ်မေးလိုက်၏။

" သူ စိတ်ဝင်စားနေလို့ ဖြစ်မှာပေါ့ "

မြမြဦးက ဝင်ပြောသည်။

" ကြည့်ပါလား သိချင်းတိုက်ပေးတုန်းကလဲ ထမင်းမေ့

www.burmeseclassic.com

www.burmeseclassic.com



ဟင်းမေ့ "

ဟု မြမြဦးဆက်ပြောသည်။

" ကျော်ခေါင်နော် "

အံကိုကြိတ်ရင်း ခင်ထားညို သူ့ကို မျက်စောင်းထိုးသည်။

" ပြိုင်ပွဲစာရင်းမှာ ငါကြည့်လိုက်လို့ သိတာပါဟာ "

ဟု သူရယ်ကျဲကျဲ ပြောလိုက်မိသည်။

" ကဲ . . . ကဲ မြန်မြန်စားကြသောက်ကြ၊ အသင်းခန်းမှာပစ္စည်းပစ္စယတွေ သိမ်းဖို့ဆည်းဖို့ တာဝန်တွေကျန် သေးတယ် "

ဟု မြမြဦးကလောသည်။

" ဟုတ်တယ် ပစ္စည်းပစ္စယတွေသိမ်းတဲ့ ဆည်းတဲ့ နေရာမှာ စနစ်တကျရှိတာ၊ စည်းကမ်းတကျရှိတာဟာ ပြိုင် ရင်တော့ ထား ကိုမီမယ့်သူတစ်ယောက်မှရှိမှာ မဟုတ်ဘူး "

ဟု သူ ဝင်နှောက်မိပြန်သည်။

" ကျော်ခေါင်နော် ငါ့ကိုမစပါနဲ့ ပြောနေ . . . ငါတကယ် စိတ်ဆိုးလာပြီ "

ခင်ထားညိုအသံက မာဆတ်နေပြန်၏။

ခင်ထားညိုက စည်းကမ်းကြီးတာ အရှက်အကြောက်



ကြီးတတ်တာ သိသိသိပ်သိပ်နိုင်လွန်းတာ သူအသိ ဆုံးပင်။

" မစပါနဲ့တော့ ကျော်ခေါင်ရာ ငါတောင်းပန်ပါ တယ်၊ တကယ်ငိုချလိုက်တော့မှာ၊ စောစောက အငိုတိတ် အောင်တောင် မနည်းဝိုင်းချော့ထား ရတာ "

ဟု သန်းဝေက ဝင်ပြီးဆိုသည်။

သည်သုံးလေးရက်တော့ သူတို့ ခင်ထားညိုကိုဝိုင်း စဖြစ်ဦးမှာသေချာသည်။ နှစ်တိုင်းလည်းသည်လိုစနေကျပင်။ သန်းဝေက ပိုက်ဆံရှင်းပြီးလို့ ဆိုင်မှထွက်ဖို့ သူတို့အားလုံး ထရပ်လိုက်ကြသည်။

ထိုစဉ် ဆိုင်ထဲသို့ဝင်လာသည့် သုံးလေးယောက်ကို ရုတ်တရက်မြင်၏။ လည်ပင်းမှာ ရွှေတံဆိပ်ကလေးထစွင်းဝင်း ဆွဲလျက်ဝင်လာသူ မြသူဇာဆီ သူအကြည့်ရောက်သည်။ မြသူဇာ နှင့်အတူ မိန်းကလေးနှစ်ယောက်၊ ယောကျ်ားလေး တစ်ယောက် ပါလာ၏။ မြသူဇာက သူ့ကိုပြုံးပြတော့ သူ ရင်ခုန်ရင်း ပြန်ပြုံးပြဖို့ သတိရလိုက်သည်။ မြသူဇာဆီသို့ သူဦးတည် သွားစဉ်မှာပင် ခင်ထားညိုတို့အုပ်စုက ဆိုင်ထဲမှ ထွက်၏။ စားပွဲမှာဝင်ထိုင်နေစဉ် မြသူဇာတို့စားပွဲဘေးသူရောက်သွားသည်။

" သိပ်ကောင်းတာပဲ မြသူဇာ၊ ကွန်ဂရက်ကျူလေး ရှင်းဗျာ "

www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ပြုံးပြုံးနှင့် ချီးကျူးစကားကို သူ ဆိုလိုက်၏။

" ကျေးဇူးတင်ပါတယ် "

ခပ်ပြုံးပြုံးပြန်ပြောသံကိုနားထောင်ရင်း အကြည့် ဆုံဖြစ်ပြန်သည်။ ရင်ထဲမှာ လှုပ်လှုပ်ခတ်ခတ်ဖြစ်ရတာ ဘာကြောင့်ဟု သူ နားမလည်ချင်ပြန်။

" ကျွန်တော့်နာမည် ကျော်ခေါင်စိုးပါ၊ သဒ်ယီးယား မကျွင်နီကယ်ကပါ။ နောက်လဲမှတ်ထားပါ မြသူဇာ "

သူ့ကိုယ်သူ မိတ်ဆက်စကားဆိုမိပြီးတော့မှ မလုံ မလဲဖြစ်ချင်ပြန်သည်။ သန်းဝေတို့ ခင်ထားညိုတို့ကြားလျှင် ဘယ်လောက် သူ့ကိုအပြစ်တင်မည်မသိ။

" ကျွန်မသိပါတယ် . . . ကိုကျော်ခေါင်စိုး၊ ကိုကျော်ခေါင်စိုး သီချင်းတိုက်ပေးတာ မများ ပေမယ့်၊ အဲဒီ ကျေးဇူးကြောင့်ကျွန်မဆုရတာပါကိုယ့်ကိုသီချင်း တိုက်ပေးတဲ့စန္ဒရားဆရာကိုတော့ဘယ်သူဆိုတာကျွန်မ သိအောင်လုပ် ထားရတာပေါ့ "

ဟု ခပ်ပြုံးပြုံးပြောနေပြန်သည်။

" တစ်ခုခုစားပါဦးလား "

" ရပါတယ် မြသူဇာ – ကျွန်တော်တို့ အသင်းမှာ ရှင်းစရာ တွေ၊ သိမ်းစရာတွေရှိနေသေးလို့ "

" ကျွန်မက အသင်းအဖွဲ့တွေ ဘာတွေမဝင်ချင်လို့ မဝင်မိတာ၊ အနုပညာတော့စိတ်ဝင်စားပါတယ် "

" မဝင်လဲ နောက် အသင်းခန်းကို လာလည်ရင် ရပါတယ် ကျွန်တော်ရှိနေတတ်တယ် "

" ကျေးဇူးပါပဲ "

" သွားခွင့်ပြုပါဦး "

အားလုံးကိုပြုံးပြနှုတ်ဆက်ပြီး သူ ထွက်လာခဲ့၏။

ရင်ထဲမှာ တစ်စုံတစ်ခုပါလာသလိုခံစားရပြန်သည်။ နောက်ခိုင်းချန်ထားခဲ့ပါလျက် မြသူဇာ၏မျက်နှာက ဘယ့် အတွက် အမြင်မှာပေါ်နေရပြန်သည်မသိ။

သူ့အကြည့်က နှလုံးသားကိုထွင်းဖောက်သွားသလို ထင်မိပြန်သည်ပဲ။

* * *

www.burmeseclassic.com

(၅)

ရုံးဆင်းတော့ ရေမိုးချိုးပြီး စာဖတ်နေမိသည်။ စာဖတ်ရင်းဖြင့် အတွေးမှာ မြသူဇာနှင့် သူစပြီးရင်းနှီးခဲ့တာ တွေ အင်္ကျီတွေးရောက်တော့ စာအုပ်ကိုဘေးမှာ မှောက်ထားမိ ပြန်၏။ ခဏအကြာမှာ ညီမလေးကထမင်းစားဖို့ ခေါ်သဖြင့် အခန်းထဲမှ ထွက်လာခဲ့သည်။

"ပြန်ရောက်မှ သားနဲ့ တစ်ခါမှမတွေ့ရသေးဘူး ပြောတယ်။ မနေ့က ညနေ သူထိုင်စောင့်နေတာ တော်တော် ကြာတယ်ကွယ့်"

ထမင်းဝိုင်းမှာမေမေက မြသူဇာအကြောင်း စကားစပြန်သည်။ အရင်ကပင် အိမ်ကိုဝင်ထွက်နေခဲ့ သူမို့ မြသူဇာ က

www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံးနှင့် ရင်းနှီးကျွမ်းဝင်နေသည်လေ။

"မမ မြသူဇာက ပိုတောင်ချောလာသေးတယ် ကိုကိုရဲ့"

သူ့ဘေးမှာရှိသော ညီမငယ်က ဟင်းလှမ်းခပ်ပေး ရင်း ပြောလိုက်သည်။

ဟင်းချိုကိုသောက်မည်ဟု လှမ်းခပ်ရင်းက မသောက် ဖြစ်ဘဲ ထမင်းပေါ်မှာဆမ်းလိုက် မိပြန်၏။

ဘာမှတော့ ပြန်မပြောလိုက်မိ။

မြသူဇာကိုသူသတိရနေရင်းထာကိုအားတောင့် အားနာ ဖြစ်နေရပြန်သည်။ တကယ်ဆို မြသူဇာနှင့် သူက ဘာမှ ဆိုင်တော့ သည်မဟုတ်။ မြသူဇာနှင့် ပတ်သက်ခဲ့သည့် အတွေးစတို့ သူ့ အတွေးမှာ ဝင်ရောက်လာစရာ မလိုတော့ သည့်အချိန်။

ဘာကြောင့် မြသူဇာနှင့် ပတ်သက်ခဲ့သမျှကို သူ မေ့မ ရနိုင်ခဲ့ပြန်တာလဲ။

ထမင်းဝိုင်းမှ ထလာတော့လည်း စာဆက်ဖတ်ဦး မည်ဟု မေမေ့ကို ပြောကာ သူ အခန်းထဲ ဝင်ခဲ့မိပြန်သည်။

အိပ်ရာပေါ်မှာ ပက်လက်လှန်ရင်း စီးကရက် တစ်လိပ် ကိုဖွာ၏။

မီးခိုးငွေ့တွေကြားမှာ မြသူဇာနှင့် ဆက်နွယ်ခဲ့သော အဖြစ်တို့က ဝေ့ဝဲပေါ်လာပြန်ပါရောလား။

* * *

(၆)

"မြသူဇာက စံရိ[illegible]မ်မှ အပြင်ဆောင်မှာနေတာ မှန်ာ့"

မြသူဇာတို့ ကင်းတင်းမှအထွက်မှာ သန်းဝေနှင့် အတူ ကင်းတင်းဆင်းလာခဲ့သော သူ မြသူဇာကို လှမ်းမြင် သည်။ မြသူဇာ ရှေ့မှာ သူရပ်ရင်း သူ့ကို ပြုံးပြနှုတ်ဆက်နေ သည့် မြသူဇာကို သူမေးလိုက်၏။

"ဟုတ်ပါတယ် – ကိုကျော်ခေါင်စိုး ဘယ်လိုသိနေလဲ"

စက်မှုတက္ကသိုလ်မှ အပြင်ဆောင်နေသည့် ကျောင်းသူ ကျောင်းသားအများစုမှာ ကြို့ကုန်းတစ်ဝိုက်က အဆောင် တွေမှာ သာ အနေများသည်။ ထူးထူးခြားခြား စံရိပ်ငြိမ်မှာ လာငှားနေ သည့်သူ့ အဆောင်ကိုသိတော့ မြသူဇာ အံ့သြ ဟန်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကျေနပ်စွာ ပြုံးလိုက်မိ၏။ ဘာမှတော့ ပြန်မဖြေမိ။

" ကျွန်တော် အဲဒီ အဆောင် ကို သိတယ် မြသူဇာ၊ လာလည်လို့ရော ရမလားဟင် "

သူ အရဲစွန့်ပြီးမေးလိုက်မိသည်။

" အင်း . . . ရပါတယ် "

အားတုံ့အားနာပြန်ဖြေသည့်စကားဟု နားလည် ရင်း သိပ်မကျေနပ်မိ။

" သွားတော့မယ်နော် "

ဟု နှုတ်ဆက်ရင်း မြသူဇာ ခြေလှမ်းပြင်သည်။ သူ ခေါင်းညိတ်ပြပြီး အကြည့်ကိုဝေ့လိုက်တော့ သန်းဇေက ဆိုင်ထဲက စားပွဲတစ်လုံးမှာထိုင်ပြီး ထမင်းကြော်မှာနေတာ မြင်၏။

မြသူဇာ သူ့ကိုကျောခိုင်းထွက် သွားသည် အထိ သူ မြသူဇာ၏ နောက်ကျောကိုငေးနေမိဆဲ။

" ဩော် . . . မေးမလို့ မေ့နေလို့ "

ခြေတစ်လှမ်းနှစ်လှမ်းလှမ်းပြီးမှ မြသူဇာ နောက်ပြန် လှည့်ရင်း သူ့ကိုပြုံးကြည့်ကာပြောသည်။ ဆိုင်ထဲဝင်တော့မည် ပြင်ခိုက် မြသူဇာ၏ အသံကြောင့် ခြေလှမ်းတုံ့ကာ အကြည့်ဆုံဖြစ် ပြန်၏။

" မေး . . . မြသူဇာ ဘာလဲ "

မြသူဇာ သူ့ အနားအထိ ပြန်ရောက်လာရင်း မျက်နှာ



ချင်းဆိုင်သည်။

" ကျွန်တော် ဘာကူညီရမလဲပြောလေ မြသူဇာ "

ပျာပျာသလဲ ဖြစ်သွားပြီဆိုသောအသိဖြင့် သူလိပ် ပြာမလုံချင်။ မြသူဇာက ချက်ချင်းမပြောသေးဘဲ သူ့ကို လှပစွာ ပြုံးရင်းကြည့်သည်။ ပြီးမှ . . .

" ကိုကျော်ခေါင်စိုး ပတ္တလားရောတီးတတ်သလား ဟင် "

ဟု မေးလိုက်၏။ သူမျှော်လင့်မထားသည့် အမေးမို့ ရုတ်တရက်တော့ အံ့ဩသွားမိသေးသည်။

" အင်း . . . နည်းနည်းပါးပါးတော့ရပါတယ်။ စန္ဒရား လိုပဲပေါ့ "

အမှန်တော့ ပတ္တလားရော၊ စန္ဒရားပါ သူငယ်စဉ် ကတည်းက ဆရာနှင့် စနစ်တကျ သင်ကြားခဲ့ပြီး ကျွမ်းကျင် စွာ တီး ခတ်နိုင်ရန် ဝါသနာကြီးစွာ လေ့ကျင့်ခဲ့ဖူးသည်ပဲ။

" ဟာ . . . စန္ဒရားလိုတီးတတ်မှတော့ ဘယ်နည်းနည်း ပါးပါးဟုတ်ပါ့မလဲ "

ဟု မြသူဇာက ရယ်ပြော ပြောသည်။

" ကျွန်တော်ဘာကူညီရမလဲ ပြောလေ မြသူဇာ ဘယ်ပွဲ လိုက်တီးပေးရမလဲ "

တကယ်တော့ မွေးနေ့ပွဲ၊ ဘာပွဲ ပွဲအတော်များများ မင်

www.burmeseclassic.com

www.burmeseclassic.com



သူလိုက်တီးပေးနေကျမို့ ကူညီချင်အားကြီးပြီးမေး လိုက်မိပြန်၏။ မြသူဇာက ပြုံး၍ ခေါင်းခါယမ်းပြသည်။

" မဟုတ်ဘူး ကိုကျော်ခေါင်စိုး သူဇာ သင်ချင်တာ ပါ "

" သူဇာ့ကို ပတ္တလားသင်ပေးလို့ရမလား ဟင် "

သူဘယ်လိုမှ မျှော်လင့်မထားမိသောစကားမို့ အံ့သြစိတ်ဖြစ်မိသည်။ အံ့သြစိတ်နှင့်အတူ ရင်ထဲမှာ ကြည်နူးကျေနပ်စိတ်က ဝင်လာပြန်၏။

" ဟာ . . . ရတာပေါ့ မြသူဇာ၊ ကျွန်တော် တတ်သလောက်တော့ သင်ပေးမှာပေါ့ "

" ကျွန်မက အနုပညာအသင်းဝင်မဟုတ်ဘဲ အသင်းခန်းမှာ လာသင်ရင်ကော ရလားဟင် "

" ရတယ် . . မြသူဇာ၊ ပတ္တလားသင်တန်း စာရင်းထဲမှာ လျှောက်လွှာဖြည့်ပြီး ကျွန်တော် ထည့်ပေးမယ်။ မြသူဇာ သင်ဖြစ်ဖို့ပဲ အရေးကြီး ပါတယ်"

" ဒါဆို ကျေးဇူးပဲ ကျွန်မ တကယ်သင်မှာပါ။ မနက်ဖြန်ညနေ အသင်းခန်းကို ကျွန်မလာခဲ့ ပါ့မယ်။ ကိုကျော်ခေါင်စိုး ရှိနေမလား "

သူပြုံးသည်။ ပြီးမှ . . .

" ကျွန်တော်က စာသင်ချိန်ကလွဲရင် အသင်းခန်း မှာပဲ အချိန်ကုန်တာပါ။ စန္ဒရားရော၊ ပတ္တလား သင်တန်းပါ



သင်တန်းဆရာလဲ ကျွန်တော်ပဲလေ – "

" ဩော် "

မြသူဇာပြုံးရင်းကြည့်သည်။

" ဒါဆို ကျွန်မသွားမယ်နော် "

အကြည့်ဆုံးရင်း သူခေါင်းအညိတ်မှာ သူ့ရှေ့မှ ထွက်သွားသည်။

မနက်ဖြန်ညနေကိုတွေးရင်း ရင်တွင်းမှာ ကြည်နူးမှုဖြင့်လှုပ်ခတ်နေမိတာ ဘာသာအသိဆုံးပင်။

" မင်းတို့ကလဲ ငယ်ပေါင်းကြီးဖော်ကြနေတာပဲ၊ စကားလက်ဆုံကျနေလိုက်ကြတာ "

စားပွဲနားရောက်လာသည့်သူ့ကို သန်းဝေပြောသည်။ သူ့အတွေးနှင့်သူမို့ သန်းဝေကို ဘာမှပြန်မပြောမိဘဲ စားပွဲမှာ ဝင်ထိုင်သည်။ ပြီးတော့ စားပွဲပေါ်မှ ခွက်တလေး ထဲမှာ ထိုးစိုက်ထားသည့် တူတစ်စုံကိုလှမ်းယူလိုက်၏။ တူတစ်ချောင်းစီကိုကိုင်ရင်း စားပွဲကို သူက ဒရမ်တီးသလို ခေါက်နေလိုက်တော့ မင်းရူးသွားပြီလားကျော်ခေါင်ဟု သန်းဝေက မေးရင်း နားမလည်သလိုကြည့်နေပြန်သည်။

အပျော်တို့က ထိန်းချုပ်နိုင်မှုကို ဖွဲ့ခြွေလေပြီလား။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၇)

မျက်လှာကိုပင့်အကြည့်မှာ ရင်ထဲက ယောက်ယက်ခတ်သည်။ ထိန်းချုပ်နိုင်စွမ်းရှိပြီဟုထင်ခဲ့သော ရင်သည် အတိုင်းမသိ တုန်လှုပ်ရပြန်၏။ သူဇာဟုနှုတ်မှ ထွက်သွားသော်လည်း တိုးလျှလွန်း၍ ကြားလိုက်နိုင်မည်ဟု မထင်။ လှမ်း၍ပြုံးပြလိုက်စဉ်မှာပင် နေရာမှ သူထရပ်မိ ပြီးဖြစ်နေသည်။ ဘေးမှ သန်းဝေစားပွဲကို မျက်စိအဝေ့မှာ သန်းဝေကိုမတွေ့ရ။ တော်သေးတာမဲ့ဟုတွေးမိစဉ်မှာပင် သူ့စားပွဲအနီးသို့ မြသူဇာရောက်လာသည်။

"တွေ့မှတွေ့ပါ့မလားလို့"

ဟုပြုံးရင်း မြသူဇာက ပြောသည်။

ရှေ့မှာရှိနေသောဖိုင်ကို စားပွဲထောင့်စွန်းသို့ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



မဲ့ သက်သက် ရွှေ့ထားလိုက်မိပြန်၏။

" သူဇာကိစ္စရှိလို့လား၊ လာလေ . . . လက်ဖက်ရည် သွားသောက်ရအောင် "

ဝိုင်းကြည့်နေသည့် မျက်လုံးပေါင်းများစွာမှ လွတ်မြောက်စေရန် လက်ဖက်ရည်ဆိုင်သွားဖို့ စိတ်ကူးရ သည်။

" ဘာလဲ . . . သူဇာ့ကို ထိုင်ခွင့်တောင် မပေးနိုင်တော့ဘူးလား "

" မဟုတ်ပါဘူး၊ ကိုယ်လဲ လက်ဘက်ရည်မသောက်ရသေးလို့ပါ "

" အင်း . . . ကောင်းသားပဲလေ . . "

သူဇာရှေ့မှ သူလှမ်းထွက်လိုက်သည်။ လှေကား ရှိသော ထောင့်စွန်းဆီရောက်အောင်လျှောက်ရသောခြေ အစုံသည် လေးလံလွန်းလှ၏။ လှေကားအဆင်းမှာ သူဇာက သူ့ကိုမီအောင် လျှောက်ရင်း ဘေးချင်းယှဉ်၍ဆင်းသည်။

" နည်းနည်းဝလာတယ်နော် "

ရင်းနှီးကျွမ်းဝင်ခဲ့သော ကိုယ်သင်းနံ့ပါသည့် အမွှေးနံ့သာကိုသတိထားလိုက်မိပြန်သည်။

" စိတ်ချမ်းသာလို့ထင်ပါတယ် "

ပြောပြီး မြသူဇာကို ဘာ့ကြောင့် ငဲ့ကြည့်လိုက်မိသည် မသိ။ မြသူဇာက သူ့စကားအဓိပ္ပါယ်ကို ဘယ်သို့ကောက် သည်ဟု



မတွေးတတ်၊ ခေါင်းငုံ့သွားသည်။

" ဟော "

ရင်ထဲမှာ ဒိတ်ခနဲအသံမြည်သည်။

" လာကွာ သန်းဝေ၊ လက်ဖက်ရည်ဆိုင်လိုက်ခဲ့ပါလား "

တက်လာသည့်သန်းဝေကို ဘွားခနဲ အတွေ့မှာ အနေရခက်သွားသည်။ မျက်နှာကို ကပျာကယာပြင်ရင်း လက်ဖက်ရည်ဆိုင်လိုက်ဖို့ ခေါ်မိပြန်၏။

" မြသူဇာ ဘယ်တုန်းက ပြန်ရောက်လဲ "

သူ့ကိုမကြည့်ဘဲ သန်းဝေက မြသူဇာကို ကြည့်ရင်း မေးသည်။

" တစ်ပတ်လောက်ရှိပြီ ကိုသန်းဝေ "

" လာကွာ လိုက်ခဲ့ပါ "

သန်းဝေပခုံးပေါ်ကိုလက်တင်ရင်း သူထပ်ခေါ် သည်။

" သွားကွာ၊ မလိုက်တော့ဘူး၊ ငါအခုပဲသောက်ပြီး ပြန်လာတာ၊ နောက်ပြီး အလုပ်လဲရှိနေသေး တယ်၊ သွားမယ် မြသူဇာ "

" ဟုတ်ကဲ့ "

ဟု မြသူဇာကပြောရင်း ခေါင်းညိတ်ပြ၏။ ပြီးတော့ သန်းဝေရုံးပေါ်သို့ ဆက်တက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



" ကိုသန်းဝေတို့က သူဇာ့ကို ကျေနပ်ကြမှာ မဟုတ်ဘူး နော် . . "

ရုံးရှေ့အရောက်မှာ သူဇာကပြောသည်။ တစ်စုံ တစ်ရာ ပြန်ပြောမည်ဟု သူဇာ့ဘက်လှည့်ကြည့်မိသော်လည်း ဘာမှ မပြော ဖြစ်လိုက် ။

" သူဇာ့မှာကားပါတယ်၊ ဘယ်သွားကြမလဲ "

သူဇာ့ မျက်နှာကိုကြည့်လိုက်သည်၊ ပြီးတော့ . . .

" ကိုယ်မအားဘူးသူဇာ "

ဟု နှုတ်ကထွက်သွားသည်။

အသံကမာဆတ်ဆတ်နေမည်လားမသိ။ သူဇာက သူ့မျက်နှာဆီမော့ကြည့်လာသည်။

" သူဇာ့ကို သူငယ်ချင်းတစ်ယောက်လိုတော့ ဆက်ဆံ သင့်ပါတယ်ကွယ် . . . "

အသံက တိုးညင်းလွန်းသည်။

" ဘယ်လဲဗျ "

မျက်နှာချင်းဆိုင်မှလာသည့် ကိုဘမြင့်က သူ့ကိုလှမ်း၍နှုတ်ဆက်ပြန်သည်။

ပတ်ဝန်းကျင်မှာတော့အသိတွေက တစ်ယောက်ပြီး တစ်ယောက်တွေ့နေ့တော့မှာပဲဟု တွေးမိပြန်သည်။

" သွားလေ . . . သူဇာ ကြိုက်တဲ့နေရာသာသွား ပါ "



ပြောရင်းရပ်ထားလိုက်သည့် သူဇာ၏ ကားဆီသို့ လျှောက်သွားဖြစ်သည်။ ကားခေါင်းကိုကွေ့ပတ်၍သွားပြီး တံခါး ဖွင့်ဝင်ထိုင်လိုက်၏။ သူရပ်နေရာဘက်မှ တံခါးကိုဖွင့် ပေးလိုက်စဉ် ကားထဲသို့ ဝင်ထိုင်လိုက်၏။

ကားမှန်တံခါးကိုသူဖွင့်ပြီးချိန်မှာ ကားဘီးစလိမ့် သည်။ အကြည့်ကို ရှေ့တူရူမှာထားလိုက်၏။

ကားရှေ့မှာ ချိတ်ထားသည့်မိန်းမလှ အရုပ်ကလေး သည် ယခင်ကအရုပ်ကလေးမဟုတ်တော့ပါလားဟုသတိထားလိုက်မိသည်။

ကားမောင်းရင်းသူ့ကိုတစ်ချက်လှည့်ကြည့်ကာ စကား မဆိုဘဲ သူဇာက သက်ပြင်းချ၏။

သက်ပြင်းချသံကို ကျယ်လောင်စွာကြားရစဉ်၌ ရင်သည် နင့်ခနဲဖြစ်ရပြန်၏။ အတွေးတို့က ဟိုးရှေးရှေးက အဖြစ်တွေဆီ ပြန်ရောက်သွားပြန်ပြီကော . . . .

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## (၈)

အလှပဆုံးညနေခင်းကလေးများသည် သူတွယ်မက်ကျင်လည်ခဲ့ရာ အနုပညာအသင်း အခန်းကလေး၌ ရှိနေနိုင်လိမ့်မည်ဟု သူဘယ်တုန်းကမှ မတွေးခဲ့မိ။ အခန်းကလေး သည် မြသူဇာ ရောက်လာကတည်းက ပို၍ လှပတွယ်မက် စရာကောင်းနေသည်ဟု သူထင်ခဲ့ပြန်သည်ပဲ။

ပတ္တလားရွက်ကလေးတွေပေါ်မှာ လူပ်ရှားနေသည့် ချစ်စရာ လှပသော လက်ချောင်းကလေးများကို သူ ငေးစိုက်ကြည့်နေမိပြန်၏။

" . . . သီတာ x x မြသား . . ကြာ . . ကြာ . . ကြာ
. . ငါးပါး . . ကမ်းနား . . ကမ်းနား . . ဝန်းကျင်

www.burmeseclassic.com

www.burmeseclassic.com



. . ငွေသဲပြင် . . လေတည့်မှ . . ပျော်တည့်
ပျော်ချင်ဖွယ် . . ''

ပတ္တလားသံ သီးချင်းသံကြောင့် သူ့အာရုံ၌ လှပသော ရေကန်ကြီးကို မြင်လာသလို။ ကြာမျိုးငါးပါး၏ ရနံ့က သင်းပျံ့ကြိုင်လှိုင်လာသလို ။

“ မြစ်တွေး . . မြစ်တွေး . . စင်ရော် . . မြူးတည့် . .
မြူးစံပျော် . . ”

ပတ္တလားသံ ရုတ်တရက် ရပ်သွားသည်။

မြသူဇာက လက်မှ ပတ္တလားလက်ခတ်ကလေး များကို စိတ်ပျက် လက်ပျက် လွှတ်ချလိုက်၏။

“ သူဇာ . . ဒီနေရာရောက်ရင် အမြဲမှားနေတယ်
သင့်လို့ဖြစ်ပါဦးမလား ကိုကျော်ခေါင်စိုးရယ် ”

ဟု ညည်းညည်းညူညူပြောလိုက်ပြန်သည်။

“ ဟာ ဘာလို့မဖြစ်ရမှာလဲ ”

သူကပျာပျာသလဲ ပြန်ပြောလိုက်မိပြန်၏။ မြသူဇာ စိတ်ပျက်ပြီး ဆက်မသင်တော့မှာ သူအကြောက်အဆုံးပင်။

“ သင်ခါစဆို ဒီလိုချည်းပါပဲ မြသူဇာရယ်။ မြသူဇာ က
အများကြီးတော်ပါသေးတယ်။ စိတ်မပျက်ပါ နဲ့ဗျာ၊
ဖြည်းဖြည်းချင်းသင်ရင် ဘာလို့မတတ် ရမှာလဲ
အချိန်တွေ အများကြီး ရှိတာပဲဟာ”



မြသူဇာထံမှ သက်ပြင်းချသံကို သူကြားရပြန်သည်။ မြသူဇာ၏ ဖြူနုသောနဖူးမှာ စီနေသည့် ချွေးဥကလေး တွေ၏ သူ့အကြည့် ရောက်နေမိပြန်သည်။

“ မြသူဇာမှာ ဝမ်းတွင်းစည်းလဲရှိနေတာပဲဗျာ စိတ် မပျက်
ပါနဲ့။ သီချင်းဆိုတာတောင် ပထမ ရထားသေးတာပဲ”

သူအားပေးစကားဆိုပြန်သည်။

“ကျွန်မ ကိုကျော်ခေါင်စိုးကို အရမ်းအားနာလာ ပြီ။
ကျွန်မအတွက် ညနေတိုင်းအချိန်ပေးနေရ တာ ”

ခင်ဝထားညိုတို့ မြမြတို့ဦးတို့ သန်းဝေတို့က သူ့ကို မစောင့်တော့ဘဲ ကင်းတင်းသို့ ကြပြီ။ သူကသာ မြသူဇာကို စောင့်ရင်း အခန်းထဲမှာ ကျန်ခဲ့ရစမြဲ။

“ ကျွန်တော့်ကို ဘာမှ အားနာစရာမရှိဘူး မြသူဇာ
အရင်တုန်းကလဲ ကျွန်တော် ဒီလိုနေနေခဲ့တာပဲ။ အခု
မှသာ။ စန္ဒရားရော၊ ပတ္တလားပါ သင်တန်း တက်မယ့်
သူ မရှိသေးလို့ပါ ”

တည်ငြိမ်သည့်မျက်နှာပေါ်မှ ရုတ်တရက်ဖြတ်ပြေး သွားသည်ထင်ရသော အရိပ်ကလေးတစ်ခုကို သူက ခဲခဲ ယဉ်းယဉ်း ဖမ်းလိုက်နိုင်ပြီထင်၏။ မြသူဇာ၏ မျက်နှာ ပေါ်မှာ ကျေနပ်ရိပ် သူတွေ့ပြီပဲ တွေးကာ ကြည်နူးနေမိပြန် သည်ပဲ။

“ ကဲ . . . ကျွန်မပြန်မယ် ကိုကျော်ခေါင်စိုး ”

www.burmeseclassic.com

www.burmeseclassic.com



နာရီကို ကြည့်ရင်း ထရပ်သည်။ လွယ်အိတ်ထားသည့်နေရာသွားပြီး လွယ်အိတ်ကို ယူ၏။

" ကျွန်တော်လိုက်ပို့ပေးမယ်လေ "

" ရတယ် ကိုကျော်ခေါင်စိုး "

ပြောပြီးထုံးစံအတိုင်းပင် အခန်းထဲမှ ထွက်သွားသူ၏နောက်ကျောကို ငေးကြည့်နေမိပြန်၏။နောက်နေ့ညနေမှပြန်တွေ့ရတော့မှာပါလားဟုကုန်ဆုံးသွားသည့်ညနေကိုတမ်းမက်နှမြောနေမိပြန်သေးသည်။

" ကိုကျော်ခေါင်စိုး "

သူကျောပေးလိုက်စဉ် နောက်မှ ခေါ်သံကြောင့်ရုတ်တရက်လှည့်ကြည့်မိပြန်၏။အခန်းဝပြန်ရောက်လာသည့်မြသူဇာကိုတွေ့တော့ အံ့သြပြန်သည်။

" ဘာကျန်ခဲ့လို့လဲ မြသူဇာ "

" ဟင့်အင်း . . မကျန်ခဲ့ဘူး "

သူ . . . မြသူဇာ မျက်နှာကို နားမလည်သလိုစူးစိုက်ကြည့် နေမိဆဲ၊

" မနက်ဖြန်ကျရင် ကျွန်မကျောင်းမတက်ဘူး ကိုကျော်ခေါင်စိုး "

" ဒါဆို "



ညနေသင်တန်းမလာတော့မှာတွေးပူရင်း နှုတ်ကထွက်သည်။

" ကျွန်မ ပတ္တလားတော့လာသင်မှာပါ။ ညနေ ကျွန်မအဆောင်မှာရှိမယ်လေ ကိုကျော်ခေါင်စိုး အားရင်လာခေါ်မလား "

" ကျွန်တော်လာခေါ်မယ်လေ "

" အဲဒါ ပြောဖို့ မေ့နေလို့ "

ပြောပြီး ချာခနဲလှည့်ထွက်သွားတော့၏။

မြသူဇာ သူ့ကို ရူးအောင်လုပ်နေပြီတဲ့လားကွယ်။

မနက်ဖြန်ညနေသည် အတွေးဖြင့်လှနေ၍ သူ့ရင်မှာတလှပ်လှပ် အခုန်မြန်ချင်ပြန်၏။

ခင်ထားညိုတို့ သိရင်တော့ သူ့ကို ကျိန်ဆဲဦးမှာဟုတွေးရင်း ရယ်ချင်နေပြန်သည်။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

(၉)

" သူဇာ့စက်ရုံကို သွားမှာလား၊ သူဇာအနားယူပြန်ဆင်းပြီလား "

မြသူဇာက ကားမောင်းနေရင်း ခေါင်းညိတ်ပြသည်။

" သူဇာအချိန်ရပါတယ် စက်ရုံမှူးကို သူဇာပြောခဲ့ပါတယ်။ ကိစ္စမပြီးရင် သူဇာနေ့ဝက်ခွင့် တင်မယ်လို့ ပြောခဲ့တယ်လေ. . ကို အားရဲ့လား ဟင် "

ရှေ့ကို တူရူကြည့်ရင်းမှ မြသူဇာပြောသည်။

" အင်း . . . ရပါတယ် "

နုတ်ကထွက်သွားပြီးမှ မအားဘူးဟု ဘာကြောင့် မျှော်ပြောမထွက်ဖြစ်လိုက်သည်ကို ဘာသာ အံ့သြနေမိပြန်၏။ ကိုတို့လို

www.burmeseclassic.com

www.burmeseclassic.com



ရုံးချုပ်က အင်ဂျင်နီယာတွေက သူဇာတို့ စက်ရုံက အင်ဂျင်နီယာတွေလောက် အလုပ်မရှုပ်ပါဘူး ဆိုသည့် ဟိုစဉ်က သူဇာ၏ စကားကို ပြန်ကြားယောင်ရင်း ပြုံးမိပြန်သည်။

" သူဇာ ဘယ်ကိုသွားမှာလဲ "

" ဘာလဲ ကားတင်ပြေးနေတယ် ထင်လို့လား ကို "

သူ့ကို ငုံ့စောင်းကြည့်ရင်းခပ်ပြုံးပြုံးပြောကာ သူဇာ နောက်သည်။ ပြီးတော့သူဇာရယ်နေစဉ် သူက ပြုံးရုံသာ ပြုံးမိပြန်၏။ သူဇာ၏ အရယ်သည် အပျော်ရယ်မဟုတ်မှန်း လည်းသိလိုက်ပါသည်။ သူဇာ သူ့ကို ခနဲ့စကားဆိုနေသည်ဟု လည်းနားလည်လိုက်ပါသည်။

" ကျောင်းထဲသွားရအောင် ကိုရယ် . . .
အလွမ်းပြေပေါ့ "

ခဏကြာတော့ မျက်နှာညှိုးသွားရင်း စကားအတည်ပြောလိုက်ပြန်၏။

အလွမ်းပြေပေါ့တဲ့ . . . ။

အလွမ်းပြေဆိုသည့် စကားက မြားအစင်း အရာအထောင်မက ရင်ကို စူးစိုက်နစ်ဝင်ပြန်စေသည်ပဲ။ သူ လွမ်းနေဆဲပါလားဆိုသည့် အသိဖြင့် ကျွမ်းမြည့်စွာ ခံစား လိုက်ရပြန်သည်လေ။

" ကို ဘာတွေ တွေးနေလဲဟင် "



ငုံ့စောင်းရင်း မြသူဇာက မေး၏။ ကျောင်းဝန်း အဝင်ဝကို ကားတဦးတည်နေလေပြီ။

သူ ဘာမှ ပြန်မဖြေမိ ။

" ကို . . အတွေးထဲမှာ အရင်ကလိုပဲ သူဇာရှိ နေရင် ကောင်းမှာပဲနော် "

စကားအဆုံးမှာ မျက်လုံးကို စုံမှိတ်လိုက်မိပြန်၏ ။

မျက်လုံးမှိတ်ထားသည့်ကြားမှ ဟိုယခင်အဖြစ်တို့ က အာရုံမှာ အထင်းသား ပေါ်လာပြန်သည်ပဲ။

အတိတ်ဆိုတာကလည်း ရင်ထဲမှာ ဆူးပမာ စူးနစ်ကျန်ရှိနေဆဲလေ။

★　★　★

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

"နှစ်ကိုယ်သစ္စာ X X X"

ပတ္တလားကို သူ တိုးတိုးဖွဖွလေးတီးနေမိပြန်သည်။ မြသူဇာကိုလှမ်းကြည့်ရင်း ရင်သည်ကြည်နူးမှုဖြင့် အရိုက် အခတ်ဖြင့် ဆတ်ဆတ်ခါနေသယောင်။ ချစ်သူ၏ မျက်ဝန်း အစုံ၏အသံမဲ့စကားသည် အသိမ်မွေ့ဆုံးအသံဖြင့် နှလုံးသား ကိုကြား စေပြန်၏။ ထိုခဏ၌ ကမ္ဘာလောကသည် အလှပဆုံး၊ အငြိမ်းချမ်းဆုံးဖြစ်နေပေမည်။ စမ်းတို့အေး၍ ပန်းတို့ မွှေးကာ ငှက်တေးသံတို့ ချိုမြိန်နေလေမည်။ ထာဝရ ဟန်ဆောင်နေတတ်သည့် မြသူဇာ၏မျက်နှာ၌ ယဉ်ပန် ကင်းမဲ့စွာ ကဗျာတစ်ပုဒ်ကို သူဖတ်ခွင့် ရနေသည့်နှယ်။ ထိုကဗျာက သူ့ရင်မှာ ခံစားမှုများစွာအား မွေးဖွားစေခဲ့ ပြန်သည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



မြသူဇာသို့ကိုလှမ်းကြည့်တာနှင့် အကြည့်ဆုံသွားမိပြန်၏။ သူ့နှုတ်ခမ်းသည် အလိုလိုပြုံးမိလျက်သားဖြစ်သွားပြန်၏။ မြသူဇာက နှုတ်ခမ်းတွန့်ရုံမျှ ပြုံးပြရင်း ခေါင်းကို ရုတ်ခြည်းငုံ့လိုက်တာမြင်ပြန်သည်။ ရင်သည် နွေးခနဲဖြစ် လျက်ပင့်သက်ကိုအလိုလို ချလိုက်မိတာဘာကြောင့်ရယ် မသိ။

ဘယ်အထိနစ်မျောနေသည်ဟု ဘာသာသတိမထားလိုက်မိချိန်မှ အခန်းဝဆီ လူတစ်ယောက်လာရပ်တာ သူ လှမ်းမြင်လိုက်၏။ သူ သတိထားလိုက်မိချိန်မှာ ထိုသူသည် ကျောခိုင်းပြန်လှည့်ထွက်သွားပြီးသားဖြစ်နေလျက်၊မည်းနက် ရှည်လျားသည့်ဆံစတို့ကိုသာ တွေ့လိုက်နိုင်တော့သည်။

သည်အခန်းကို လာလေ့လာထရှိသူတွေထဲမှာ ဆံပင်ဖားလျား နက်မှောင်ကို ပိုင်ဆိုင်သည်က ခင်ထားညိုမှတစ်ပါး မရှိ။ ခင်ထားညို သူတို့နှစ်ယောက်၏မျက်နှာတွေကို အသေ အချာတွေ့သွားမှာပဲဟု တွေးမိပြန်၏။ခေါင်းငုံ့ထားသည့် မြသူဇာကတော့ ခင်ထားညိုကို ဘေးတိုက်အနေအထားပေ မယ့် မြင်ဟန်မတူ။

ထိုညနေသည်လည်း ရင်၌ စွဲမြဲဆွေးမြည့်၍ မမေ့နိုင်စရာထာဝရဖြစ်စေခဲ့သည့် ညနေတစ်ခုဖြစ်ခဲ့ပြန်သည်။

မြသူဇာကို ပတ္တလားသင်ရင်း မြသူဇာ၏ လက်ဖျားကလေးတွေအား သူ ဖွဖွဆုပ်ကိုင်ထားမိချိန်ကပင် နှစ်ဦးစလုံး



၏ရင်ကို အခုန်မြန်စေပြန်၏။

" နှစ်ကိုယ်သစ္စာ ×. . . × . . . × "

အသံသည် လှိုက်မောတုန်ယင်နေသည်လားမသိ။

★　★　★

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

" ဒီစားပွဲမှာ ကိုတို့၊ ကိုသန်းဝေတို့ အုပ်စု အမြဲထိုင်နေတတ်တယ်နော် "

အောင်သိပွဲဆိုင်ထဲအဝင်မှာ ရှေ့ဘက်တန်း ညာဘက်ထောင့်ဆုံးစားပွဲကို ကြည့်ရင်း မြသူဇာပြောသည်။

" အဲဒီမှာပဲ ထိုင်ရအောင်နော် "

ထိုစားပွဲဆီကိုလျှောက်ပြီး မျက်နှာချင်းဆိုင် ထိုင်မိဆဲခဏတွင် ယခင်ကထိုင်ခဲ့ဖူးသည်များကို အမှတ်တရ ရှိလာ ပြန်၏။

ထိုစားပွဲမှာထိုင်ရင်းမှ ကပ်လျက်ရှိနွေး အေးဆိုင်ကို သူဇာတို့အုပ်စုလာတတ်ပုံ၊ သွားပြီးစကားပြောခဲ့ပုံတွေ ပြန်မြင်ယောင်သည်။ နောက် ချစ်သူဘဝရောက်တော့ မြသူဇာက သူနှင့်

www.burmeseclassic.com

www.burmeseclassic.com



အတူ လိုက်ထိုင်ခဲ့ပုံတွေ အတွေးမှာ ပေါ်လာ၏။

" ထမင်းကြော် . . စားကြရအောင်နော် . . ကို "

ပြောပြီး ပသျှူးထမင်းကြော်နှစ်ပွဲကိုမှာလိုက်သည်။ ငရုတ်သီးစိမ်း စပ်စပ် အတောင့်လိုက်ထည့်ပြီးကြော်ပေးသည့် ထိုပသျှူးထမင်းကြော်ကို မြသူဇာနှင့် သူ . . သည် ဆိုင်မှာ စားနေကျပါလား။ မြသူဇာသည် အတိတ်ကအမှတ်တရ ကလေးများကို ဘာကြောင့်ပြန်တွေး တူးဖော်ကြည့်နေချင် ရပါသတဲ့လဲ . . .။

ဆိုင်ရှေ့မှပိတောက်ပင်ပျိုကိုငေးမောကြည့်မိဆဲ မြသူဇာက ထိုင်ရာမှထသွားသည်။ ပြန်အလာမှာ လက်ထဲမှ ငါးသုံးလုံး စီးကရက်ကို သူ့ရှေ့သို့ချပေး၏။ သူဇာ့ကို သူ မော့ကြည့်လိုက်မိပြန်သည်။

ဟိုယခင်က သည်ဆိုင်မှာထိုင်စဉ် မြသူဇာက သည်လိုပင် သူ့ကိုစီးကရက်ယူပေးနေကျပါလား။ ဘူးလိုက် မဟုတ်လျှင် အလိပ်လိုက်ယူပေးနေကျပင်။

" ကို "

" အင် "

" ကို . . . အားလုံးကိုမေ့ထားလိုက်ပြီလားကွယ်"

သူ ဘာမှပြန်မဖြေမိဘဲ၊ အကြည့်ကိုလွှဲကာ ရှေ့တူရူ အပင်ကြီးဖြစ်နေပြီဖြစ်သော ပိတောက်ပင်ဆီ ငေးသည်။ ပိတောက်တို့၏ ရွက်စိမ်းဖားဖားကို အကြည့်စူးစိုက် ထားမိ ၏၊



ပိတောက်ရွက်စိမ်းတွေကြားမှာ ခင်ထားညိုမျက်နှာကပေါ်လာပြန်ပြီပဲ ။

ဒီစားပွဲမှာက ခင်ထားညိုတို့ သန်းဝေတို့နှင့် အတူ သူအမြဲထိုင်နေကျလေ။

အတွေးသည် အတိတ်ဆီ ပြန်ရောက်သွားပြန်၏။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

စက်မှုတက္ကသိုလ်၏ ညနေခင်းသည် လှပလွန်းသည်ဟု မဆိုသာသော်ငြား အကျည်းတန်အရုပ်ဆိုးခြင်းကား မရှိဟု ဆိုရပါမည်။ ကဲင်းတင်းတွင် ကျောင်းချိန်လောက် လူမစည်သော်လည်း အဆောင်နေကျောင်းသူကျောင်းသား များဖြင့် ပြည့်နေတတ်စမြဲ။ ကဲင်းတင်းမှလှမ်းမြင်ရသော ဘောလုံး ကွင်းမှာလည်း ဘောလုံးကစားသူတို့ ညနေတိုင်းရှိ နေတတ်သည်လေ။

"မင်းကဘာယ်လိုလဲ ကျော်ခေါင်၊ ဒီနေ့ပတ္တာလား မသင်ရဘူးလား။ ပတ္တလားဆရာအလုပ် ပြုတ်သွားပြီလား"

စားပွဲဝိုင်းမှာ ခပ်ငူငူထိုင်နေသည့်သူ့ကို၊ သန်းဝေက လှမ်းမေးသည်။ မြသူဇာကို သတိရနေသည့်အတွေးစတို့ ဖြတ်ကာ သန်းဝေမျက်နှာဆီ သူလှမ်းကြည့်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



" မြသူဇာက သူ့အိမ်ကရောက်နေလို့တဲ့ကွ၊ ဒါကြောင့် ဒီညနေနားထားတာ "

သူ မြသူဇာကို သတိတရဖြစ်ရင်း ပြန်ပြောလိုက်၏။

" သိချင်းဆိုတော့ အတော်ကောင်းတာပဲ "

မောင်မောင်က ရေနွေးကြမ်းကိုငုံ့ရင်းပြော၏။

" ချစ်စရာလဲကောင်းပါတယ်ကွာ "

ဟု သူ ပြောလိုက်မိသည်။

" သူချစ်စရာကောင်းတာ မင်းကဘယ်လိုသိသလဲ "

ညီလတ်က သူ့ကိုကြည့်ရင်းမေးလိုက်တော့ သူက ဘာပြန်ဖြေရမည်ဟု ရုတ်ခြည်းမသိ။

" သူ ချစ်လို့နေမှာပေါ့ကွာ "

ဟု မောင်မောင်ကဝင်ပြောလိုက်သည်။ မောင်မောင် နှင့် ညီလတ်က ကျောင်းကပွဲမှာ အတွဲညီသည့် လူရွှင်တော် တွေ။

" နေပါဦး . . ငါမေးပါဦးမယ် "

သူ ဘာမှမပြောရသေးခင် ညီလတ်ကစကားဆက် သည်။ ဆေးလိပ်ဖွာရင်း စကားကိုရပ်ထားတော့ သူညီလတ်ကိုကြည့်နေမိပြန်၏။

" မင်းရဲ့ . . . မလယ်မဝယ် မတောက်တခေါက် ပတ္တလားပညာလေးနဲ့ ညနေခင်းပေါင်းများစွာ လွတ်လပ်မှု အဆုံးအရှုံးခံ၊ အဆောင်ထမင်း အငတ်ခံ



ပြီး ရင်းနှီးထားခဲ့ရတဲ့ အကျိုးအမြတ် အသီးအပွင့် ကဘာလဲ၊ အဲဒါ ငါတို့ကို ရှင်းရှင်း ပြောပါဦး "

ညီလတ်စကားအဆုံးမှာ မောင်မောင်ကလည်း . .

" ဟုတ်တယ် မင်းအခြေအနေဘယ်ရောက်ပြီလဲ . . ကဲ ရှင်းရှင်းပြောကွာ "

" ဘယ်မှမရောက်သေးပါဘူး၊ ဖြည်းဖြည်းပေါ့ကွာ။ ဖြည်းဖြည်းတော့ သူ ငါ့ကိုနားလည်လာမှာပါ "

သူ့ရင်ထဲကစကားကိုဆိုမိပြန်၏။

" ဘာလဲကျော်ခေါင် မဟာဂီတ တစ်အုပ်လုံးကုန်မှ မင်းကဖွင့်ပြောမှာလား။ မင်းတတ်တာကလဲ နှစ်ပုဒ် လောက်နဲ့မဟာဂီတတစ်အုပ်လုံးကုန်အောင်ဆိုရင်တော့ ဘယ်လို လုပ်ကြမလဲ "

မောင်မောင်က ဝင်နှောက်ပြန်သည်။

" ငါတကယ်မေးမယ်ကျော်ခေါင် "

သန်းဝေက သူ့ကိုကြည့်ရင်း စကားအတည်ပြော၏။

" ဘာလဲ မေးလေ "

" မင်း သူ့ကို တကယ်ချစ်နေတာလား "

သူ့မျက်နှာတင်းခနဲဖြစ်သည်။ သူ့ရင်ထဲမှာ ဖိုခနဲ ခံစား လိုက်ရ၏။

" ပြောလေကွာ "

www.burmeseclassic.com

www.burmeseclassic.com



ဟု ညီလတ်က ပခုံးချင်းတိုက်ကာ ထပ်လောင်း၏။

" ဟုတ်တယ် သန်းဝေ၊ ငါ မြသူဇာကို တကယ်ချစ် မိတာ"

" ဟာ . . . ငါ့ညီမတော့ဒုက္ခဖြစ်ပြီ "

မောင်မောင်က သူ့နဖူးကိုရိုက်ရင်း ထအော်၏။

" ဘာလဲကွ "

ဟု သန်းဝေကလှည့်ကြည့်ရင်း အသံထွက်သွား၏။

" ငါ့ညီမ ထားမွေလေ။ ခင်ထားညိုလေ "

ဟု မောင်မောင်ဆက်ပြောသည်။

" အေးကွာ "

ညီလတ်နှုတ်မှထွက်လာသည့်အသံသည် ခင်ထားညို အတွက် စိတ်မကောင်းသည့်အသံမျိုး။ ဒီတစ်ခါဒီကောင့် တွေ နေ့ခက်နေတာမဟုတ်ဟု သူအသိဆုံး။

သန်းဝေကတော့ မျက်နှာတည်ပြီး ဘာမှဝင်မပြောတော့။

" ထားဟာ အင်မတန် သနားစရာကောင်းတာ၊ ငါတို့ အနွံအတာလဲ အရမ်းခံတာ၊ ဒီကောင့်ကို စေတနာတွေ ပိုလိုက်ရတာ"

ညီလတ် ဆက်ပြောနေတာတွေက အမှန်တွေမို့ သူမျက်နှာ မထားတတ်။ မနေ့ညနေက အခန်းဝမှာလာရပ် ပြီး ဖျတ်ခနဲ လှည့်ပြန်သွားသည့် ထား၏ ဆံပင်ရှည်တွေက အာရုံမှာ ပေါ်လာ ပြန်သည်ပဲ။



" မနေ့က ဒီကောင်မလေးငါ့ကို စိတ်ကောက်သွား တယ်ကွ၊ မုန့်တွေဝယ်ပြီး ခဏထားခဲ့တုန်း ငါက အကုန် စားပစ်လိုက်လို့ "

" မင်း ရွဲ့ပြီးစားပစ်ချင်စရာပဲ၊ ဒီကောင်မလေးက မျိုမကျဘူးလေ။ ကျော်ခေါင့်ကို သွားခေါ်ကျွေးမယ် ပြောပြီး ထသွားတာ၊ မင်းကို လာမခေါ်ဘူး လား"

ညီလတ်အမေးမှာ သူခေါင်းကို ခါယမ်းပြလိုက် သည်။ ကွင်းဆက်ကို သူ ကောင်းကောင်းနားလည်သွားပြီပဲ။ သူ့ကိုမုန့်စား ဖို့လာခေါ်ရင်း လှည့်ပြန်သွားတဲ့ ခင်ထားညို။

" မုန့်တွေကလဲ ဟိုအကောင်က စားပစ် . ငါ့ဆီက သူ ချေးထားတဲ့ ပိုက်ဆံကလဲ ပြန်မရဆိုတော့၊ နောက်ဆုံး စရင်း စရင်း သူ့ခမျာငိုရောကွာ "

" မင်းတို့ကလဲ အစသန်တာပဲ "

ဟု သန်းဝေ ဝင်ပြောသည်။

ညီလတ်တို့ မောင်မောင်တို့ စလို့ ထား ငိုလိုက်ရတာ ဟု သူမယုံ။

ထား ဘာကြောင့် ငိုချင်ရတာကို သူသာအသိဆုံး။

သက်ပြင်းကို မသိမသာချလိုက်မိပြန်သည်ပဲ။

★　★　★

www.burmeseclassic.com

www.burmeseclassic.com

(၁၃)

လာချပေးသည့် ထမင်းကြော်နှစ်ပွဲသည် အငွေ့တထောင်းထောင်းထနေ၏။ ငွန်းနှင့်ခက်ယင်းကို ရေနွေး ဖြင့်ဆေးပြီး လက်သုတ်ပဝါဖြင့် သုတ်ကာ တစ်စုံကို သူ့ရှေ့မှာ ချပေးသည်။

" ဖြေလေကို "

" ဟင် . . ဘာဖြေရမှာလဲ "

အတိတ်ကို အတွေးရောက်သွားသဖြင့် မြသူဇာမေးတာကို သူမကြားတစ်ချက် ကြားတစ်ချက်။

" ကို . . အားလုံးကို မေ့ထားလိုက်ပြီလားလို့မေးတာ "

သူ့ကို ကြည့်ရင်း မြသူဇာက ထပ်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



" မေ့ထားရမယ် သူဇာ "။

အားယူပြီး သူပြောလိုက်၏။

" ကို . . သူဇာ့ကို စိတ်နာနေတာလား "

မေးပြီးစူးစိုက်ကြည့်နေပြန်သည်။

" ဒါတွေကို ဘာလို့ပြောနေကြတော့မှာလဲသူဇာရယ်၊ သူဇာ ကြိုက်တဲ့လမ်းကို သူဇာရွေးခဲ့ တာပဲ "

ငွန်းခက်ရင်းကို ကောက်ကိုင်ရင်းသူ့ဇာကို ကြည့်မိပြန်သည်။

" ဟုတ်ပါတယ်လေ . . သူဇာမှားခဲ့တာပါ "

သက်ပြင်းရှည်ချအပြီးမှာ သူဇာပြောသည်။

" မှားခဲ့တယ်လို့ ကိုယ် မစွပ်စွဲချင်ပါဘူး သူဇာ၊ ဒါပေမယ့် ကိုယ်နဲ့သူဇာနဲ့ တစ်ယောက်တစ်လမ်းစီဖြစ်နေကြ ပြီပဲ"

" မဟုတ်ဘူးကို၊ သူဇာကို့ကို ပြောချင်တာတွေ အများကြီးပဲ၊ ဒီမှာကို "

စကားဖြတ်ပြီး အကြည့်ကို သူ့မျက်နှာမှာ စူးစိုက်ထားသည်။ ခဏကြာ အကြည့်ဆုံပြီးမှ လေသံနှိမ့်လိုက်ရင်း

" သူဇာ ကို့ကို ချစ်တယ်ဆိုတာကို ယုံရဲ့လား "

" ကိုယ်တို့ ဒါတွေ မပြောဘဲနေကြရအောင်ပါ သူဇာ"

ပြောအပြီး ခေါင်းငုံ့ကာ ထမင်းကြော်ကို ငွန်းခက်



ယင်းဖြင့် ဆွနေမိပြန်၏။ အတွင်းထဲမှ အောင်းနေသည့် အငွေ့တို့ ထွက်လာတာတွေ့သည်။

" ကို မပြောချင် မပြောပါနဲ့။ သူဇာ့ကိုတော့ ပြောခွင့်ပြုပါကို၊ သူဇာ ကို့ကို ခွဲဖို့ ရင်ကွဲမတတ် ခံစားပြီး ဆုံးဖြတ်ခဲ့ရတာ၊ ဘာ့ကြောင့် ဆုံးဖြတ်ခဲ့ တယ်ဆိုတာ"

" တော်ပါတော့ သူဇာ ကိုယ်တောင်းပန်ပါရစေ သူဇာ ကိုယ့်ကို နားလည်ပေးပါ "

ငွန်းခက်ရင်းကိုပြန်ချပြီး သူဇာကို ကြည့်၍ သူပြောလိုက်၏။ သူ့အသံက နည်းနည်း မြင့်သွားပြီလားမသိ။

"မပြောနဲ့ဆို မပြောတော့ပါဘူးကို၊ ဒါပေမယ့် . . "

စကားကို ဖြတ်ရင်းစူးစိုက်ကြည့်နေပြန်သည်။

သူ ငွန်းခက်ရင်းကို ပြန်ကောက်ကိုင်လိုက်၏။

" သူဇာ ကို့ ကို မခွဲပါရစေနဲ့တော့ "

ထမင်းကြော်ကို မွှေလိုက်စဉ် ပန်းကန်ကို ငွန်း ခက်ရင်းထိသံသည် လိုအပ်သည်ထက်ပို၍ ကျယ်လောင်စွာ နားမှာကြား၏။

သူဇာကို သူကြည့်လိုက်သည်။

" သူဇာ "

သူ့ကိုပြန်ကြည့်နေ၏။

" ကိုယ် . . . ထားအပေါ်မှာ သစ္စာရှိရမယ် သူဇာ"

မြသူဇာခေါင်းကိုငုံ့သွား၏။ ပြီးတော့ငွန်းနှင့်ခက်ယင်းကို

www.burmeseclassic.com

www.burmeseclassic.com



ကောက်ကိုင်တာတွေ့သည်။

သူ့စိတ်ကိုဖြေလျော့ရင်း ထားနှင့် သည်ဆိုင်မှာ သူတို့ထိုင်ခဲ့သည့်အတိတ်ကအဖြစ်ကို ပြန်တွေး နေလိုက်မိပြန်သည်ပဲ။

★ ★ ★

(၁၄)

" ဟော . . . ပြောရင်းဆိုရင်း အသက်ရှည်ဦးမယ်
ဟိုမှာ ဆင်းလာကြပြီ "

မောင်မောင် မေးငေါ့ပြရာကို လှမ်းအကြည့် ကင်းတင်းတွေဆီဆင်းသည့် လှေကားမှာ ခင်ထားညိုနှင့် မြမြဦးကို လှမ်းမြင်ရသည်။

ဆိုင်ထဲဝင်လာပြီး သူတို့ဝိုင်းက လွတ်နေသည့်ထိုင်ခုံတွေကိုဆွဲပြီးဝင်ထိုင်လိုက်ကြ၏။ ရုတ်တရက် ခေါင်း အငုံ့မှာ ခင်ထားညို၏ ဆံပင်ရှည်များက ဝဲခနဲပျံ့ရင်း စားပွဲ ပေါ် မှရေနွေးပန်းကန်ထဲကျ၏။

" ဟဲ့ . . . ငါတို့တော့ ဘုန်းနိမ့်တော့မှာပဲ "

www.burmeseclassic.com

www.burmeseclassic.com



ညီလတ်ကထအော်သည်။

" အံ့မယ် . . . . ဘုန်းရှိလို့လား "

ဟု မြမြဦးကပြော၏။ ခင်ထားညိုက သူ့ဆံပင်တွေကိုသိမ်းလိုက်ရင်း . . . ကန်တော့နော် ကန်တော့ဟု ရယ်ကျဲကျဲပြောသည်။

" မနေ့ကငိုတော့ ဒီမျက်နှာမဟုတ်ဘူး။ ဒီနေ့ကျတော့ မျက်နှာက ကြည်လို့လင်လို့။ ခွေးအမဲရိုး တွေ့တဲ့မျက်နှာကျနေတာပဲ "

မောင်မောင်ကနောက်လိုက်သည်။

" ဟာ မင်းကလဲ . . . ဟိုကောင်ကလဲ အမဲရိုးဖြစ်သွားပြီပေါ့ . . . အမဲရိုးဆိုတော့ နွားရဲ့ အရိုးပေါ့ဟုတ်လား "

ညီလတ်က သူ့ကို ရယ်ဖြဲဖြဲကြည့်ရင်းဆက် နောက်ပြန်သည်။

" ငါက ခွေးမဟုတ်ဘူးနော် "

ထားက နှုတ်ခမ်းစူရင်းပြောကာ ညီလတ်ကို လက်သီးဖြင့်လှမ်းထုသည်။

" ဒါဆို . . . ဟိုကောင်ကတော့ နွားပေါ့ "

ဟု မောင်မောင်က ရယ်ရင်းပြောလိုက်ပြန်၏။

" မသိဘူး၊ မသိဘူး၊ ငါမသိဘူး။ သူ့ဟာသူ ဘာဖြစ်ဖြစ်



ငါနဲ့မဆိုင်ဘူး "

ပြောရင်း ထားက အပြင်ကိုအကြည့်လွှဲလိုက်၏။

" သိပ်မစကြပါနဲ့ကွာ၊ မနေ့ကလို ငိုနေရဦးမယ် "

သန်းဝေကပြောလိုက်သည်။

" မနေ့က ငါတို့စလို့ငိုတာ ဟုတ်ချင်မှဟုတ်မှာ သူ့ဘာသာ ငိုချင်နေတာ၊ ငါတို့ကတရားခံ ဖြစ်သွားတာနေမှာ၊ ဒီနေ့ မင်းက ငိုပါပြောတောင် မငိုဘူး သန်းဝေ။ ဒီနေ့ ကျော်ခေါင်ရှိနေတယ်လေ "

" မစနဲ့ဟာ . . . ငါ့ကိုမစနဲ့ "

ညီလတ်ကိုကြည့်၍ ပြန်ပြောရင်း လက်သီးနှင့်ထုလိုက်ပြန်၏။

ခင်ထားညို သူ့အပေါ် သံယောဇဉ်ရှိတာ သူ့ကိုချစ်ခင်တွယ်တာ နေတာ သူတို့တစ်အုပ်စုလုံးအသိ။

မြသူဇာနှင့် သိကျွမ်းပြီး မြသူဇာကို သူက စွဲလမ်းနေပြီသိတော့ ခင်ထားညို ဘယ်လောက်ပူပန်ကြေကွဲရမည်ကို သူနားလည်မိပြန်သည်ပဲလေ . . . ။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

" မင်း ထားအပေါ်မှာ သစ္စာရှိဖို့ကောင်းတယ် "

သန်းဝေစကားကြောင့် သန်းဝေကို သူ ဖျတ်ခနဲ ကြည့်လိုက်မိသည်။

" မင်းငါ့ကို ဘယ်လိုမှ မထင်နဲ့ ကျော်ခေါင်၊ တကယ်တမ်းတော့ ဒီကိစ္စ ငါဘာမှဝင်ပြောစရာမလို ဘူး"

သန်းဝေစကားမှာ သူစိမ်းဆန်ချင်သည့်အငွေ့သန်းနေသလို။

" မဟုတ်တာကွာ၊ မင်းနဲ့ငါ ဒီလောက်ခင်ပြီး၊ ဒီလောက် တွဲနေကြတာ ငါများရင် မင်းထောက် ပြခွင့်ရှိတာ ပေါ့"

စီးကရက်အတိုကိုစားပွဲပေါ် သို့ထိုးခြေရင်း သန်းဝေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်သည်။

" အေးလေ . . . ငါပြောချင်တာက မင်းနဲ့ မြသူဇာ ပြန်တွဲနေကြပြီလို့လူတွေကသတ်မှတ်နေပြီသူငယ်ချင်း၊ ဟုတ်တာမဟုတ်တာတော့ မင်းအသိဆုံး နေမှာပဲ၊ မဟုတ်ပါဘူးဆိုရင်လဲ မင်းတို့အနေအထိုင် ဆင်ခြင်ဖို့ ကောင်းပြီ ထင်တယ် . . . "

တစ်နေ့ သန်းဝေသူ့ကို သည်နှယ်သတိပေးစကား ပြောမည်ကို သူကြိုတင်ခန့်မှန်းပြီးသား။ ခက်တော့ခက်သား ကလားဟု သူတွေးနေမိပြန်သည်။ လုပ်ငန်းစု တစ်ခုတည်း အောက်မှာ ရှိသော ရုံးချုပ်မှအင်ဂျင်နီယာနှင့် စက်ရုံမှ အင်ဂျင်နီယာသည် လုပ်ငန်းသဘောအရ အဆက်အဆံများ တတ် စမြဲ တွေ့ရဆုံရစမြဲ၊ လုပ်ငန်းညှိနှိုင်းနေကြရစမြဲပင်။ သည်တော့ သူနှင့်မြသူဇာ ဘယ်လိုမှ ခပ်ကင်းကင်းနေလို့ ရကြမည်မဟုတ်၊ သူက စက်မှုအင်ဂျင်နီယာ၊ မြသူဇာက ဓါတုအင်ဂျင်နီယာပေမင့် အလုပ်သဘောအရကား အဆက် အဆံရှိနေသည်ပင်။

" မင်းတို့ ဟိုနေ့ကဘယ်သွားကြလဲ ကျော်ခေါင် "

သူငေးပြီးစဉ်းစားနေမိခိုက် သန်းဝေက သူ့ကိုကြည့်ရင်းမေးသည်။ သန်းဝေ့အသံကြောင့် သန်းဝေမျက်နှာဆီ အကြည့်ကိုပို့လိုက်မိ၏။

" ကျောင်းကဲင်းတင်းကိုသွားတာ "



" ဘာလဲ . . . ရှေးဖြစ်ဟောင်း အောက်မေ့ ဖွယ်ဖြစ်အောင်လား ကျော်ခေါင် "

" ဟာ . . . မဟုတ်တာကွာ "

အကြည့်ကိုလွှဲဖယ်ရင်း သူပြောသည်။

ထိုနေ့က သူဇာပြောခဲ့သည်များကို နားမှာပြန်၍ ကြားယောင်ပြန်၏။

နောက်တစ်နေ့ညနေမှာလည်း သူ့အိမ်သို့ သူဇာ ကားလေးနှင့်ရောက်လာခဲ့သေးသည်ပဲ။ သန်းဝေသာသိလျှင် ဘာပြောဦးမည်မသိ။

" ထားကို သနားပါတယ်ကွာ၊ သူ့ခမျာအစကတည်း က အားငယ်နေတတ်တာ "

ဆေးလိပ်တစ်လိပ်ကိုမီးညှိမည်လုပ်ရင်း သန်းဝေ ပြောသည်။ သန်းဝေစကားမှာ ကရုဏာသံပါသည်။

" ဘာဆိုင်လို့ အားငယ်ရမှာလဲကွာ "

ပြောသာပြောလိုက်ရသည်။ ထားအားငယ်တတ် တာကို သူအသိဆုံးပင်။

" မင်းမသိချင်ယောင်ဆောင်မနေစမ်းပါနဲ့ ကျော်ခေါင်၊ ထားဟာ ကျောင်းမှာကတည်းက မင့်အပေါ်မှာ ဘယ်လောက်အနွံအတာခံပြီးချစ်ခဲ့ရ တယ်ဆိုတာ မင်းအသိ ဆုံးပဲ၊ မင်းပြန်ချစ်ဖို့ မချစ်ဖို့ ဘာမှမမျှော်

www.burmeseclassic.com

www.burmeseclassic.com



လင့်ဘဲနဲ့ မင့်ကို ချစ်ခဲ့ရတာ ငါတို့တစ်အုပ်စုလုံး သိတယ်။ မင်း မြသူဇာနဲ့ တွဲဖြစ်သွားတော့လဲ၊ မင်း အပေါ်မှာ စေတနာ မပျက်ဘဲ ပေါင်းသင်း ဆက်ဆံခဲ့တာ။ ငါတို့က သူ့ဘက်ကနာလို့ မင်းကို ဒီလောက် အောက် ကျ ခံစရာမလိုဘူး စေတနာထားဆရာမလို ဘူးလို့ ပြောတာတောင် သူက လက်မခံဘူး။ မိန်းမ တစ်ယောက်ရဲ့ မာနကိုချပြီး မင့်ကိုချစ်နိုင်တဲ့ သူဟာ ထား တစ်ယောက်ပဲရှိတယ် ကျော်ခေါင်။ ကြည့်ဦး မြသူဇာနဲ့မင်း လမ်းခွဲတော့လဲ သူ့ခမျာ မင်းစိတ် လေမှာ၊ တစ်ခုခုဖြစ်မှာ စိုးရိမ်ရတာ အမေ့။ အမေ လို၊ အစ်မလို မေတ္တာမျိုးနဲ့ မင့်အတွက် ပူလိုက်ရတာ။ ငါတို့က အတင်းဝိုင်းတိုက်တွန်း တော့လဲ မင့်ကို ချစ်သူ အဖြစ် သူလက်ခံခဲ့တာပဲ။ တကယ်စဉ်း စားကြည့်ရင် သူများစွန့်ပစ်လိုက်မှ ကိုယ်ဆီရောက်လာ တဲ့ပစ္စည်းကို ဘာမှ အမြတ် တနိုင်းထားစရာ မရှိဘူး။ ထားက ဒီလိုမာန တွေးတွေ မရှိဘူး။ မင့်ဆီကဘာမှ မျှော်လင့် ခဲ့တာ မဟုတ်ဘူး။ မင်းအတွက် သက်သက်ဖြည့်ဆည်း ပေးဖို့ သူ လူဖြစ်လာရသလို ပဲ . . . "

" တော်ပါတော့ သန်းဝေရာ "

သန်းဝေက သူ့ကိုကြည့်ရင်းစကားရှည်ကြီးကိုပြောသည်။



သန်းဝေစကားတို့က သူ့ရင်ကိုဓါးနှင့် ဆွပေး နေသလို။

" ဘာလဲ အမှန်တွေပြောလို့ မင်းနားမထောင်ရဲဘူး လား။ မင်း ထားအပေါ်မှာ စာနာတတ်အောင်၊ ထောက်ထားတတ်အောင် ငါပြန်ပြောပြနေတာ ကျော်ခေါင် "

" ငါနားလည်ပါတယ် ထား ငါ့ကိုဘယ်လောက် ချစ်တယ် ဆိုတာ ငါအသိဆုံးပါကွာ "

" ဒါဆိုလဲ မင်း ထားမေတ္တာကို မစော်ကားသင့်ဘူး "

ရှေ့မှာချထားသော မီးခြစ်ကို လှမ်းယူလိုက်၏ ။ စီးကရက်တစ်လိပ်ကိုကောက်ယူကာ မီးညှိဖွာရှိုက်သည်။

" မင်းနဲ့ မြသူဇာ ပြန်တွဲနေတာကို . . . "

" ပြန်မတွဲပါဘူးကွာ "

သူ ပျာပျာသလဲကာကွယ်စကားဆိုမိသည်။

" ဟော့ကောင် ကျော်ခေါင်၊ အတူသွား အတူလာ လုပ်နေ တာကို တွဲနေတယ်မပြောရင် ဘယ်လို ပြောရမလဲ "

ဆေးလိပ်မီးခိုးကိုမှုတ်ထုတ်လိုက်၏။

" ငါတို့က ရိုးရိုးပါ သန်းဝေရာ၊ ယုံပါ၊ ထား နဲ့ ငါ ချစ်သူဘဝရောက်နေပြီဆိုတာ သူလဲသိတာပဲ "

" သူကမေးလို့ မင်းကပြောတာလား "

" သူ မမေးဘဲ ငါကပြောတာပါကွာ "

www.burmeseclassic.com

www.burmeseclassic.com



" ဘာဖြစ်ဖြစ်လေ မြသူဇာပြန်ရောက်ပြီကြားကတည်းက ထားဟာ တုန်တုန်လှုပ်လှုပ်ခံစားနေရတယ်ဆိုတာ ငါသိတယ်။ တစ်နေ့ သူ့ကို မင်း ပစ်သွားတော့မှာပဲဆိုတဲ့ အတွေးမျိုးဝင်ပြီး ပူပန်နေတယ် "

" နေပါဦး သန်းဝေ ငါမသိခင်မှာ မြသူဇာပြန်ရောက်တာကို ထား ဘယ်လိုသိနေလဲ အဲဒါငါ စဉ်းစားနေတာ "

" မင်းသိပါတယ် ထားတို့ ရုံးချုပ်မှာ ငါ့ညီမရှိတယ်၊ ငါ့ညီမသူငယ်ချင်းက မြသူဇာတို့နဲ့ တစ်လမ်းတည်းလေ။ စကားစပ်မိပြီးပြောရင်း သိကြမှာ ပေါ့။ မြသူဇာကလဲ အင်ဂျင်နီယာဆိုတော့ ထားကို အစ်မသိလား ဘာညာ မေးရင်း သိတာ လို့ ငါ့ညီမပြောသံကြားတယ် "

" ဪ "

စီးကရက်ပြာကိုခြွေချလိုက်၏။

" မင်းနဲ့ မြသူဇာ သွားတာ၊ လာတာလဲ တစ်နေ့မှာ ထားပြန်သိနိုင်တာပဲ၊ ငါတို့ကော်ပိုရေးရှင်းချင်း မတူကြပေမယ့်၊ အင်ဂျင်နီယာတွေ တစ်နေ့ရာ မဟုတ် တစ်နေ့ရာ ဆုံတတ်ကြတာ မင်းအသိဆုံး လေ။ ပြီးတော့ ဝန်ကြီးဌာနကတစ်ခုတည်း၊ ထားသာပြန်သိရင် ဘယ်လောက်စိတ်ဆင်းရဲ မလဲ၊ မင်းစဉ်းစားကြည့်၊ မြသူဇာ ပြန်



ရောက်ကတည်းကမင်းသူ့ဆီလဲမသွားဘူးမဟုတ်လား "

" ငါ တစ်ခေါက်သွားတယ်သန်းဝေ၊ သူနဲ့မတွေ့ခဲ့ရဘူး၊ ဖုန်းတော့ဆက်ဖြစ်ပါတယ် "

တယ်လီဖုန်းထဲက ခင်ထားညို၏ တိုးလျှိုး တောင်းပန်သံများ အားငယ်စကားများကို ပြန်လည်ကြား ယောင်လာပြန်၏။ မြသူဇာနှင့် ပတ်သက်၍ သူသည် ထာဝရ ရှုံးနိမ့်သူအဖြစ် ခင်ထားညို စိတ်မှာ စွဲနေသလိုပင်။

နှစ်ဦးစလုံး အတွေးကိုယ်စီဖြင့် စကားပြတ်သွားကြ၏။ အတွေးတို့က အတိတ်ဆီပြန်၍ရောက်သွားပြန်ပြီကော . . . ။

★ ★ ★

www.burmeseclassic.com

## (၁၆)

ညကာတည်းက နှင်းတွေထူထူသိပ်သိပ်စွာကျနေခဲ့ပြီလား မသိ။ မနက်စောစော အိပ်ရာက သူအနိုးမှာ မီးခိုးတွေထဲ ရောက်နေသူပမာ သိပ်သည်းစွာကျနေသည့်နှင်းထုကို တွေ့သည်။ ခြောက်နာရီခွဲကျော်သည့်တိုင်နှင်းထုက မပါးမလျှား။ ပို၍ပင် မှုန်မှိုင်းသိပ်သည်းလာသလိုပင်ပတ်ဝန်းကျင်သည်နှင်းကြားမှာကွယ်မြုပ်နေပြီထင်၏။ မလှမ်းမကမ်း ကိုပင် ပီပီပြင်ပြင်မမြင်ရ။ အနွေးထည်ဂျာကင်ပါးပါး ကိုဝတ်ပြီး အဆောင်ပေါ်မှဆင်းလာခဲ့သည်။ ကွင်းတင်း ရှိရာ လှမ်းအကြည့် ပိဘိနှင်းလွင်ပြင်ကိုသာတွေ့ရ၏။ ဘောလုံးကွင်းကို ဖြတ်တိုက်လာသည့်လေပြည်တစ်ချက်မှာ နှင်းငွေ့ နှင်းမှုန်များပါတာ သတိထားဖြစ်သည်။ လေကိုတာဝရှူ

www.burmeseclassic.com

www.burmeseclassic.com



ကာ ခြေကို သွက်သွက်လှမ်းမိပြန်၏။ လက်ကနာရီကိုအကြည့် စောနေသေးသည် တွေးမိ၏။ မနေ့ညနေက သူ မြသူဇာကို သူ့အဆောင်ပြန်ပို့ရင်း အဖြေကိုထပ်တောင်းသည်။ မြသူဇာ ထံမှ သူ့ကိုချစ်ပါသည်ဆိုသည့်အဖြေကိုရခဲ့ပြီ။ သည်မနက် ရှစ်နာရီမှာ မြသူဇာ၏အဆောင်ကို လာကြိုမည် သူပြောခဲ့ သည်ပဲ။

ရင်ထဲမှ အကြည့်အနူးကြောင့်လား၊ နှင်းလူးသည့် လေကိုတဝရှူရသောကြောင့်လားမသိ၊ သူ့တစ်ကိုယ်လုံး တက်ကြွဖျတ်လတ်နေသလို။

ကဲင်းတင်းဆင်းသည့် အုတ်လှေကားကို အပြေး တစ်ဝက်ဆင်းခဲ့မိပြန်သည်။

အောင်သိပွဲဆီလှမ်းအကြည့် သဲသဲကွဲကွဲ ဘာဆိုဘာ မှ မမြင်ရ။

ဆိုင်ရှေ့ရောက်မှ ဆိုင်ထဲမှာ လူသုံးလေးဦးသာတွေ့ရ၏။

" ကျော်ခေါင် "

အသံကြောင့် တအံ့တသြဖြစ်ကာ အသံလာရာ ထောင့်စားပွဲဆီအကြည့်ရောက်သည်။ ဆွယ်တာအနက် ဝတ်ထားသည် ခင်ထားညိုကိုလှမ်းမြင်လိုက်ရတော့ အထူး အဆန်းတွေ့ လိုက်ရသလို။ သည်လို စောစောစီးစီး ခင်ထားညို လက်ဖက်ရည်ဆိုင် မထိုင်တတ်ပါလား။ ဘုရားမှပြန်လာ ပြီး ဝင်ထိုင်တာလား၊



လမ်းလျှောက်ပြီးအပြန် ဝင်ထိုင်တာ လားတွေးမိသည်။ မြမြဦးမပါ တာကလည်းထူးဆန်းနေသလို။

" နင် ဘာလာလုပ်နေတာလဲ ထား "

အနားလျှောက်သွားရပ်ရင်း ခင်ထားညို ကိုသူကြည့်ကာ မေးလိုက်သည်။ ခင်ထားညိုကသူ့ကိုမကြည့်။ ဆိုင်ရှေ့ မှာ တအိအိ ပြိုကျသလိုဖြစ်နေသည့် နှင်းမှုန်တွေဆီ အကြည့် ပို့ထားသည်။ မျက်နှာမှာပြုံးရိပ်သန်းသော်လည်း မျက်နှာက မရွှင်ပျ။

" အစောကြီးနိုးလို့ လာထိုင်နေတာ "

ခင်ထားညိုနှင့်မျက်နှာချင်းဆိုင်မှာ သူဝင်ထိုင်လိုက် ရင်း လက်ဖက်ရည်ချိုပေါ့ကျကို မှာလိုက်သည်။

" နင်စာထကျက်တာလား "

" ထုံးစံမရှိတာ "

မကြည့်ဘဲပြန်ပြောသည်။

" ငါ နင့်ကိုမေးစရာရှိတယ် ကျော်ခေါင် "

လာချပေးသည့် လက်ဖက်ရည်ပန်းကန်ကို လှမ်းဆွဲယူရင်း။

" မေးလေ "

ဟုပြောသည်။

" နေပါဦး ငါ့ကိုမေးစရာရှိလို့ လာထိုင်စောင့်တာ လား ထား"

www.burmeseclassic.com

www.burmeseclassic.com



စေ့စေ့ကြည့်ရင်း သူမေးလိုက်၏ . . . ။

" အဲဒီလိုတော့လဲမဟုတ်ပါဘူး "

" မေးလေ "

" နင်နဲ့မြသူဇာ ချစ်သူတွေဖြစ်သွားကြပြီမဟုတ် လား "

ကိုင်ထားသည့် လက်ဖက်ရည်ပန်းကန်ကို သူလက်မှ လွှတ်လိုက်၏။ ခင်ထားညို၏မျက်နှာကို တအံ့တသြ ငေးကြည့်ဖြစ်သည်။ ဘာပြန်ပြောရမှန်းမသိအောင် မှင်တက် မိသွားသလို။

" ပြောလေ ကျော်ခေါင် "

" နင် ဘယ်လိုသိလဲ ထား "

" ငါမေးတာ အရင်ဖြေပါ "

အကြည့်ဆုံရင်း ထား နှုတ်မှထွက်၏။

" မဟုတ်ဘူး . . . ငါအံ့သြလွန်းလို့ပါ၊ မနေ့ညနေ မှောင်မှမြသူဇာဆီက ငါအဖြေရတယ်။ ဟိုကောင်တွေ အလည်လွန်နေလို့ သူတို့ကိုတောင်ငါမပြောရသေးဘူး၊ နင်ဘယ်လိုသိတာ လဲ ထား "

" ချစ်သူဖြစ်သွားကြပြီပေါ့ "

" ဟုတ်တယ် "

အကြည့်လွှဲ၍ နှင်းမှုန်တွေဆီပို့ထားသော မျက်ဝန်း အစုံက ပို၍ ရီဝေသွားသလိုပင်။

" နင်ဘယ်လိုသိတာလဲ ထား၊ ငါ့ကိုပြောပါဦး "



" ငါညက အိပ်မက် မက်တယ်ကျော်ခေါင်။ အိပ်မက် ထဲမှာ ငါသိလိုက်တာ။ လန့်နိုးတော့ ငါဆက် အိပ်လို့ မရတော့တာနဲ့ စောစောအိပ်ရာထပြီး ဒီမှာလာထိုင် နေတာ ပဲ "

" နင်အကြားအမြင်ရနေပြီထင်တယ် ထား၊ ငါ ဟိုကောင်တွေကိုပြောလိုက်ရမလား "

အနောက်အပြောင်စကားကြောင့် သူ့မျက်နှာဆီ ဖျတ်ခနဲလှမ်းကြည့်သည်။ ချက်ချင်းပြန်အလှည့်မှာ မျက်နှာ ကညိုး၏။

" ငါစတာပါဟာ "

" ငါသွားတော့မယ် . . . လက်ဖက်ရည်ဖိုး ငါရှင်း လိုက်မယ် "

ပြောရင်းထရပ်ကာ ကောင်တာဆီသွားပြီး ပိုက်ဆံ ရှင်းသည်။ ပြန်အထွက် သူ့ကိုလှည့်လည်းမကြည့် ၊ နှုတ်လည်း မဆက်တော့။

ဆိုင်အပြင်နှင်းကြားထဲမှာ ဝိုးတဝါးမြင်ရသည်မှ တစစ ဖြင့် ခင်ထားညိုနှင်းထုထဲမှာနစ်မြုပ်ပျောက်ကွယ်သွားတော့သည်။

သည်မနက်နှင်းတွေ တော်တော်နှင့်ကွဲမည့်ဟန်မတူ တော့။ လက်ကနာရီကြည့်ပြီး မြသူဇာဆီသွားဖို့ ထရပ်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ထားညို၏ မျက်နှာ အာရုံမှာပေါ်လာရင်း သက်ပြင်းရှည်ကို ချမိလိုက်တာ ဘာကြောင့်ရယ်မသိ။

စွဲလမ်းလွန်းသည့် အရာများမှာ အိပ်မက်ထဲကို ရောက်လာတတ်ပါသတဲ့လားကွယ် . . . ။

★ ★ ★

(၁၇)

ဖုန်းထဲက ထားအသံသည် တုန်ယင်နေသည်ဟု ထင်လိုက်၏။

" ကိုကို့ကို မေးစရာရှိတယ် "

ဆိုသည့်စကားက ပြဿနာကိုမှန်းဆရန် လွယ်ပြီထင်သည်။

ခါတိုင်းနှယ် စကားကို တစ်ဖွဲ့တစ်နွဲ့မပြော။

ညနေကျရင်သာ သူ့ရုံးရှေ့မှာ လာစောင့်ရန်မှာ သည်။

ထား စောနေရင်ဆိုင်ကစောင့်ပါလားဟု ပြောမိတော့ . . .

" ဘာလဲ ရုံးကိုတောင်မလာချင်တော့ဘူးလား "

ဟု ခနဲ့စကားဆိုပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ကိုကိုနောက်ကျရင် ရုံးရှေ့မှာ ထား တစ်ယောက်တည်းရပ်ပြီးစောင့်နေရမှာ စိုးလို့ပါ"

ဆိုတော့ . . .

"အပိုတွေမပြောပါနဲ့ ကိုကိုရယ် . . ."

တဲ့ . . .

"ကောင်းပြီလေ . . ."

ဆိုပြီး ထားကိုစောင့်နေရန်နှင့် အလုပ်မပြီးပြတ်လျှင် နည်းနည်း နောက်ကျမည်၊ ဆက်စော[င့်]နေပါဟု ပြောလိုက်မိ၏။ ပြောပြီးသည်နှင့် ထား ကစပြီးဖုန်းချသွားသည်။

ခါတိုင်းနှယ် တစ်ယောက်ဖုန်းအချကို တစ်ယောက်ကမစောင့်။ စကားပြတ်သွားလျှက်နှင့် နှစ်ယောက်စလုံးက ဖုန်းမချမိသေး။ သည်လိုနှင့်စကားပြန်ဆက်ဖြစ်မိသည့် အကြိမ်ပေါင်းကမနည်းပြီ။

ထား သူ့ကိုနားလည်ပါ့မလားအတွေးဖြင့် ရင်မောသည်။

"ဘယ်သူ့ဖုန်းလဲ ကျော်ခေါင်"

သန်းဝေက သူ့စားပွဲရှေ့ကခုံမှာဝင်ထိုင်ရင်း မေးသည်။

"ထား ဆီက"

"ဘာလဲ ဒီညနေ တွေ့ကြဖို့လား"

ခေါင်းညိတ်ပြလိုက်မိသည်။

မျက်နှာမရွှင်မှန်း သန်းဝေကရိပ်မိလိုက်ဟန်တူ၏။



"ပြဿနာစပြီလား"

"ပြောစရာရှိတယ်ပြောတယ်"

"ဒါပဲဖြစ်မှာပေါ့ကွာ၊ ထားဆီက ခံစားချက် တချို့ကို ငါကပြန်ကြားနေရတယ်။ ငါ့ညီမကို သူပြောပြတတ်တယ်လေ"

စာရွက်ဖိသည့်တုံးကလေးကိုယူ၍ လက်ဖြင့်လှည့်နေမိပြန် သည်။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

(၁၈)

ညနေ မြသူဇာကိုအဆောင်လိုက်ပို့ပြီး သူပြန်လာခဲ့သည်။ ထိုညနေက ပတ္တလားသင်တန်းကို မြသူဇာဖျက်၏။ သန်းဝေတို့ အုပ်စုကို ညစာကျွေးမည်ဟု နေ့လယ်က သူ ကတိပြုထားသဖြင့် ကင်းတင်းကိုတန်းလာခဲ့သည်။

" မြသူဇာမပါဘူးလား "

ဟုမြမြဦးကစမေးသည်။

" မပါဘူးဟ . . . ရှက်လို့မလိုက်ပါရစေနဲ့တဲ့။ နောက်မှ ထပ်ကျွေးပါမယ်လို့ ငါ့ကိုပြော လိုက်တယ် "

သူပြန်ဖြေရင်း ဝင်ထိုင်လိုက်၏။

" ဒါဆိုလဲ မဆိုးပါဘူးကွာ။ နှစ်ခါစားရတာပေါ့ "

www.burmeseclassic.com

www.burmeseclassic.com



ဟု မောင်မောင်ကဝင်ပြောသည်။

" ဟိုကောင်မလေးရော၊ ထား . . ။ ထားမမြင်ပါလား"

ခင်ထားညိုကိုမတွေ့တော့ သူမေးလိုက်၏။

" ထား မနက်ကတည်းက အတန်းမတက်ဖြစ်ဘူး "

ဟု မြမြဦးကပြောသည်။

" ဟုတ်လား . . . ငါအမှတ်တမဲ့ပဲ "

နေ့လယ်က သန်းဝေတို့ ထားနှင့်သူ မနက်ကစော စောတွေ့ကြောင်း ထားအိပ်မက်မှန်ကြောင်း သူပြောဖြစ် သေးသည်ပဲ။

" မင်းကသိပ်ပျော်နေတဲ့ အချိန်မှာ ထားအရမ်းခံစားနေတယ်ဆိုတာမင်းတကယ်မသိတာလားကျော်ခေါင်"

ညီလတ်က သူ့ကိုကြည့်ပြီး ခပ်တည်တည် မေးလိုက်သည်။

သူချက်ချင်း ဘာပြန်ပြောရမည်မသိ။

" မင်းကလဲကွာ "

ဟု အရှက်ပြေနှုတ်ကထွက်ရင်း စားပွဲပေါ်မှာ ချထားသည့် စီးကရက်တစ်လိပ်ကိုကောက်ယူသည်။

" မနက်အစောကြီး ဒီဆိုင်မှာ မင်းနဲ့တွေ့သေး တယ်ဆို"

သန်းဝေပြောလို့ မောင်မောင်တို့သိပြီထင်၏။ မောင်မောင်က သူ့ကိုလှမ်းမေးသည်။ သူခေါင်းညိတ်ပြ လိုက်၏။

" သူ အိပ်မက်တာ နင့်ကိုပြောပြတယ်မဟုတ်လား၊



ကျော်ခေါင် "

ဟုမြမြဦးကကြည့်ရင်းမေးတော့ သူခေါင်းညိတ် မိပြန်သည်။

စီးကရက်ကိုမီးညှိဖွာလိုက်၏။ ရင်ထဲမှာတင်းကျပ် နေမှုက မပြေ။

" ငါ့ကိုမနက်အစောကြီးပြောပြတော့ ငါက အိပ်မက်ပဲဟာ သူမက်ချင်တာမက်မှာပေါ့လို့ ခပ်ပေါ့ ပေါ့ပြောလိုက်တာ၊ ပြီးတော့ အစောကြီး နှင်းတွေကြားထဲ တစ်ယောက်တည်းထွက်သွားတာ ငါ့လဲ မခေါ်ဘူး "

မြမြဦးကစကားဆက်၏။

" စွဲလမ်းစိတ်သိပ်များရင် အိပ်မက်ထဲရောက်လာလားမသိဘူး။ စိတ်တန်ခိုးကကြီးတယ် "

သန်းဝေ ဝင်ပြောသည်။

" ငါ့တော့ ငါ့ညီမ ထားအတွက် စိတ်မကောင်း ဘူး"

ဟု ညီလတ်ကအတည်ပြောပြန်၏။

သူ သက်ပြင်းချမိသည်။

မြသူဇာနှင့် သူ ချစ်သူဖြစ်သည့်အထိမ်းအမှတ်ညစာကျွေးပွဲက ခင်ထားညိုအတွက် ကြေကွဲစရာအသိအမှတ်ပြုပွဲဖြစ်သွားပါရောလား။

www.burmeseclassic.com

www.burmeseclassic.com



" အချစ်ဆိုတာ ဆန်းတှာယ်နော် . . . ဘာတတ် နိုင်မှာ လဲ "

မြမြဦးက မှတ်ချက်ဖွဖွချတော့ အားလုံးက ခင်ထားညို့အတွက် စိတ်မကောင်းဟန်ပြကြသည်ပဲ။

သူ့အနေရအထိုင်ရကျပ်စွာ စီးကရက်ကို ဆက်ဖွာနေပါတော့သည်။

★ ★ ★

(၁၉)

ထိုင်နေကျဆိုင်ရှေ့မှဖြတ်စဉ် ဆိုင်ထဲသို့ ငဲ့စောင်းကြည့်မိသေးသည်။

ထား ဆိုင်ထဲမှာရှိလိုရှိငြားတွေးဖြစ်၏။ ရုံးဆင်းပြီး ဆယ်မိနစ်လောက်ကျော်မှ သူ့ရုံးမှထွက်လာဖြစ်သည်။ ဆိုင်ကိုကျော်တော့ ထားတို့ရုံးဆီသို့ ခပ်သွက်သွက်ဂလေး လျှောက်မိပြန်သည်။

ရုံးရှေ့ဝန်းပေါက်ဝနားမှာ တစ်ဦးတည်းရပ်နေ သည့် ထား ကို ခပ်လှမ်းလှမ်းမှပင်မြင်ရ၏။

" နည်းနည်းနောက်ကျသွားတယ် "

ထားအနားရောက်တော့ လက်ကနာရီကိုကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



သူပြော လိုက်သည်။

" ထားက ကိုကိုမလာတော့ဘူးလားတွေးပြီး စိတ်မကောင်းဖြစ်နေတာ "

" ထားကလဲကွာ "

ထားသို့ကို ခနဲ့စကားဆိုမှန်း နားလည်လိုက်သည်။

" လာ သွားရအောင် "

ထား ကိုင်နေကျ လက်ဆွဲအိတ်ကလေးကို သူကလှမ်းယူရင်း ပြောလိုက်သည်။

ထိုင်နေကျလက်ဖက်ရည်ဆိုင်မှာပင် ထိုင်ဖို့တွေးလိုက်မိသည်။

" ဟိုရက်ကတွေက ညနေပိုင်း ထားဖုန်းဆက်တယ်။ ဆက်တိုင်း အစည်းအဝေးခန်းထဲမှာပဲပြော တယ်။ ကိုကို ညာပြောခိုင်းထားတာလားဟင် "

ပခုံးချင်းယှဉ်လျှောက်ရင်း သူ့မျက်နှာဆီ အကြည့်ဝေ့ကာ ထား မေးသည်။ အယုံအကြည်နည်းပြီဖြစ်သော သံသယစကားကို ထား မေးတတ်၊ ပြောတတ်နေပြီလား။

" တကယ်ပါထားရယ်၊ ဒီရက်ပိုင်းတွေက နိုင်ငံခြားကလာတဲ့တင်ဒါတွေဖောက်စစ်နေရလို့မအားတာပါ"

" ယုံရမှာပေါ့ကိုကိုရယ် "

ထား အသံကို သရော်သံဟု ဘာသာနားလည်နေ မိပြန်



သည်ပဲ။

ဆိုင်ထဲရောက်ပြီး စားပွဲမှာထိုင်တော့ သောက်နေကျအတိုင်းပဲနော်ဟု စားပွဲထိုးကလေးကမေးသည်။ သူခေါင်းညိတ်ပြလိုက်၏။

ခဏအကြာမှာ လာချပေးသည့် လက်ဖက်ရည် ပန်းကန်ထား ရှေ့တိုးပေးသည်။

လက်ဖက်ရည်ကို ငုံ့ကြည့်နေရင်း . . .

" ထားကိုမညာပါနဲ့ ကိုကိုရယ် "

ဟု တစ်ကိုယ်တည်းပြောသလို ပြောလိုက်သည့် ထားအသံ မှာ ကြေကွဲမှုတွေပါနေမှန်းသိ၏။

ဘာပြန်ပြောရမည် ချက်ချင်းမသိ။ ထားကိုကြည့်ရင်းတံတွေးကိုမျိုချမိပြန်သည်။

" မြသူဇာနဲ့ ကိုကိုတို့ ခဏခဏ တွေ့ကြတယ် ဆို "

သည်အမေးကိုလည်း မကြည့်ဘဲထား မေးပြန်သည်။

" ခဏခဏတော့ မဟုတ်ပါဘူးထားရယ် "

သူက ထားကို စူးစိုက်ကြည့်ရင်းပြန်ဖြေသည်။

" ဒါဆို ဘယ်နှစ်ခါလဲ "

မျက်လွှာပင့်ကြည့်ရင်း ထပ်မေး၏။

" အတိအကျတော့ ကိုကို ဘယ်မှတ်မိမှာလဲ နှစ်ခါသုံးခါတော့ ရှိမှာပေါ့ "

www.burmeseclassic.com

www.burmeseclassic.com



ရုံးမှာအလုပ်သဘောတွေ့ကြသည့် အကြိမ်များကို လျှော့ပြီး သူပြောဖြစ်သည်။ ရုံးမှာတွေ့လျှင်လည်း မြသူဇာက ရုံးက သက်သာဆိုင်မှာထိုင်ချင်သည်။ ထိုင်ဖြစ်သည်။ ဒါကြောင့် လည်း အားလုံးက သူနှင့် မြသူဇာ ပြန်တွဲနေကြပြီဟု ယူဆကြသည် လားမပြောတတ်။

"ဘယ်တွေကို သွားတာလဲ ကိုကို"

အသက်ကို တဝရှူရင်း ခေါင်းကိုပြန်မတ်လာသူ့ကိုကြည့် ၍ ထားမေးသည်။

"ကျောင်းထဲကိုရောက်တယ်"

ညနေပိုင်းမှာ မြသူဇာရောက်လာပြီး သူနှင့် သူ့ညီမလေး ကိုခေါ်ကာ တရုတ်ဘုံကျောင်းမှာ ထမင်းတစ်ခါ စားခဲ့သည်ကို ချန်လှပ်ထားမိပြန်၏။

"ကိုကို"

"ပြောလေ ထား"

"ကိုကို့ကို ထား တစ်ခုပြောမယ်"

"ပြောပါထားရဲ့"

စကားကိုခဏနားစဉ် ထားမျက်နှာကတည်ပြီး တင်းခန့် ဖြစ်သွားတာ သတိထားဖြစ်သည်။

"မြသူဇာနဲ့ကိုကို အခုလိုတွဲနေတာ ထားမကြိုက် ဘူး။



ထား အရမ်းခံစားရတယ် ကိုကို"

စကားအဆုံးမှာ မျက်နှာကိုစူးစမ်းကြည့်ဖြင့် စိုက်ကြည့် နေ၏။ လေသံမာ၍ မျက်နှာကတည်ပြီးတင်း သည်။

"ထား နဲ့ ကိုကိုတို့ ချစ်သူတွေဆိုတာ သူသိတာပဲ"

ပြောပြီး စီးကရက်တစ်လိပ်ကိုထုတ်ယူပြီး မီးညှိဖွာ သည်။ မီးခိုးငွေ့တို့ကို မှုတ်ထုတ်ရင်း သက်ပြင်းပါချမိသည်။

"ကိုကိုနဲ့ မြသူဇာဟာ ချစ်သူတွေ ဖြစ်ခဲ့ကြတာပဲ။ အခုလိုပြန်တွဲနေရင်တော့ တစ်နေ့မှာ ကိုကို ထားကို ပစ်သွားမှာ စိုးရိမ်တယ်လေ"

လေသံ နည်းနည်းပျော့သွားသည်။ အားငယ်သံ၊ တိုးလျှိုးသံ ပါနေပြန်ပြီလား။

"ထားရယ် . . . ကိုကို ထားကို ဘာလို့ ပစ်သွားရ မှာလဲ။ ထားအချစ်ကို ကိုကိုနားလည်ပါတယ်။ ကိုကိုလဲ ထားကို ချစ်တာပါပဲ"

လေသံနှိမ့်ပြီး ထားကို ကြည့်ရင်းပြောလိုက်သည်။

"ဒါဆို . . . ကိုကို မြသူဇာကိုတော့မချစ်တော့ဘူးလား"

ရင်ထဲမှာ လှုပ်ရှားယောက်ယက်ခတ်သွားစေသည့် အမေး။ အချစ်ဆိုသည့်အရာကိုလည်း ဘာသာဆန်းစစ်ပြီး နားမလည်ချင်။ အချစ်သည် တစ်ကြိမ်တည်းမှာပင် နှစ်နေရာ၌ဖြစ် တည်နေနိုင်ပါသတဲ့လား။ စဉ်းစားမရအောင် တွေဝေမိပြန် ၏။

www.burmeseclassic.com

www.burmeseclassic.com



" ဖြေလေ ကိုကို "

" ကိုကို မဖြေပါရစေနဲ့ ထားရယ် "

ထားမျက်နှာ ရှုတ်ခြည်းညှိုးသွားတာ တွေ့လိုက်ရ လို့ ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရသည်။

ထား ဘယ်လောက်ကြေကွဲနေမည်ကို နားလည်ရင်း ကိုယ့်ကိုယ်ကို မကျေနပ်မိပြန်။ ထားကျေနပ်အောင် လိမ်ညာ ဖြေလိုက်ပါတော့လား။

ခွင့်လွှတ်ပါ ထားရယ် . . .

* * *

# နှင်းဆွတ်တောင်ပြန်လေ

## အပိုင်း

## (၂)

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ခင်ထားညို ကိုးတန်းတက်သည့်နှစ်မှာပင် အစ်မဖြစ်သူ ခင်မိုးညိုဆုံးသွားသည်။

ခင်မိုးညိုဆုံးသွားသည်မှာ နှလုံးရောဂါဟု ဆရာဝန်က မှတ်ချက်ပေးသော်ငြား သူတို့မြို့မှာတော့ အချစ်ကြောင့် ခင်မိုးညို ဆုံးပါးသွားရသည်ဟု လူပြောသူပြောများခဲ့သည်ပဲ။

ခရိုင်မြို့တစ်မြို့ဖြစ်သော်လည်း မြို့သည် သိပ်ကျယ်ဝန်း ကြီးမားလှသည်တော့မဟုတ်။ သတင်းသည် တောမီးနှယ် ပြန့်လွယ်ခဲ့သည်။

ခင်ထားညိုသည် သူ့အစ်မ ခင်မိုးညိုထိစ္စ လူတွေပြောနေသံကြားရတိုင်း ကြေကွဲဝမ်းနည်းစွာဖြင့် အိမ်ပြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရှိုက်ကြီးတငင်ငိုရပြန်သည်။

အမေကတော့သူ့ကို ချော့တာလည်းမဟုတ်။

"ယောက်ျားတွေကိုမယုံပါနဲ့လို့ အမေပြောတာမှ သမီးကြီးက နားမဝင်တာပဲအေ။ သိပ်အထင်ကြီး၊ သိပ်ယုံစားထားပြီးမှ အခုလိုဖြစ်သွားတော့ သူမဖြေနိုင်တော့ဘူးပေါ့။ သမီးတို့အဖေဆိုရင် သမီးငယ်ငယ်လေးမှာပဲ နောက်မိန်းမယူသွားတာ။ အမေက အရင်ကတည်းကသိပ်မျှော်လင့်မထားတော့သိပ်ပြီးမခံစားလိုက်ရဘူးပေါ့။ ယောက်ျားတွေကိုမယုံအပ်ဘူး ဆိုတဲ့ အသိကတော့ အမေ့မှာပိုပြီး စွဲသွားတယ်လေ"

အမေက သူပြောနေကျစကားတို့ကိုသာ အနားမှာထိုင်ရင်းပြောနေသည်။ မမခင်မိုးညို သူ့ကိုရင်ဖွင့်သွားခဲ့သည်များကို နားမှာပြန်၍ကြားယောင်ပြန်သည်။ ရင်ထဲမှာ အမှတ်ထင် ထင်ဖြစ်နေပြန်ရသည်ပဲလေ . . .။

★ ★ ★



နာကျင်လျက်မနာကြည်း။

မီးမှန်းသိလျက် အကြိမ်ကြိမ်တိုးဝင်ချင်ပြန်၏။ လောင်မြိုက်သည့်ဒဏ် အခါခါခံချင်ပြန်၏။ အသိစိတ်က မုန်းချင်ပြန်လျက် နှလုံးသားက အမေ့ခက်ပြီ။ ပတ်သက်ခဲ့ သမျှကား ဖလ်မှန်စများပမာ ရင်မှာစူးနစ်ပြန့်ကြဲနေတော့သည်။ ခွဲခွာခြင်းဖြင့် အပူသည် ရင်ကိုဗလောင်ဆူ ကျွမ်း မြိုက်စေခဲ့ပြီဟု ဘာသာအသိဆုံး။ နှောင်ထုံးကို သူမှို့ဖြေရက် ဖြတ်ရက်တော့ သည့်လေ။

မယုံကြည်နိုင်စွာ အခါခါ အထပ်ထပ် ဖတ်ခဲ့ပြီးဖြစ် သည်။ သတင်းစာမှ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းသတင်း ကို ငေးစိုက်ကြည့်ရင်း မျက်ရည်တို့ဝေ့လည်စီးကျလာပြန် သည်။

ရှိုက်သံ တစ်ချက်သည် အလိုလိုထွက်လာပြန်၏။ နှုတ်ခမ်းကိုတင်းတင်းဖိကိုက်ထားမိကာ၊ ခုတင်ပေါ်မှဆင်း သည်။ သတင်းစာကို စားပွဲပေါ် ပစ်တင်လိုက်၏။ ဝေ့တိုက် လိုက်သည့်လေ၌ ညမွှေးပန်းနံ့တို့ပါလာတာ သတိထားမိရင်း ညမွှေးပန်း ရနံ့ကို မကြိုက်ဘူးဟု ပြောခဲ့သည့် သူ့စကားက နှလုံးသားကိုနာကျင်စေပြန်သည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူဘာလို့ စိမ်းကားရဲသည်ကို သိချင်ပြန်သည်။ သူ ဘာကြောင့်စွန့်ပစ်ရက်သည်ကို နားလည်ချင်ပြန်သည်။ အဖန်ဖန် အထပ်ထပ်ယုံကြည်တတ်လာအောင် သိမ်းသွင်းနိုင်ခဲ့သူပဲ။ လမ်းခွဲလိမ့်မည်ဟု ဘယ်သောအခါကမှ မတွေး ထင်မိခဲ့။ မိုးမိုးမရှိသည့် အခါ အရာရာသည် သူ့အတွက် ဘာမှအဓိပ္ပါယ်မရှိသလို ပြောဆိုနေထိုင်နိုင်ခဲ့သူ။

အခုတော့ သည်လူသည် မိုးမိုးကိုထား၍ တစ်ပါး သောမိန်းကလေးကို စေ့စပ်လိုက်ပြီပဲ။

ခန်းဆီးစသည် လေအဝေ့မှာ ဖျတ်ခနဲလှုပ်၏။ ရုတ်တရက်နောက်ပြန်လှည့်ကာစားပွဲပေါ်မှသတင်းစာကိုကောက်ယူလျက် ဒေါသတကြီး လုံးခြေနေမိပြန်တော့သည်။

မိမိနှလုံးသားကို လုံးခြေလိုက်သလို ခံစားနာကျင်ရပြန်သည်လေ။

* * *



" ဘာတွေဖြစ်တာလဲ "

သူ့ကိုမြင်ပြီး ရပ်စောင့်နေသည့် ခင်မ၏ အမေးကို ဘာပြန်ဖြေရမှန်းမသိ။ သတင်းစာထဲမှာပါပြီး သုံးရက် လောက်သူခွင့်တင်ခဲ့သည်။

တံတွေးကိုမျိုချမိပြီး ခင့်မကိုပြန်မဖြေဘဲ မျက်နှာကို ငုံ့လိုက်မိသည်။ ကြေကွဲဝမ်းနည်းခြင်း၊ ရှက်ရွံ့အားငယ်ခြင်း တို့ တစ်ကိုယ်လုံးပျံ့နှံ့သွားသလိုပင်။

" ငါမပြောတတ်ဘူးခင်မ "

ခြေလှမ်း သုံးလေးလှမ်းကို လေးပင်စွာလှမ်းအပြီး မှာ ခေါင်းငုံ့ရင်း စကားထွက်သည်။

" နေလတ် ဒီလောက်ယုတ်မာမယ် ငါမထင်ဘူး "

ခင်မနှုတ်မှ ဒေါသစကားထွက်သည်။ တက္ကသိုလ် တစ်လျှောက်လုံး တစ်တွဲတွဲနေလာခဲ့ကြသူများမို့ တစ်ယောက် နှင့် တစ်ယောက် ပြောမနာဆိုမနာတွေ။ ဘာမှ ပြန်မပြောမိဘဲ, ခင်မ မျက်နှာကို ဖျတ်ခနဲအကြည့်ဝေ့သည်။

" နင့်ကိုဘာပြောသွားလဲ မိုးမိုး "

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းခေါင်းယမ်းပြလိုက်မိသည်။

အဆောက်အအုံထဲဝင်လိုက်စဉ် လေအေးစက် လွှတ်ထားတာသတိထားမိသည်။ ညာဘက်ကိုချိုး၍ အပေါ် ထပ်တက်ရန် လျှောက်သည်။

" သူ့အိမ်ကအမြန်ဆုံးပြန်ခဲ့ပါလို့ သံကြိုးလာလို့ ပြန်မယ်ဆိုတာလောက်ပဲသိတယ် "

လှေကားပထမထပ်မှာ ခင်မကိုကြည့်ရင်းပြောလိုက်၏။

" နင်ဘာမှ မရိပ်မိဘူးပေါ့ "

" ဟင့်အင်း "

" သူ့အိမ်ကစီစဉ်ထားတာတွေ ဘာတွေရှိတယ် ကြားလား "

သက်ပြင်းငွေ့ငွေ့ကိုချကာ . . .

"ငါက သူ့အိမ်အကြောင်းတွေဘာတွေ စပ်စပ်စုစု လုပ်မကြည့်မိဘူး "

ဟု မသက်မသာပြောလိုက်မိ၏။

" မဟုတ်ဘူးလေ၊ ငါသိချင်တာက အိမ်ကဇွတ်စီစဉ် လိုက်တာလား၊ ဒါမှမဟုတ် သူ့ဘာသာဖောက် ပြန်ပြီး . . . နင်မသိဘဲ တစ်ယောက်ရှိနေတာ လား အဲဒါ . . . "

" ငါဘာမှမသိဘူး "



" နင်ကလဲဟာ "

လှေကားထိပ်ရောက်တော့ ခင်မက သူ့အလုပ်ခန်း ရှိရာဘယ်ဘက်တိုကွေ့ရသည်။

" ဒါဆို ငါသွားမယ် မိုးမိုး နင်သိပ်လဲ စိတ်ဆင်းရဲ မနေ ပါနဲ့၊ စိတ်မမှန်တဲ့လူနဲ့ စောစောလမ်းခွဲသွားရတာ ကံကောင်းတယ်လို့မှတ်ပေါ့။ ထမင်းစားချိန်မှ ပြန်ဆုံမယ် "

ခေါင်းညိတ်ပြရင်းရှေ့ဆက်လျှောက်စဉ် ခင်မက ဘယ်ဘက်ဆီ ချိုးကွေ့လိုက်၏။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com



"မောင် အိမ်ခဏပြန်ရမယ် မိုးမိုး"

ရုံးအဆင်းမှာလာစောင့်နေသည့် မောင်က အနားရောက်လာသည့် မိုးမိုးကိုကြည့်ရင်းပြောလိုက်သည်။

"ဟယ် ရုတ်တရက်ကြီး"

"ဟုတ်တယ် မိုးမိုး သံကြိုးရောက်လာလို့"

မောင်က အကျႌအိတ်ထဲမှ စာရွက်ပိုင်းကို ထုတ်ယူရင်း လက်ထဲသို့ထည့်သည်။ အမြန်ဆုံး ပြန်လာပါဆိုသည့် စာသားကိုဖတ်ရင်း မောင့်လက်ထဲသို့ သံကြိုးစာရွက်ကို ပေးလိုက်၏။

"မိုးမိုး အချိန်ရလား မောင်တို့ထိုင်နေကျဆိုင် ခဏသွားထိုင်ရအောင်"

ဆိုတော့ ခေါင်းညိတ်ပြဖြစ်သည်။ ပြီးတော့ မောင်နှင့်အတူ ရုံးရှေ့မှထွက်လာခဲ့၏။

ဝန်းနှင့်ခြံသည် ကျယ်ဝန်းသေသပ်၍ဆိတ်ငြိမ်သည်။ ကုံကော်ပင်များ၊ မရန်းပင်များ အုပ်အုပ်ဆိုင်းဆိုင်းရှိသဖြင့် အေးရိပ်မွန်ဆိုသည့်အမည်နှင့် လိုက်ဖက်လှသည်ထင်၏။ ခြံတွင်းသို့ဝင်လိုက်သည်နှင့် ကားပတ်ကင်ထိုးသည့်နေရာမှာ ကားသုံး



လေးစီးကိုမြင်သည်။ သစ်ပင်အောက်မှာ ခုံပုလေး တွေချပေးထားသည်မို့လွတ်လပ်ပြီး အနှောင့်အယှက်ကင်း နေသလို၊ သီချင်းသံငြိမ့်ငြိမ့်သည် ပြောနေသည့်စကားသံကို အဟန့်အတားမဖြစ်။

မရမ်းပင် ဝိုက်ဝိုက်အောက်မှ ခုံပုလေးမှာသူတို့ထိုင်ဖြစ်သည်။

"နက်စ်ကော်ဖီခါးခါးနှစ်ခွက်"

မောင်က စားပွဲထိုးကလေးကိုမှာလိုက်ရင်း မိုးမိုးကိုလှမ်းကြည့်သည်။

"တစ်ခုခုစားပါလား မိုးမိုး"

ဆိုတော့ ခေါင်းယမ်းပြလိုက်မိ၏။

အကျႌအိတ်တွင်းမှ စီးကရက်ဘူးကိုထုတ်ယူပြီး တစ်လိပ်မီးညှိဖွာရှိုက်သည်။

မှုတ်ထုတ်လိုက်သည့်မီးခိုးမှာ သက်ပြင်းတွေရောထွေးပါသွားသလား။

မောင့်ကို ငေးကြည့်နေမိပြန်သည်။

★ ★ ★

www.burmeseclassic.com



" မောင်စိတ်ပူနေလို့လား၊ တစ်ခုခုစိတ်ပူစရာလို့
မောင်ထင်နေလားဟင် . . . "

သောက်လက်စကော်ဖီပန်းကန်ကို ပြန်ချရင်း မောင့်မျက်နှာ ကိုကြည့်ကာမေးလိုက်သည်။

လေပူတစ်ချက်ကို မှုတ်ထုတ်ရင်း တိုနေပြီဖြစ်သည့် စီးကရက်ကိုခုံမှာထိုးခြေသည်။

" မောင်မသိဘူး မိုးမိုး "

မကြည့်ဘဲ မောင်ပြော၏။ မောင့်အသံက လေးပင်နေသယောင်။ ဝေဒနာတစ်စွန်းတစ်စသည် အသံမှာတွဲခိုပါ လာသလို။

" ဘာပြဿနာဖြစ်ပြန်ပြီလဲမသိဘူး "

သူ့မိသားစုကိစ္စကို တစ်ကြိမ်တစ်ခါမျှ မပြောခဲ့ဖူး သည့် မောင့်နှုတ်မှစကားသံ လျှံကျသည်။ မောင်သည် လျှို့ဝှက်သိပ်သည်းလွန်းသူမဟုတ်သော်ငြား စပ်စပ်စုစု စကားဖွာသူကား မဟုတ်။ သူ့မိသားစုကိစ္စ၊ သူ့အိမ်ကိစ္စတို့ကို ပြောလေ့ ပြောထ မရှိသလို မိုးမိုးမိသားစုကိစ္စကိုလည်း စပ်စပ် စုစုမရှိခဲ့။



" မိုးမိုးတော့ မောင့်ကိုလွမ်းနေမှာ "

ရေနွေးကြမ်းကရားကို ကောက်ယူလျက် အကြမ်းပန်းကန်မှာ ငှဲ့ရင်းပြောသည်။

" မောင်လဲလွမ်းမှာပါ "

မောင့်မျက်နှာကိုငေးမောကြည့်လိုက်စဉ် မောင်က ပြုံးပြလိုက်၏။

" ကိစ္စပြီးတာနဲ့ မောင်ပြန်လာခဲ့မှာပါ။ ဒီက အလုပ်ကိစ္စ
တွေကလဲမပြတ်ဘူး "

မောင်က အလုပ်ဖြင့်သူတို့မြို့ကိုပြောင်းလာရသူ။ ဘယ်လိုဖြစ်ဖြစ် အရွယ်နှင့်စာပါက မောင်သည် တာဝန် ဝတ္တရားကြီးမားသူပင်။ သူ့ကိစ္စများစွာကို ကြာရှည်ပစ်ပယ် စွန့်ခွာသွား၍ ရနိုင်သူမဟုတ်ဟု နားလည်မိပြန်သည်။

" အလုပ်တွေကြောင့် မြန်မြန်ပြန်လာမှာမဟုတ် လား။
သိပါတယ် "

မျက်စောင်းဖြင့် စကားဆိုမိပြန်၏။

" အတူတူပဲပေါ့ မိုးမိုးရယ် "

ဟု မောင်က ခပ်ပြုံးပြုံးပြန်ပြောလိုက်သည်။

ကျနေသည် မရန်းရွက်များကိုဖြတ်လျက် သူတို့ စားပွဲပေါ်သို့ကျ၏။ ဝေ့ဖြတ်သွားသည့်လေပြည်တစ်ချက်သည် နဖူးဆံစကိုဖွာရာကျဲသွားစေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိုးမိုးတို့ လက်ထပ်ပွဲကိစ္စလဲ အလျှဉ်းသင့်ရင် ဆွေးနွေးခဲ့ပါလား"

မောင့်ကိုကြည့်ရင်း ပြောစဉ် မောင်ကခေါင်းကို ညိတ်၏။

★ ★ ★

မောင်အိမ်ပြန်မသွားခင် ညနေကတွေ့ဆုံခဲ့တာ အတွေးမှာပြန်ပေါ်သည်။ သည်တုန်းက မောင့်မှာ ဘာအစီ အစဉ်မှရှိပုံမရ။ ဘာကိုမှလည်းသိပုံမရ။ သည်နှယ်မသိဟန် ပြုကာ မောင်ဟန်ဆောင်ကောင်းခဲ့ပါသလား။ စိမ်းပြတ် နာကြည်း၊ မုန်းတီးရန်မှာလည်း မောင်နှင့် မိုးမိုးကြားမှာ ဘာမျှမရှိခဲ့ပါလား။

စဉ်းစားရင်း မျက်ရည်လည်လာမိပြန်သည်။

★ ★ ★



မေမေ၏ ခပ်ထေ့ထေ့အပြုံးသည် စကားလုံးဖြင့်အပြစ်တင်နေသည်ထက်ပို၍ခံခက်၏။ အစကတည်းက မေမေမပြောလားဆိုသည့်စကားကို မေမေ့မျက်ဝန်းကပြော ကြားနေသယောင်။ သတင်းစာပုံမှန်ဖတ်သည့်မေမေသည် မောင့်စေ့စပ်သတင်းကိုလည်းတွေ့မိမည်မှာမလွဲ။ မောင့် ဖေဖေ၊ မေမေ၏အမည် မောင့်အလုပ်အကိုင်တို့ကိုသိထား ခဲ့သောမေမေသည် မောင်ဟု အတတ်သိပေလိမ့်မည်။ သို့တိုင် သည်ကိစ္စ ဘာတစ်ခွန်းမျှမဟ။ မိုးမိုးအမူအရာ ပျက်နေ သည်ကိုလည်း မသိကျိုးကျွန်ပြုနေပြန်သည်။

"ယောကျ်ားတွေဟာ ဘယ်တော့မှ ရာနှုန်းပြည့်ယုံရတဲ့သူတွေမဟုတ်ဘူးမိမိုး"

မောင်နှင့် လက်ထပ်ခွင့်ပြုဖို့ မေမေ့ကိုဖွင့်ဟာ တိုင်ပင်စဉ်က မေမေပြောခဲ့သည့်စကားတို့ကို ပြန်ကြားယောင်သည်။

"လက်မထပ်ဘဲ အတူနေတယ်ဆိုတဲ့ အနောက်တိုင်းဓလေ့မှာက အနောက်တိုင်းက မိန်းမတွေဟာ အပျို

www.burmeseclassic.com

www.burmeseclassic.com



ရည်ဆိုတာကို တန်ဖိုးမထားကြဘူး။ အနောက်တိုင်းက ယောက်ျားတွေကလဲဒီကိစ္စကိုအလေးအနက်ထားကြတာ မဟုတ်ဘူးလေ။ အမေတို့နိုင်ငံလူမျိုးရဲ့ဓလေ့မှာက မိန်းမရော၊ ယောက်ျားရောက ဒီ 'အပျိုရည်' ဆိုတဲ့ ကိစ္စကို အလေးအနက်ထားတယ်။ တန်ဖိုးထားတယ်။ သန့်စင်မှုဆိုတာကို ဂုဏ်ယူကြတယ်။ လူ့သိက္ခာ၊ ကိုယ်ကျင့်တရားရဲ့ တစ်စိတ် တစ်ပိုင်း အဖြစ် လက်ခံထားကြတယ်။ ဒီတော့ အမေပြောချင် တာက ခေတ်မီတယ် ခေတ်ဆန်တယ်ဆိုပြီး ဒီလက်မထပ်ခင် အတူနေတဲ့ဓလေ့မျိုးကို အမေ တို့ လူမျိုးတွေက လက်ခံကျင့်သုံးစရာ မလိုဘူး သမီး။ ပြီးတော့ အမေတို့က ဗုဒ္ဓဘာသာတွေ။ ကံ ကံ၏ အကျိုးတရားကို လက်ခံထားတဲ့သူတွေ၊ ချစ်သူနှစ်ဦးပေါင်းရဖို့ ဘယ်သူက ဘယ်လောက် အာမခံရဲမလဲ။ ကံတရားအတိုင်းသေကွဲ၊ ရှင်ကွဲ ကွဲတတ်ကြတာမျိုး။ ဒီတော့ လက်မထပ်ခင် မရေရာခင်မှာ စည်းစောင့်တာ အကောင်းဆုံး ပါပဲ သမီး။ အမေကတော့အစွန်းရောက် တယ်ပဲပြောပြော၊ ဘယ်ယောက်ျားကိုမှ အမေမယုံဘူး "

အမေပြောခဲ့သည့်စကားတို့က နားမှာရစ်ဝဲ ဝေ့သီလာသည်။ သည်တုန်းကတော့ အမေသည် ရှေးရိုးဆန်စွာ အစိုးရိမ်



ကြီးလွန်းသည်ပဲဟုတွေးခဲ့မိသည်။

မပြောမဆို မောင် စေ့စပ်လိုက်ပြီဆိုတာသိရတော့မှ မေမေ ပြောသည့် မယုံကြည်အပ်သော ယောက်ျားတွေထဲမှာ မောင်လည်းပါနေပါရော့လားသိတော့၏။

မောင် သည်လိုလုပ်သွားလိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးခဲ့မိ။

* * *

ခင်မိုးညိုက သူ့ကိုအနားခေါ်ပြီး ပြောပြနေတတ် စမြဲ။ တစ်ခါခါမှာတော့ မမခင်မိုး၏ သူငယ်ချင်း မမ ခင်မ ရောက်လာတတ်သည်။ မမခင်မ ကိုဖက်ပြီး မမခင်မိုးငိုတာ ကို သူ ခဏခဏကြုံခဲ့ရ၏။

မမခင်မိုးညို၏ ချစ်သူ ကိုနေလတ်သည် စေ့စပ်ပြီး မကြာမီမှာပဲ လက်ထပ်လိုက်သည်ကြားရ၏။ သူတို့မြို့ကို ချက်ချင်းပြန်မလာဘဲ ခွင့်တင်သည်ကြားသည်။ သူ မမခင်မိုး ကိုမျက်နှာချင်းမဆိုင်တော့။ လက်ထပ်ပြီးမှ သူ့အမျိုးသမီး ကိုပါ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီး သည်မြို့ကိုပြန်ရောက်လာခဲ့သည်။ သူရောက် လာပြီး ပထမတစ်လ၊ နှစ်လလောက်တော့ မမ ခင်မိုးညိုက ပုံမပျက် ရုံးတက်နေသေးသည်။

တစ်နေ့ ရုံးမှာမူးလဲပြီး ဆေးခန်းပို့ရ၏။ သည်က စ၍ မမခင်မိုးညို ရောဂါမသက်သာတော့ဘဲ အိပ်ရာထဲမှာ တစ်လ လောက်ကြာသွားသည်။ ဆရာဝန်က နှလုံးရောဂါ ဟု နာမည်တပ် သည်။ အမေကတော့ အသည်းရော၊ နှလုံးရော ဖြစ်တာပေါ့ဟု မမခင်မကို ပြောသံကြားရ၏။ နောက်တော့ မမခင်မိုးညို သူ့လက်တွင်းမှာပင် အသက်ထွက်သွားတော့ သည်။

မမခင်မိုးညို၏ မျက်နှာကို တစိမ့်စိမ့်ကြည့်၍ ကြေကွဲ ဆို့နစ်စွာခံစားလိုက်ရသည်ပဲ။

ဘာကြောင့်ပဲသေရသေရ မမခင်မိုးညိုမှာ အချစ်နှင့် ပတ်သက်၍ အဘယ်မျှခံစားကြေကွဲရသည်ကိုတော့ သူအသိ ဆုံးပင်။

တစ်ခန်းတည်းအတူနေသူမို့ ညည တစ်ဦးတည်း ထထိုင် နေတတ်တာ၊ ပြတင်းဝမှာရပ်ပြီး ကောင်းကင်ကို အကြာကြီး ငေးကြည့်နေတတ်တာတွေ သူမကြာမကြာတွေ့ ရသည်ပဲ။

ယောက်ျားတစ်ယောက်ဟာ သည်အထိ ဒုက္ခပေးနိုင် ပါသလားဟု သည်တုန်းကတည်းက သူတွေးခဲ့ဖူးသည်လေ ။

★ ★ ★

(၂)

မေမေသည် သမီးနှစ်ယောက်နှင့် လင်ယောက်ျား၏ စွန့်ပစ်သွားခြင်းကိုခံရသော်ငြား အားလျော့၊ အားငယ် တတ်သူ မဟုတ်ခဲ့။ ဈေးထဲမှာရှိနေသည့် ကုန်ခြောက်ဆိုင် ကလေးက မိသားစု စားဝတ်နေရေးကို ဟန်မပျက်အောင် အထောက် အကူ ပေးခဲ့သည်ပဲ။ မမခင်မိုးညို ဆယ်တန်း အောင်တော့ မေမေက တက္ကသိုလ်အတင်းပို့သည်။ မမ ခင်မိုးညိုက သူ့ကိုညာသည်။ သူတစာတော်သည်။ ဆေး သို့မဟုတ် စက်မှုရမှာပဲဟု မမ ခင်မိုးညို ကတွက်ပြီးသား။ သည်တော့ သူတက္ကသိုလ်မတက်ချင်။ သူက ရိုးရိုးဝိဇ္ဇာသိပ္ပံ လိုင်းသာရမှာမို့ ညီမငယ်ဆယ်တန်းအောင်မှ တက္ကသိုလ် ပို့မည်ဟု မေမေ့ကိုပြော၏။ မေမေအတင်း အကျပ်

www.burmeseclassic.com

www.burmeseclassic.com



ပြောသည့်စကားကို မမခင်မိုးညိုလက်မခံဘဲ အလုပ်ဝင်လျှောက်ခဲ့သည်။ သူ့သူငယ်ချင်း မမခင်မနှင့်အတူ သူတို့နှစ်ယောက် အလုပ်တော့ရသွားကြ၏။ အလုပ်ထဲရောက်သွားမှ ကိုနေ လတ်နှင့်တွေ့ပြီး ချစ်ကြိုက်သွားခဲ့ကြသည်ပဲ။

ကိုနေလတ် ခွဲခွါသွားခြင်းသည် မမခင်မိုးညို သေဆုံးသွားသည့်အထိဖြစ်လိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့။ တိုက်ဆိုင်မှုပဲဆိုဆို သည်နောက်ပိုင်းမှာ မမခင်မိုး ညို ပုံစံပြောင်းလာသည်ကတော့အမှန်ပင်။ အနေမမှန်၊ အစားမမှန်၊ အအိပ်မမှန်နှင့်ငှတူတူ ငိုင်တိုင်တိုင်ဖြစ်လာ သည်။ နောက်ဆုံးတော့ အသက်ပါသွားသည်အထိ။

ခင်ထားညိုဆယ်တန်းအောင်သည့်နေ့ကလည်း မမခင်မိုးညိုကို တမ်းတစိတ်ဖြင့် ငိုရပြန်သည်။ မမပြောခဲ့ သလို သူ စက်မှုတက္ကသိုလ်ကိုတက်ခွင့်ရပြန်တော့ မမခင်မိုးညိုကို ပိုလို့သတိတရဖြစ်ရပြန်သည်ပဲ။မမသာရှိလျှင် ဘယ်လောက်ဝမ်းသာလိုက်မလဲဟုတွေးမိရင်း ကြေကွဲမျက် ရည်ကျရပြန်သည်လေ။

* * *



တက္ကသိုလ်ရောက်တော့ သူ့မှာအပေါင်းအသင်းများများစားစားမရှိ။ အခန်းဖော် မြမြဦးနှင့်သူတွဲဖြစ်သွားသည်။ မကြာခင်မှာပင် သူရောမြမြဦးပါ အနုပညာကိုဝါသနာ ပါတာချင်းတူနေကြပြန်၏။ စာဖတ်ဝါသနာပါကြတာ၊ ဂီတကိုမြတ်နိုးချစ်ခင်တတ်တာ တူနေကြတော့ ပိုလို့ ရင်းနှီးကျွမ်းဝင်သွားသည်။ ဒုတိယနှစ်ဝက်မှာပင် မြမြဦး၏ တိုက်တွန်းမှုဖြင့် သူရောမြမြဦးပါ အနုပညာအသင်းဝင် ဖြစ်သွားတော့၏။ ပြီးတော့ သူတို့နှစ်ဦးအဆိုသင်တန်း တက်ဖြစ်ကြသည်။

သည်လိုနှင့် အနုပညာအသင်းမှာ ကျော်ခေါင်စိုး၊ သန်းဝေ၊ မောင်မောင်နှင့် ညီလတ်တို့ကို ရင်းနှီးခွင့်ကြုံရပြန်သည်။ မေဂျာတူ တစ်တန်းတည်းဖြစ်၍လည်း အလွန် ရင်းနှီးသွားတော့သည်။ သူတို့အုပ်စုလေးသည် ခုံနံပါတ်များ လည်းနီးကပ်သဖြင့် လက်တွေ့လုပ်ရာမှာလည်း တစ်အုပ်စု တည်းပင်။ နောက်တော့ ကင်းတင်းဆင်းလျှင်လည်းအတူ၊ မြို့ထဲသွားလျှင်လည်း အတူနှင့် တကယ့်မောင်နှမအရင်းတွေ ပမာ ချစ်ခင်လာကြတော့၏။

သူကယောကျ်ားလေးများနှင့် ခပ်ကင်းကင်းနေခဲ့ သူမို့

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ မောင်မောင်တို့ အုပ်စုနှင့် သူတစ်သား တည်းမကျ ချင်။ နောက်တော့ နောက်နောက်ပြောင်ပြောင် ပြောမနာ၊ ဆိုမနာ နေလာကြရင်း တစ်ယောက်အတွင်းစိတ် တစ်ယောက်နား လည် လာခဲ့ကြသည်ပဲ။

သည်အထဲက ကျော့်ခေါင်စိုးကို သူသံယောဇဉ်ပိုပြီ ဟု အားသာသိသည့်နေ့က မေမေ့မျက်နှာကိုမြင်ယောင်ရင်း ရင်တွင်း မှာ ဗလောင်ဆူခဲ့ရပြန်သည်လေ။

★ ★ ★

(၃)

" ငါ့ကိုမစနဲ့ မောင်မောင် "

တစ်နေ့ ကဲင်းတင်းမှာ မောင်မောင်က ကျော့်ခေါင်စိုးနှင့် ...ကိုစသည်။ ကျော့်ခေါင်စိုးအတွက် ကျောင်းပျက်ထားသောစာ ...ချို့ သူကူးပေးပြီး စာအုပ် ပေးဖို့ ကျော့်ခေါင်စိုးကို သူမေး ...ည်။ အဲဒီနေ့က ကျော့်ခေါင်စိုး ကဲင်းတင်းရောက် မလာ။

" နင်ကလဲ ကျော့်ခေါင်ကိုမတွေ့ရင်မနေတတ်တော့ ဘူးလား မိထား "

ဟု မောင်မောင်ကသူ့ကိုမေးလိုက်သည်မို့ သူ မျက်နှာ ...ား တင်းတင်းနှင့် မောင်မောင်ကိုပြန်ကြည့်သည်။

" စိတ်မဆိုးပါနဲ့ဟာ . . . ငါစတာပါ "

www.burmeseclassic.com

www.burmeseclassic.com



ဟု မောင်မောင်ကလျှော့ချသွားပေမယ့် . .

" ငါ့ကိုမစနဲ့ မောင်မောင် "

ဟု ခပ်တည်တည်ပြောလိုက်မိ၏။

" အနာပေါ်တုတ်ကျတယ်ဆိုတဲ့စကား မင်းကြားဖူးတယ်မဟုတ်လား မောင်မောင် "

ညီလတ်ကထပ်နှောက်တော့ ညီလတ်ကို သူမျက်စောင်းထိုး လိုက်မိသေးသည်။

သူ့အနေအထိုင် အပြောအဆိုတွေက ကျော်ခေါင်နှင့်ပတ်သက်လျှင် ပတ်ဝန်းကျင်ကရိပ်မိအောင် အနေအထား ပျက်ယွင်းနေပြီလားဟု တွေးရင်း၊ ဝမ်းနည်း ချင်လာ တော့သည်။ အဲဒီညနေက ခါတိုင်းလို သူရွှင်ရွှင်ပျပျမရှိ။ ရင်ထဲမှငြိနေသည့် သံယောဇဉ်အတင်းကို သူက ငွတ်ငြင်း၍ ရှောင်ချင်ပြန်သည်။

" ငါကျော်ခေါင်နဲ့ပတ်သက်ရင် နေတာထိုင်တာ မှားနေလား မြမြဦး "

ညရောက်တော့ မြမြဦးကိုသူမေးမိသည်။

" မှားတယ်တော့မဟုတ်ဘူးပေါ့ ထားရယ်၊ ဒါပေမယ့် စေတနာပိုတာ၊ သံယောဇဉ်ကြီးတာတွေက တစ်ခါခါမှာ အလိုလိုထင်ထင် ရှားဖြစ်နေ တတ်တာပဲ။ နှင့်အပြစ်လဲ မဟုတ်ပါဘူးလေ။ ဘယ်သူမဆို ဒီလိုပဲ ဖြစ်တတ်တာပဲ ဟာ "



သူ သက်ပြင်းကိုသာ ချလိုက်မိသည်။ ဘယ် ယောကျ်ားလေးအပေါ်မှာမှ သံယောဇဉ်မငြိပါဘူးဟု တင်း ထားခဲ့မိသည့်စိတ်က ဘာကြောင့် အလိုလိုလျှော့ပြေသွား ခဲ့ပါသလဲ။ ဖေဖေ ဖောက်ပြန်သွားတာ၊ မမမိုးညိုအပေါ် ကိုနေလတ်သစ်စိမ်းချိုး ဖြတ်သွားခဲ့တာအားလုံးဟာ ယောကျ်ားတွေကိုမယုံကြည်တတ်ဖို့ သင်ခန်းစာတွေပါလား။

သတိထား၍တင်းရင်း အထင်သေးစွာ သံသယ ဝင်ရင်း နှင့်ပင် ယောကျ်ားတစ်ယောက်ကို သူသံယောဇဉ် တွယ်မိပြီဟု ဘာသာနားလည်ခိုက်မှာ လှိုက်လှိုက်လှဲလှဲ ကြေကွဲရပြန်တော့၏။

ဘယ်တော့မှ သည်လိုမဖြစ်စေရဟု ဦးနှောက်က သတိပေးနေပါလျက် သူ့နှလုံးသားက ဘယ့်အတွက် ပျော့ညံ့ရသည်ကို မစဉ်းစားတတ်။

သံယောဇဉ်၏ အရစ်အပတ်ကို နှလုံးသားက ဘာကြောင့် လက်ခံခဲ့ရပါသလဲကွယ် . . .။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၄)

“ နှင်းကျော်ခေါင်အပေါ်မှာ သံယောဇဉ် သိပ် မထားနဲ့ မိထား၊ နောက်နှင်ပဲခံရမှာ ”

ဒီစကားကို မြမြဦးနှင့်သူ နှစ်ယောက်တည်းရှိစဉ် သန်းဝေ ရောက်လာပြီးပြောသည်။ သန်းဝေဆီကစကား ကြားရတော့ ရှက်သလို၊ လိပ်ပြာငယ်သလိုနှင့် အလိုလိုဒေါသ ထွက်ရသေးသည်။

“ ဘာဖြစ်လို့လဲ သန်းဝေ ”

နှုတ်မှာ အာစေးထည့်ထားသလို ဘာမှပြန်မပြော မိခင် သူမေးချင်သည့်စကားကို မြမြဦးက မေးလိုက်၏။

“ ဘာဖြစ်ရမှာလဲဟ၊ ထားက ဒီကောင့်အပေါ်မှာ သံယောဇဉ်သိပ်ကြီးတာ ငါတို့တစ်ဖွဲ့လုံး သိတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူလဲ မသိဘဲနေမလား။ အခုဒီကောင် မြသူဇာအပေါ် မှာစိတ်ညွှတ် နေပြီ။ မြသူဇာ မြသူဇာနဲ့ ပါးစပ်က မချတော့ဘူး ”

“ ပတ္တလားသင်ပေးနေတော့ပိုပြီး နီးစပ်သွားမှာပေါ့ ”

ဟု မြမြဦးပြောသည်။ သည်အကြောင်းတွေကို သူ ဘာမှ မကြားချင်တော့။ မကြားရဲဟုဆိုကပို၍မှန်မည်။ မြသူဇာကို ပတ္တလားသင်ပေးမည်ဟု ညီလတ်ဆီကကြားရစဉ်က တကယ် မထင်မိ။ ဒီကောင်တွေ နောက်ပြောင်နေကျမို့ နောက်နေသည် ပဲထင်တာ။ နောက်တော့ တကယ်ဆိုတာသိပြီး ရင်ထဲနင့်ခနဲ ဖြစ်ရသည်။ ဘာဆိုင်လို့ ဒီလိုခံစားရမှာ လဲ တွေးရင်း မာနနှင့်တင်းသော်ငြား လှုပ်ရှားစိတ်ကမငြိမ်။ စွန့်လွှတ်ရတော့မှာလား အတွေးက လောင်မြိုက်ပူပန်စေ ပြန်သည်ပဲ။

“ အဲဒါပြောတာပေါ့ ဒီလောက်နီးစပ်နေမှတော့ သိပ်ကြာမယ်မထင်ဘူး ”

“ နီးစပ်လို့ စိတ်လှုပ်ရှားပြီးဖြစ်သွားမယ့်ယောက်ျားထဲမှာ ကျော်ခေါင်ပါနေလား ”

သူ တည်တည်ငြိမ်ငြိမ်ပြောလိုက်မိပြန်သည်။

“ နင်အဲဒါခက်တာပဲ မိထား။ ကျော်ခေါင့်အပေါ် ဆို နင်အမြဲအကောင်းမြင်နေတာပဲ ”



“ မဟုတ်ပါဘူး . . ငါပြောချင်တာက သူတကယ် မချစ်ဘဲ နီးစပ်ရုံနဲ့ အခွင့်အရေးရရုံနဲ့တော့ မိန်းကလေးတစ်ယောက်နဲ့ ချစ်သူဖြစ်မသွားနိုင်ဘူး ထင်လို့ပါ ”

“ ဘာဖြစ်ဖြစ်ဟာ နင်သိပ်မခံစားစေချင်လို့ ငါသတိပေးတာ ”

သန်းဝေက အမြဲလူကြီးဆန်သည်။ သူတို့အထဲမှာ အသက်လည်းအကြီးဆုံးမို့ သူတို့အားလုံးကို အစ်ကိုကြီး သဖွယ် ဆုံးမပြောဆိုတတ်စမြဲ။ နှုတ်က အကျင့်ပါနေလို့သာ နင့်ငါဟု တရင်းတနှီးဆက်ဆံနေမိသည်သာ။

“ ဦးနှောက်ကတွက်တတ်တယ်။ ချင့်ချိန်တတ်တယ်၊ သင့်မသင့်၊တော်မတော်စဉ်းစားတတ်တယ်နှလုံးသားကအဲဒါတွေအားလုံးမလုပ်တတ်ဘူးသန်းဝေ။ အပေးအယူသဘော မရှိဘူး။ အရှုံး အမြတ်သဘော မတွက်ဘူးနှလုံးသားမှာခံစားရပြီဆိုကတည်းက ဘယ်အခြေအနေရောက်ရောက် ပျောက်ပျက် သွားဖို့ဆိုတာ မလွယ်ဘူး ငါထင်တယ်လေ . ”

မြမြဦးတို့ သန်းဝေတို့ကိုတော့ သူမရှက်။ ရင်ထဲက စကားတို့က အလိုလိုပွင့်အန်ထွက်လာခဲ့ပြန်သည်။

“ ငါပြောတာနောက်ကျသွားပြီဆိုတာ နင့်စကား

www.burmeseclassic.com

www.burmeseclassic.com



ကြားရုံနဲ့ ငါသိပြီ မိထား ”

သန်းဝေက သူ့ကိုမကြည့်ဘဲ ညည်းညူသလိုပြောရင်း သက်ပြင်းချတာတွေ့သည်။

“ စိတ်ချပါ၊ ငါတစ်ခုတော့ပြောမယ်သန်းဝေ၊ လူတစ်ယောက်ကိုချစ်တာ အဲဒီလူကို ကောင်းစေ ချင်တဲ့ စေတနာ၊ စိတ်ချမ်းသာစေချင်တဲ့ ဆန္ဒ၊ သူ့အတွက် ကိုယ်ကပေးဆပ် နေရတဲ့ ဘဝမျိုးလို့ပဲ ငါလက်ခံထားတာ။ ဘာမှပြန် မမျှော်လင့်ထား တော့ သိပ်ပြီး ပူပူလောင်လောင်မခံစားရဘူး ထင်ပါတယ်။ ငါ နေတတ်အောင်နေပါမယ်ဟာ ”

မြမြဦးကသူ့ကိုနားလည်စွာ ငဲ့စောင်းကြည့် သည်။ သန်းဝေ ကဘာမှပြန်မပြော။

★ ★ ★

(၅)

BURMESE CLASSIC .com

နှင်းတွေပိန်းပိတ်အောင်မှောင်ရီကျနေသည့်မနက် က သူ့ရင်သည် ပွက်ပွက်ဆူ လောင်မြိုက်ခဲ့ရသည်ပဲ။

နှလုံးသားမီးတောင်ဝမှလျှံကျသည့်ချော်ရည် ချော်စ တွေဟု သူတွေးမိသေးသည်။

အိပ်မက်မက်လေ့မက်ထမရှိပါပဲ ထိုညက သူ အိပ်မက် မက်ခဲ့သည်။ အိပ်မက်ထဲမှာ ကျော်ခေါင်ကိုသူတွေ့တော့ အပြင် မှာလိုရှင်မြူးနေမိသေး၏။ ကျော်ခေါင်ကသူ့ကို မြင်ပုံမရ။ ခဏကြာတော့ ကျော်ခေါင့်ဘေးမှာ မြသူဇာ ရောက်လာသည်။ မြသူဇာနှင့်ကျော်ခေါင်တို့ ကြည်ကြည် နူးနူး ရွှင်ရွှင်ပျပျနှင့် လက်တွဲကာ သူ့ရှေ့မှဖြတ်သွားတော့ သူ ကျော်ခေါင့်ကို လှမ်းခေါ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျော်ခေါင်ကကြားပုံမရ သူ့ကိုလှည့်မကြည့်ဘဲ ဟိုးအဝေးကိုဆက်လျှောက်သွားကြ သည်။ ကျော်ခေါင့်ကိုလှမ်းခေါ်ရင်း လက်လှုပ်ဆုံးရှုံးရပြီ အသိနှင့် ကြေကွဲလောင်မြိုက်ရသည်။ ဝမ်းနည်းဆို့နင့်စွာ ငိုကြွေးနေရင်း အိပ်မက်မှ နိုးလာခဲ့သည်။ အိပ်ရာမှနိုးလို့ မျက်နှာကိုစမ်းကြည့်တော့ မျက်ရည်စတွေ မခြောက်သေး။ ကြေကွဲမှုက၊ ရင်ထဲမှာကျန်ရစ်နေသေးတာ သတိထားမိ သည်။

ပြန်အိပ်လို့မရတော့။ မနက်အစောကြီးထကာ တံခါးဖွင့်လိုက်စဉ် နှင်းလွှင်ပြင်ကြီးထဲရောက်နေသလား ထင်ရတော့၏။ မျက်နှာချင်းဆိုင်မှ ဘောလုံးကွင်းကြီးသည် နှင်းပင်လယ်ကြီးဖြစ်သွားတော့၏။ နှင်းငွေ့ပါသည့်လေက မျက်နှာကိုဝေ့ပက်သည်။ အဆောင်ရှေ့ သစ်ပင်သစ်တန်း သည်ပင် နှင်းလွှင်ပြင်ထဲမှာ နစ်မြုပ်လျက် အမြင်အာရုံမှ ကွယ်ပျောက်နေပြီ။

မျက်နှာသစ်၊ ကိုယ်လက်သန့်စင်အပြီးမှာ ဆွယ်တာအနက်ကလေးကိုထပ်ဝတ်လိုက်၏။ ပြီးတော့ အခန်းထဲမှာသူမနေချင်တော့။ ဆိုင်တစ်ဆိုင်တော့ဖွင့်လောက်ပြီတွေးရင်း ကင်းတင်းဘက်လျှောက်ရန်ဆုံးဖြတ်သည်။

ကင်းတင်းရောက်တော့ ထိုင်နေကျဆိုင်ဖွင့်နေတာတွေ့ပြီး ဝင်ထိုင်လိုက်၏။ ကျော်ခေါင်နှင့် မြသူဇာ တကယ်ပဲ ချစ်သူဘဝရောက်သွားကြပြီလား။ ဟိုတလောတုန်းက တော့ ညီလတ်က



ကျော်ခေါင့်ကိုနှောက်နေတာ သူကြားရ သည်။ မင်းကိုဟိုက ပတ္တလားသင်ပေးဖို့ မျှော်လင့်ချက်ပေးပြီး ခိုင်းစားနေတာ၊ တကယ်ပြန်ချစ်မှာမဟုတ်ဘူး၊ မင်းအဖြေ တောင်းထားတာ ဒီလောက်ကြာနေပြီ မပေးချင်လို့မပေး တာပေါ့တဲ့။ အဲဒီစကား ကြားရစဉ်က ကျော်ခေါင် အဖြေပြန် မရသေးဘူးဆိုတဲ့ အသိနဲ့ စွန့်လွှတ်ရဆဲအရာတစ်ခုကို သံယောဇဉ်မကုန်နိုင်စွာ တွယ်ဖက်ထားမိသလိုပါပဲ။

အစ်မ စောလှချည်လားလို့ လက်ဖက်ရည်လာချပေး ရင်း ပြောသွားသည့် စားပွဲထိုးကလေးကိုပြုံးရုံပြုံးပြကာ ဆိုင်ရှေ့နှင်းတွေ အိပြုံကျလာတာငေးနေမိပါရဲ့။ အရာရာ သည် နှင်းကြားမှာ နစ်ဝင်ပျောက်ရှနေသလိုပါပဲ။ ဘာဆို ဘာမှမမြင်ရတဲ့မနက်။ သောင်ပြင်ပေါ်ကို လှိုင်းလုံးတွေ တစ်လုံးပြီးတစ်လုံးတက်လာပြီး သောင်ပြင်တစ်ခုလုံး ဖုံးထား သလို နှင်းလှိုင်းတွေ မြေပေါ်မှာ ဖုံးသွားပြီလား။

ဆိုင်ထဲကိုဘွားခနဲရောက်လာသည့်လူကို တအံ့တသြ ကြည့်လိုက်မိသည်။ နှင်းလှိုင်းတွေအရိုက်မှာ နှင်းထု ကြားက ဆိုင်ထဲကိုလှင့်စဉ်ရောက်လာသလိုထင်လိုက်ရသည်။ မယုံနိုင်စွာ ငေးစိုက်ကြည့်နေမိရင်း အံ့သြခြင်းမက အံ့သြရ ပြန်၏။ သူ့စိတ်ထဲမှာ ကျော်ခေါင်ရောက်လာလျှင် ဘယ်လောက်ကောင်းမလဲ။ ညကအိပ်မက်ကို သူပြောပြရင်း သူသိချင်တာမေးစမ်းချင်

www.burmeseclassic.com

www.burmeseclassic.com



လှပါဘိ။ သည်နှယ် ဆန္ဒရှိနေခိုက် ဆိုင်ထဲကို ကျော်ခေါင် ရောက်လာခြင်းပင်။

"နင်ဘယ်လိုသိသလဲ၊ မနေ့ညနေမှောင်ခါနီးမှ ငါအဖြေ ရတာ"

ဆိုသည့်စကား သူ့နှလုံးသားကို တစ်စစီ ဖဲ့ခြွေတာ ကျော်ခေါင်မသိရှာသလား။

ညကာ သူ့အိပ်မက်ကို တစ်စွန်းတစ်စပြောအပြီးမှာ ကျော်ခေါင်အံ့သြဟန်ပြသည်။ သူ့ကိုကြည့်နေသည့် ကျော်ခေါင့် မျက်ဝန်းမှစကားတွေကို သူကြားနေသည်။ နားမလည်ချင်ယောင် ကျော်ခေါင်ဆောင်တတ်ပါသလား။ ကျော်ခေါင့်မျက်ဝန်းတွေက နားလည်ခံစားနိုင်ကြောင်း ဝန်ခံနေခဲ့ပြီပဲလေ။

အကြည့်ကိုရှောင်ရင်း စကားကိုလွှဲသည်။

မနေ့ညနေကမှအဖြေရခဲ့သည့် ချစ်သူပူပူ နွေးနွေး ကလေးကို အဆောင်အရောက်သွားကြိုဖို့ ကျော်ခေါင်ထွက် လာခဲ့တာပါလား။

ညက အိပ်မက်၏ အနှိပ်အစက်ဖြင့် ပူလောင် လူးလိမ့်ကာ သူအိပ်မပျော်ဖြစ်နေစဉ် ကျော်ခေါင်က မြသူဇာ ၏အဖြေ စကားကြောင့် စိတ်လှုပ်ရှား ရင်ခုန်ကာ အိပ်မပျော် ဖြစ်နေလေ မည်။

တည်းတည်းလေးမျှဆုပ်ကိုင်ထားခဲ့ရသည့် အမြုတ်နိုးဆုံး



အရာသည် အခုတော့ လုံးလုံးလျားလျား လွတ်ကျ ပျောက်ဆုံးသွား ပါရောလား။ ပျောက်ဆုံးသွားရသည့်အရာ တစ်ခုသည် နှလုံးသား၌ အခုပေါင်းထောင်ရာပွားကာ ထာဝရဆိမ်းထားမိသလို တည်မြဲ နေတတ်တာ ဘာကြောင့် ပါလဲကွယ်။

ရုတ်တရက်ထရပ်ရင်း ကောင်တာမှာပိုက်ဆံရှင်းကာ ဆိုင်တွင်းမှ သူထွက်လာခဲ့မိသည်ပဲ။

နှင်းထုထဲကို သူတိုးဝင်ပြေးထွက်ခဲ့သည်လေ။

တစ်ကိုယ်လုံး နှင်းငွေ့နှင်းပွင့်လေးတွေ အဖြစ် ပြောင်း သွားပါလျှင် အဘယ်မျှ ကောင်းမည်နည်းဟု ကြုံကြိုး စည်ရာ တွေးခဲ့မိပါသေးသည်။

အပူဆုံးနှလုံးသားကို နှင်းများကလည်း အေးမြအောင် မစွမ်းဆောင်နိုင်တော့ပါလား။

ပါးပြင်ပေါ်မှာကျလာသည့်နှင်းတွေကတော့ ပူနွေး နေပါတော့သည်လေ။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## (၆)

အံ့ဩစရာကောင်းသည်မှာ မြသူဇာ၏ချစ်သူ ဖြစ်သွားသော ကျော်ခေါင်စိုးအပေါ် မိမိ၏ စေတနာမေတ္တာ က လျော့ပါးသွားခဲ့ခြင်းပင်။ သူ ကြည်နူးသည်ကိုမြင်လျက် ကိုယ်ကျေနပ်နိုင်သည်။ သူပျော်ရွှင်သည်ကိုကြည့်လျက် ကိုယ်ဝမ်းသာနိုင်သည်။ တစ်ခါခါမှာ မြသူဇာကို အားကျ စိတ် ဖြစ်ရုံမှလွဲ၍ သူဇာအပေါ်မှာလည်း မုန်းတီးခြင်း မဖြစ်မိ။

သူ့ကံနှင့်သူပါပဲ၊ ကံစီမံရာ နာခံရတော့တာပါပဲဟု ဖြေနိုင်၊ တွေးနိုင်ရင်း ပိုမိုရင့်ကျက်တည်ငြိမ်အောင်ကြိုးစား မိပြန်သည်။ ကျော်ခေါင်က မြသူဇာ၏ အဖြေရသည့် အထိမ်း အမှတ်အဖြစ် စားကျွေးသည့် ညကတော့ သူရှောင်ခဲ့သည်။ ဘယ်လောက်ပ

www.burmeseclassic.com



ဟန်ဆောင်ဟန်ဆောင် သူ့မျက်ဝန်းတွေထဲက ခံစားမှု ကြေကွဲရိပ်ကိုဖုံးကွယ်ဖို့ မလွယ်မှန်း သူနားလည် သည်ပဲ။ နောက်တော့ သည်အထိသတ္တိနည်း ပျော့ညံ့စရာ ဘာလိုသလဲ အားတင်းရင်း ကျော်ခေါင်ကို သူပုံမှန်ဆက်ဆံ နိုင်အောင်ကြိုးစားခဲ့ရသည်လေ။

ကြာလာတော့ ပုံမှန်ဆက်ဆံရေးအတိုင်းဖြစ်လာခဲ့ပြီ။ သူ ကျော်ခေါင်ကိုချစ်နေမိခြင်းကား လောကမှာ တားနိုင် သည့်သူ မရှိဟု နားလည်လာခဲ့သည်။ မိမိကိုယ်တိုင်တောင်မှ တားဆီး လို့မရနိုင်တဲ့အရာကို ကျော်ခေါင်ရော မြသူဇာပါ ဘယ်လိုတား နိုင်ပါ့မလဲ။ ချစ်ခြင်းကြောင့် ဖြစ်ပေါ်လာသော လိုချင်တပ်မက်မှုကသာ ဖြည့်ဆည်းပေးဆပ်နေချင်သူ အတွက် ကျွမ်းမြိုက်မှုလျော့ပါးစေပါလား တွေးမိပြန်သေး သည်။

" နှင် . . . ဘာမှမဖြစ်သလိုပဲ မိထား၊ ကျော်ခေါင့်အပေါ်မှာရော မြသူဇာအပေါ်မှာပါ ပုံမှန် ဆက်ဆံနိုင်တာ ငါအံ့သြတယ် "

ညီလတ်က သူ့ကိုပြောဖူးသည်။

" ငါက ဘာဖြစ်ရမှာလဲ "

"မဟုတ်ဘူးလေဟာ မြသူဇာကို မနာလိုဖြစ်၊ ကျော်ခေါင်ကိုနာကြည်းရွံ့မုန်း ဒီလိုဖြစ်ပြီး ဒီကောင်တွေတွေ့ရင် ခပ်တန်းတန်း ခပ်တည် တည် ဖြစ်သွားသင့်တာပေါ့"



မောင်မောင်က ညီလတ်စကားကိုဖြည့်စွက်ပြီး ပြောပြန်သည်။

" ကျော်ခေါင်က ငါ့ကိုချစ်ပါတယ်ပြောပြီးမှ သစ္စာဖောက်သွားတာမှမဟုတ်ဘဲ။ သူ့မှာလဲ သူချစ် ချင်တဲ့သူကို ချစ်နိုင်တဲ့ အခွင့်အရေး ရှိတာပဲ ဟာ။ ကိုယ်ဖြစ်ချင်တာမဖြစ်တာနဲ့ပဲ တခြားလူ တစ်ယောက်ကို နာကြည်းရမှာလား။ ငါ့အခွင့် အရေးရှိသလို သူ့ အခွင့်အရေးလဲရှိတာပဲလေ။ ငါက သိပ်သဘောထား ကြီးလို့ ပြောနေတာ မဟုတ်ပါဘူး။ ကိုယ့်လက်ထဲမရောက်ခင် လိုချင် စိတ် ကြောင့်ဖြစ်တဲ့ အပူက ကိုယ့်လက်ထဲရောက် ပြီးမှ စွန့်လွှတ်ရတဲ့ ဆုံးရှုံးမှုအပူ လောက် မဆိုး ဘူးလို့ထင်တာပဲ "

သူ တည်တည်ငြိမ်ငြိမ်ပြန်ရှင်းပြနိုင်ခဲ့သည်။

" တချို့က အချစ်ဟာ ရယူလိုခြင်းတဲ့၊ တချို့က ပေးဆပ်ခြင်းတဲ့၊ နင်က ဒုတိယအမျိုးအစားမျိုးထဲ ပါမယ်ထင်တယ် မိထား "

သန်းဝေကမှတ်ချက်ချတော့ သူဘာမှပြန်မပြောမိ။

" ဒါပေမယ့် အချစ်ဆိုတာ ကိုယ်ချစ်ရတဲ့သူ ဘယ်အခြေအနေရောက်ရောက်၊ ဆံချည်တစ်မျှင် တောင်မှ လျော့ပါးမသွားပါလားဆိုတဲ့ အသိကို တော့ မိထား

www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ရင်း ငါနားလည်ခွင့်လိုက် ရတယ် "

မြမြဦးက ဝင်အပြောမှာ မြမြဦးဆီအားလုံးက အကြည့်ရောက်ကြပြန်၏။

– ဘယ်သူကြည့်ကြည့်၊ မကြည့်ကြည့် ပန်းပွင့်၏၊

– ရနံ့ကားမပြယ်။

– ဘယ်သူသိသိ မသိသိ ချစ်ခြင်း၏ခံစားမှုကား မပျက်။

– တစ်သက်တာထာဝရ မေ့လို့ရနိုင်ပါ့မလား ကွယ်.. ။

★ ★ ★

(၇)

ဘွဲ့ရပြီးတော့မကြာခင်မှာပင် သူတို့အလုပ်ခေါ်တာနှင့်တိုးသည်။ ယာယီဘွဲ့လက်မှတ်နှင့်ပင် အလုပ်လျှောက်ခဲ့ကြရ၏။ သူတို့အလုပ်လျှောက်တော့ မြသူဇာက တစ်နှစ် စောပြီး ဘွဲ့ရခဲ့သူမို့ အလုပ်ထဲရောက်နှင့်နေပြီ။ မြသူဇာတို့က ရန်ကုန်မှာ အိမ်ဝယ်ပြီး ရန်ကုန်ကိုအပြီးပြောင်းလာကြပြီ ဟုကျော်ခေါင်စိုးစကားအရ သိရ၏။ သူ့မိဘလုပ်ငန်းက ရန်ကုန်မှာတိုးချဲ့ရင်း အဆင်ပြေကြီးပွားနေပြီပြောသည်။

ကံအားလျော်စွာပင် သူတို့အားလုံး ထိုဝန်ကြီးဌာနမှခေါ်သည့်အလုပ်ကိုရခဲ့ကြသည်။ သန်းဝေ၊ ကျော်ခေါင်စိုးနှင့် သူက ရန်ကုန်မှာအလုပ်ဝင်ရသည်။ မြမြဦး၊ ညီလှသာနှင့်

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တို့က...နယ်ရောက်သွားကြ၏။ သန်းဝေနှင့် ကျော်ခေါင်စိုးက ကော်ပိုရေးရှင်းတစ်ခုတည်းမှာရပြီး ရုံးချုပ်မှာ အလုပ်ဝင်ရသည်။ ကျော်ခေါင်စိုး က်ကောင်းသည်မှာ မြသူဇာ အလုပ်ဝင်ရသည့်စက်ရုံက ကျော်ခေါင်စိုးတို့ အလုပ်ဝင်ရသည့် ကော်ပိုရေးရှင်းအောက်မှာဖြစ်နေပြန်သည်။

သူက ကော်ပိုရေးရှင်းမတူသော်ငြား ကျော်ခေါင်စိုးတို့ရုံးချုပ်နှင့် သူတို့ရုံးချုပ်က သိပ်ပြီးမဝေးလှ။

ကျော်ခေါင်စိုးနောက်ဆုံးနှစ်မှာ သူ့အဖေဆုံးတော့ သူတို့မိသားစုကလည်း ရန်ကုန်ကိုပြောင်းလာခဲ့ကြသည်။ သန်းဝေနှင့်သူကသာ လူလွတ်တွေမို့ နေစရာအတွက် အလုပ်မှပေးသည့် အခန်းကိုလည်းမရ။ သန်းဝေကတော့ သူ့ညီမ လေးပါ အလုပ်လုပ်နေပြီမို့ အိမ်ခန်းတစ်ခန်းငှားနေကြသည်။ သူကတော့ အဆောင်တစ်ခုမှာပဲ ဖြစ်သလိုနေရင်း အလုပ် ဆင်းခဲ့သည်ပဲ။

တစ်နေ့မှာ သူ့ရုံးသို့ သန်းဝေရောက်လာသည်။ သန်းဝေနှင့်အတူ ရုံးကဲင်းတင်းမှာထိုင်ဖြစ်တော့ သန်းဝေ ခါတိုင်းနှယ် နှုတ်မသွက်တာသတိထားဖြစ်၏။

" နင် ဘာဖြစ်နေတာလဲ သန်းဝေ "

သန်းဝေကိုကြည့်ရင်း သူမေးသည်။ လာချပေးသည့် လက်ဖက် ရည်ပန်းကန်ကို သန်းဝေရှေ့တိုးပေးလိုက်၏။

" ဝါ ဘာမှမဖြစ်ဘူး "



ပြောရင်း စီးကရက်တစ်လိပ်ကိုလှမ်းယူတာ တွေ့သည်။

" နင့်ကြည့်ရတာ ငေါင်တောင်တောင်နဲ့ အလုပ် ပင်ပန်းလို့လား "

စီးကရက်ကိုမီးညှိဖွာသည်။ ပြီးမှမီးခိုးတွေကို မှုတ်ထုတ်ရင်း သူ့ကိုကြည့်၏။

" ငါစိတ်မကောင်းလို့ "

" ဘာ "

" စိတ်မကောင်းလို့ဟာ နင့်ဆီလဲ ဒီအကြောင်းပြော ချင်လို့ထွက်လာတာ "

" ဘာဖြစ်လို့လဲ သန်းဝေ "

ရင်ထဲမှာ ထိတ်ထိတ်ပျာပျာဖြစ်သည်။ သန်းဝေ ကိစ္စလား၊ ကျော်ခေါင့်ကိစ္စလား တစ်ခုခုတော့အသေအချာ ဟုတွေးရင်း စိုးရိမ်ပြန်၏။

" နင်သတင်းစာမှန်မှန်ဖတ်လား "

သူ့ကိုကြည့်ကာ သန်းဝေက မေးသည်။

" ဖတ်လိုက်၊ မဖတ်လိုက်ဘဲဟာ "

သန်းဝေစကားကို နားမလည်နိုင်ဖြစ်ရပြန်၏။

" ဘာဖြစ်လို့လဲ၊ သတင်းစာထဲ ဘာပါလို့လဲ "

သိချင်စိတ်ဖြင့် အလောတကြီးမေးမိပြန်သည်။

" မြသူဇာ စေ့စပ်လိုက်ပြီ ထား "

www.burmeseclassic.com

www.burmeseclassic.com



" ဟင် . . . ဟုတ်လား "

ကျော်ခေါင်နှင့်မဟုတ်နိုင်မှန်းသူခန့်မှန်းသိသည်။ ကျော်ခေါင်နှင့်ဆို ဒီကိစ္စ သူမသိစရာအကြောင်းမရှိ။ ပြီးတော့ သန်းဝေ လည်း စိတ်မကောင်းဖြစ်စရာမလို။

" အဲဒီတော့ အခုကျော်ခေါင် ဘာဖြစ်နေလို့လဲ "

သူ လိုရင်းကိုသာမေးလိုက်မိသည်။

" ဒီကောင် အရမ်းခံစားနေရတာပေါ့။ ရုံးကနေ ခွင့်ယူပြီး သူတို့မြို့ကိုခဏပြန်သွားတယ်။ ရှက်လဲ ရှက်သွားတယ် ထင်တယ် "

ကျော်ခေါင်က မြသူဇာကို ဘယ်လောက်ထိချစ်တာ သူနား လည်နိုင်သည်။

" သူ့အိမ်နဲ့ မြသူဇာနဲ့လဲ ပြေလည်တယ်ဆို၊ သူ့ အိမ်ကို တောင် မြသူဇာမကြာခဏ အလည် ရောက် တတ်တယ်လို့ ဟိုတလောကပဲပြောသွား သေးတယ် "

" အဲဒါပေါ့ သူ့အမေရော၊ သူ့ညီမကိုပါ မြသူဇာ နဲ့ မိတ်ဆက်ပေး၊ သူယူမယ့်ဇနီးလောင်းပါလို့ အသိ ပေးထားတာ အခုလိုဖြစ်သွားတော့ သူပိုရှက် မှာပေါ့"

" မြသူဇာက ဘယ်လိုဖြစ်သွားတာလဲ "

" သူတောင်အသေအချာသိပုံမရဘူး ထား။ မြသူဇာ မှာ သူ့မိဘသဘောတူထားတဲ့ သူရှိတယ်ဆိုတာ လောက်ပဲ



သူသိတာ။ ဒါပေမယ့် မြသူဇာ ဒီလို ချက်ချင်းကြီး လုပ်မယ် မထင်ဘူး။ မြသူဇာက ဂျပန် သွားဖို့ အရွေး ခံရတယ်။ ဂျပန် မသွားခင် စေ့စပ်ထား မယ်ဆိုပြီး လက်တလောကြီး လုပ် လိုက်ပုံပဲဟ။ ဒီတော့ကြည့်ပြီး ဒီကောင့် အတွက် စိတ်မကောင်းလို့ပါဟာ "

စကားအဆုံးမှာ လက်ဖက်ရည်ပန်းကန်ကို ယူပြီး တစ်ကျိုက်မော့သည်။ သည်ကိစ္စကို သူက ဘာမှထင်မြင်ချက် မပေးတာ အကောင်းဆုံးဟု စဉ်းစားနေလိုက်မိ၏။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

(၈)

ကျော်ခေါင်ခွင့်ရက်စေ့လို့ ရုံးပြန်တက်ပြီးနောက်မှာတော့ ကျော်ခေါင်နှင့်သန်းဝေတို့ ရုံးဆင်းချိန်ဆို တစ်ရက်ခြားလောက် သူ့ဆီရောက်လာတတ်သည်။ သူတို့သုံးယောက် လက်ဖက်ရည်ဆိုင်ထိုင်ရင်း ကျောင်းတုန်းကလိုပြန်တွဲဖြစ်လာ၏။

"ဒီကောင်က စိတ်သိပ်ပျော့တယ် မိထား။ အနုပညာသမားမို့ စိတ်ပျော့တယ်ပြောရရင်လဲ အနုပညာသမားအား လုံးကို ထိခိုက်နေဦးမယ်။ အနုပညာသမားဟာ စိတ်နူးညံ့တာ၊ ခံစားလွယ် တတ်တာကိုပဲ ငါလက်ခံတယ်။ စိတ်ပျော့ တယ်လို့ ငါမထင်ဘူး။ ဒီကောင်က အနုပညာ ဝါသနာကြီးသလို စိတ်ကလဲ

www.burmeseclassic.com

www.burmeseclassic.com



နေပါ၊ ပျော့ပါ၊ ငါက အဲဒါမျိုးမကြိုက်ဘူး ''

'' ပြောပါကွာ . . . . ပြော ''

သူ့ရှေ့မှာ သန်းဝေက ကျော်ခေါင့်အကြောင်း ပြောတော့ သူပြုံးပြီးနားထောင်ဖြစ်သည်။ ကျော်ခေါင် စိတ်နူး ညံ့တာတစ်ခုခုကို ပြတ်ပြတ်သားသားမဆုံးဖြတ်ရဲတာသူ အသိဆုံး။ ယောက်ျားတစ်ယောက် သည်လိုပျော့ညံ့ တွေဝေ တာမျိုးကို သူမကြိုက်။ ပြတ်သားရဲရင့်သည့် ယောက်ျားမျိုး သူက ဖြစ်စေချင်ပြန်သည်။ ခက်တာက လူတစ်ယောက်မှာ ကိုယ်မကြိုက်နှစ်သက်တာတွေ ဘယ်လောက်ပဲရှိနေပါစေ ကိုယ်က ချစ်မိပြီဆိုလျှင်တော့ ထိုအရာများသည် ချစ်ခြင်း ကိုလျော့ပါးသွားအောင် မစွမ်းဆောင်နိုင်။ ခွင့်လွှတ်သည် အပြစ် မမြင်နိုင်သည် မဟုတ်သော်ငြား၊ နှလုံးသားဌအချစ်က မပျက်မယွင်း။

'' နင်စဉ်းစားကြည့်လေ ပြန်ရောက်ခါစက ညနေ ဆိုဘီယာဆိုင်သွားချင်ရတာနဲ့။ အသည်းကွဲတာအရက်နဲ့ စိမ်ချင်လားမသိဘူး ''

'' မဟုတ်ပါဘူးကွာ၊ အချိန်ဖြုန်းတဲ့ သဘောပါ ''

သူရယ်နေမိပြန်၏။

'' ဘာဖြစ်ဖြစ်လေ . . . မင်းက စိတ်လေလို့ အချိန်ကုန်အောင် အရက်ဆိုင်ထိုင်ဦးတော့ ဘေးက ဘယ်လိုမြင်မလဲ ရည်းစားဇွဲစပ်လိုက်လို့ အသည်းကွဲပြီး



အရက်သောက်တာထင်မှာပေါ့။ အဲဒီလို အထင်ခံရရင် ယောက်ျားသိက္ခာလဲ ကျတယ် ရည်းစားလင်ယူတာထက်လဲ ရှက်ဖို့ ကောင်းသေးတယ် ကျော်ခေါင် ''

'' အေးပါကွာ ငါသဘောပေါက်ပါတယ်။ မင်းပြောပြီးကတည်းက ငါဘယ်မှာ ဘီယာဆိုင်သွားတော့လို့လဲ ''

စီးကရက်ဖွာရင်း ပြန်ပြောသည်။

'' ဒါကြောင့် ငါက ဒီကောင်စိတ်မလေအောင် နင့်ဆီခေါ်ခေါ်လာရတာ ''

'' ဘာ . . . သန်းဝေ ''

သန်းဝေစကားကြောင့် သူနှုတ်မှလျှံကျသွားသည်။ သန်းဝေက သူ့ကိုကြည့်ရင်းပြုံးနေ၏။ ကျော်ခေါင်က အားနာသလို လမ်းမဆီငေးကြည့်နေသည်။

'' သူစိတ်မလေရအောင် ငါက ပျော်တော်ဆက် အနေနဲ့ ထိုင်စကားပြောပေးနေရမှာတဲ့လား ''

'' မိထားရာ နင်ကလဲ ဒေါသချည့်ပဲ၊ အဲဒီသဘောမျိုး မဟုတ်ပါဘူး။ သူ မကောင်းတာဖြစ်မှာ နင်ရောငါရော ဘယ်လိုလားမလဲ။ ငါသိပါတယ်၊ ဒီကောင်နဲ့ ပတ်သက်ရင် နင်က စေတနာ၊ မေတ္တာပိုကြီးတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ”

သန်းဝေစကားအပြတ်မှာ သူကန္တတ်ခမ်းကိုတွန့်၍ မဲ့ပြုံလိုက်မိသည်။

“ ဒီကောင်က နင်တို့ ငါတို့နဲ့ ဒီလိုအချိန်ဖြုန်းနေ ရင် သူ့အားလုံးကိုမေ့မေ့ပျောက်ပျောက် ဖြစ်နိုင် တာပေါ့ ဟုတ်ဘူးလား ”

“ မထင်ပါဘူး ”

ဟု သူကမဲ့ရွဲ့ကာပြောရင်း ကျော်ခေါင့်ကို ကြည့် သည်။

“ နင်တို့နဲ့တွေ့နေရရင် ကျောင်းသားစိတ်လို လွတ် လပ်ပေါ့ပါးသွားတာတော့အမှန်ပဲထား၊ နင် ငါပြောတာ ယုံပါ ”

ကျော်ခေါင်က သူ့ကိုကြည့်ရင်း စကားကို အတည် ပြောလိုက် ၏။

★ ★ ★

(၉)

တစ်ခါခါမှာ သန်းဝေမပါပဲ ကျော်ခေါင် တစ်ယောက်တည်းသူ့ဆီရောက်လာဖြစ်သည်။ သည်လိုနေ့ မျိုးဆိုလျှင် ကျော်ခေါင်က သူ့ကို အဆောင်အထိ ဘတ်စ်ကားအတူစီးပြီး လိုက်ပို့စမြဲ။ သည်လိုဂရုတစိုက်ရှိတာမျိုး အပေါ်မှာ သာယာကြည်နူးနေမိတဲ့ မိန်းမသားတွေရဲ့ စိတ်ကလည်း အံ့သြစရာပင်။

သန်းဝေက အစည်းအဝေးရှိလို့၊ သူ့ညီသည် ရောက်လာလို့နဲ့ ပထမတော့ ဟုတ်ချင်ဟုတ်မည်။ နောက်တော့ သန်းဝေက သူတို့နှစ်ယောက်ကို သက်သက်ရှောင် ပေးနေမှန်းရိပ်မိလာတော့၏။

“ နင့်ကိုဒီကောင် ရည်းစားစကားမပြောသေးဘူးလား

www.burmeseclassic.com

www.burmeseclassic.com



မိထား "

ဖုန်းထဲက သန်းဝေအသံကြားပြီး သူရင်ခုန်ချက်ရာ ဘာသာ အသိဆုံး။

" မပြောပါဘူးဟာ နှင်ကလဲ "

" ရှက်မနေစမ်းပါနဲ့ မိထားရာ၊ နှင်ကလဲ ကိုယ့် ပစ္စည်း မှန်လို့ ကိုယ့်ဆီပြန်ရောက်လာတဲ့ ဟာ ကို "

" သန်းဝေ နှင်ဘာတွေပြောနေတာလဲ "

" ငါတကယ်ပြောတာ မိထား၊ မနေ့ကညနေ နှင့်ဆီ မသွားခင် သူက ငါ့ကိုပြောတယ် "

" ဘာတဲ့လဲ "

" နှင့်လောက် သူ့အပေါ်မှာကောင်းတဲ့လူ၊ သူ့ကို မေတ္တာထားတဲ့လူရှိမယ် မထင်ဘူးတဲ့ "

" သူက တကယ်ပြောတာလား "

" ဒါ နှင့်ကို နောက်စရာလား "

" အင်းပါ ပြောပါဦး "

" သူဘာတွေလုပ်လုပ် ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ သူ့ အပေါ်မှာ စေတနာမပျက်နိုင်တဲ့ နှင့်မေတ္တာဟာ အံ့သြစရာ ပဲတဲ့။ ခုအချိန်မှ သူနှင့်ကို ချစ်ခွင့်ပန် ရင် ကောင်းပါ့ မလား စော်ကားသလို၊ အစားထိုး သလို ဖြစ်နေ



မလားတဲ့ အဲဒါ ငါ့ကို မေးတယ် "

" အစားထိုးတယ်ဆိုတာ ဘယ်သူမဆိုသိနိုင်တဲ့ ကိစ္စပဲ သန်းဝေရာ "

" နှင်က ဒီလိုပဲထင်လား "

" ထင်တာမဟုတ်ဘူး သန်းဝေ၊ တကယ့် အဖြစ်မှန် ကိုပြောတာ "

" အဲဒီလိုလဲ မထင်ပါနဲ့ ဟာ "

" ဒီမှာသန်းဝေ တစ်ခုခုပိတ်ဖုံးပြီးတော့ အမှန်ကို မမြင် နိုင်အောင်တော့ ငါမဖြစ်ချင်ဘူး။ အမှန်ကို အမှန် အတိုင်းပဲ ခံယူလက်ခံမယ်။ အဲဒီအမှန် အတိုင်း တွေကို သိတယ်၊ နားလည်တယ်၊ မချစ်ဘဲ မနေနိုင်လို့ ချစ်တယ်ဆိုတဲ့ အယူအဆကိုပဲ ငါ ကြိုက်တယ် "

" နေဦး မနေ့ကညနေ နှင့်ကို ဒီအကြောင်းတွေ သူမပြော ဘူးလား "

" မပြောဘူး "

" ဒီကောင် နှင့်ကိုကြောက်နေတာဖြစ်မယ် "

" ခွင့်လွှတ်ခြင်းကို အပြစ်ရှိသူတွေ ရင်မဆိုင်ရဲတာ ပါ"

" ငါတော့ မြှောက်ပေးလိုက်တယ်သိလား မိထား "

" သိပါတယ် မြှောက်ပေးနေကျပဲဟာ "

သန်းဝေရယ်သည်။ အရယ်ရပ်တော့ စကားဆက် ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



" တကယ်ပါဟာ ငါက နင်တို့နှစ်ယောက်ကို ကျောင်းက တည်းက ဖြစ်စေချင်ခဲ့တာ၊ ငါ့ညီရဲ့ ညီမလိုလဲ ချစ်လို့ပါ။ နင် သူပြောရင် လက်ခံ လိုက် ကြားလား မိထား "

" အလိုတော် . . . ယောက်ဖရှာတာလွယ်လှချည်လား၊ ကျုပ်က စဉ်းစားခွင့်တွေ ဘာတွေ မရ တော့ဘူးတဲ့လား "

" အချစ်ဆိုတာ စဉ်းစားစရာမလိုဘဲ အလိုလိုဖြစ်နေတတ်တဲ့အရာပါ မိထားရာ၊ နင့်အချစ်ကို ငါတင်မကဘူး ငါတို့တစ်အုပ်စုလုံးက အသိ အမှတ် ပြုပြီးသားဆိုတာ နင် မေ့နေပြီလားဟင် "

" ငါအနေအထိုင် တော်တော် လျော့ရဲလို့လားဟယ် "

ရင်ထဲရှိသည့် မေးခွန်းကို နှုတ်မှမေးချလိုက်မိသည်။

" မဟုတ်တာ မိထားရာ၊ ငါတို့တွေက မောင်နှမ အရင်းတွေလို သိပ်ရင်းနှီးလွန်းပြီး၊ တစ်ယောက်စိတ် တစ်ယောက်နားလည်လွန်းလို့ သိကြတာပါ၊ နင့်မှာ မိန်းမ ကျင့်ဝတ်၊ မိန်းမမာန အပြည့်ရှိတာ ငါတို့လောက် ဘယ်သူ သိမလဲ "

" ကဲ . . . ကဲ . . . မြှောက်မနေနဲ့တော့ ဖုန်းချတော့



မယ်၊ အလုပ်တွေရှိသေးတယ် "

ပြောပြီး သူ ဖုန်းချလိုက်သည်။

ဘာဖြစ်ဖြစ် သန်းဝေဆီက ကြားခဲ့ရသည့်စကားတွေ ကြောင့် သူကြည်နူးကျေနပ်နေသည်မှာတော့အမှန်ပင်။

ပိုင်ဆိုင်ခွင့်မရသည့်အခြေအနေနဲ့တောင်မှ သူ့ မေတ္တာ ... လျော့ပါးမသွားခဲ့သေးတာ၊ ပိုင်ဆိုင်ခွင့်ကိုသာ ရမည်ဆိုပါက ... လောက၌ သူလောက်ကံကောင်းမည့်သူရှိ ဦးတော့မည်မထင်။

ရင်သည် ကြည်နူးစိတ်ဖြင့် ဖျတ်ဖျတ်လူး၏။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

မြင်လိုက်ရကတည်းက စိတ်ထဲမှာ ဂနာမငြိမ်ဖြစ် နေမှန်း သိသာလွန်းသည်ပဲ။ မျက်နှာကိုရဲရဲမကြည့်မိအောင် တမင်ကြိုးစား နေမှန်းကို နားလည်သည်။ အလိုလိုရယ်ချင် စိတ်ဖြင့် မျက်နှာ ကပြုံးယောင်သန်းနေမည်လားမသိ။ ကြည်နူးကျေနပ်နေမိသည့် လက္ခဏာလည်းပါမည်ထင်သေး သည်။

"ဘာလို့ တစ်ယောက်တည်းလာတာလဲ သန်းဝေကို မခေါ်ခဲ့ဘူးလား"

စချင် နောက်ချင်စိတ်ဖြင့် တမင်မေးသည်။ သန်းဝေ သူ့ဆီ ဖုန်းဆက်တာ ကျော်ခေါင်သိပုံမရ။ လိမ်ညာဖြေရမည့် ကိစ္စကို သူအတော်ဝန်လေးပုံရသလို ခေါင်းကုတ်လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့၏။

" တမင်မခေါ်ခဲ့တာ "

ခဏကြာမှ သူ့ကိုမကြည့်ဘဲ ကျော်ခေါင် ပြောလိုက်သည်။

" ဟင် ဘာလို့မခေါ်ခဲ့တာလဲ၊ သန်းဝေမအားဘူး လား"

တမင်မေးမိပြန်၏။

" မဟုတ်ဘူးထား၊ ကိုယ်ထားကိုပြောစရာရှိလို့ "

မကြည့်ဘဲပြောရင်း လျှောက်သည်။

" အမယ် . . . ကိုယ်တွေ ထားတွေ လုပ်မနေပါနဲ့၊ နင်နဲ့ ငါနဲ့ခါတိုင်းလိုပြောစမ်းပါ ကျော်ခေါင် ပြော နင်ဘာပြောမှာလဲ "

" နေဦးဟာ . . . နင်ကလဲ ဆိုင်ရောက်မှပြော မယ်"

သူ အနောက်လွန်သွားပြီထင်လိုက်၏။ ကျော်ခေါင် က ရှက်သလိုသူ့ကိုမကြည့်ဘဲ ခေါင်းငုံ့လျှောက်သည်။

ထိုင်နေကျဆိုင်ကလေးအထိ ဘာစကားမှမဆိုဖြစ် ကြ။ ဆိုင်ထောင့်က စားပွဲပုလေးမှာ နှစ်ယောက်ထိုင်မိတော့ သူက လက်ဖက်ရည်ပေါ့ကျနှစ်ခွက်မှာလိုက်သည်။

လက်ဖက်ရည်လာချပေးမြီးသည်အထိ တစ်ယောက် ကို တစ်ယောက် စကားမဆိုဖြစ်သေး။ စီးကရက်တစ်လိပ်ကို ဖွာရင်း မီးခိုးတွေကိုမှုတ်ထုတ်သည်။ သူ အားယူနေမှန်း နားလည်ပြန်၏။



လက်ဖက်ရည်ကို တစ်ကျိုက်သောက်ပြီး ပန်းကန်ကိုပြန်အချမှာ .

" ထား "

ဟု သူ့ကိုကြည့်ရင်းခေါ်သည်။

" ပြောလေ . . ကျော်ခေါင် "

အကြည့်ဆုံတော့ ကျော်ခေါင်က အကြည့်ကိုလွှဲ သည်။

" ငါ့ကို နင် နားအလည်ဆုံးပါ ထားရယ်။ ငါဘာမှ သွယ်သွယ်ဝိုက်ဝိုက်ပြောမနေချင်ဘူးလေ။ ငါ နင့်ကို လက်ထပ်ပါရစေ ထား "

စကားဆုံးတော့ သူ့မျက်နှာကိုဖျတ်ခနဲကြည့်သည်။ သူက ပြန်အကြည့်နှင့် အကြည့်ဆုံ၏။

" ကျော်ခေါင် "

သူမအသံ တည်တည်ငြိမ်ငြိမ်ကြောင့် ကျော်ခေါင်က အံ့ဩနေသလို။ လက်သည်းကိုက်၊ ခေါင်းငုံ့နှင့်ရင်ခုန်လှုပ်ရှား သွားသည့်အမူအရာမျိုး သူ့မှာမရှိတော့။ အေးစက်မာ ကျော၍ ခံစားမှုမဲ့သွားပြီတွေးလေမလား။

" နင် ငါ့ကို စိတ်ဆိုးသွားပြီလား ထား "

သူပြုံးပြီး ခေါင်းကိုခါသည် ပြီးမှ . . .

" ငါက ဘယ်လောက်ပဲချစ်ချစ်၊ ငါ့ကိုနည်းနည်း လေးမှ မချစ်တဲ့ ယောကျ်ားတစ်ယောက်ကို ငါ ဘယ်တော့မှ လက်ထပ်မှာမဟုတ်ဘူးကျော်ခေါင်"

www.burmeseclassic.com

www.burmeseclassic.com



" ဟင် "

သူ့စကားကို ကျော်ခေါင် နားထွေသွားသလား၊ အံ့ဩသွားသလား မသိ။

" ငါ ထပ်ပြောရမလား "

" နေ . . . နေ . . နေဦး ငါနားလည်ပြီ ငါနင့်ကို နည်းနည်းရှင်းပြချင်တယ် "

သူ ခေါင်းညိတ်၏။

" နင်စောစောကပြောလိုက်တာ သဘာဝကျပါ တယ်။ ပြီးတော့ နင့်သဘော၊ နင့်စရိုက်ကို ငါသိ နေတာပဲ ၊ ငါက နင့်ကို မချစ်ဘဲ လက်ထပ်ခွင့် တောင်းတာ မဟုတ်ပါဘူး ထား။ ငါနင့်ကို ချစ်တယ်လို့ ပြောရမှာ သိပ်သေးသိမ်နေမလားလို့ လက်ထပ်ချင်တာကို ပြောလိုက်တာပါ "

" အေးပေါ့လေ . . . ချစ်တယ်ဆိုတာကလဲ ခဏခဏ ပြောပါများတော့ ပေါ့သွားတာပေါ့ ဟုတ်ဘူးလား၊ တွေ့တဲ့သူတိုင်းချစ်တယ်လို့ပြောနေလို့ ဘယ်ကောင်းပါ့မလဲ "

" ငါ့ကိုမရိပါနဲ့ ထားရယ် . . . အဲဒီလိုအပြောခံရမှာစိုးလို့ နင့်ကိုငါ ချစ်တယ်လို့ မပြောရဲတာ။ လက်ထပ်ချင် တယ်ပြောကတည်းက ငါ ရင်မခုန်



တဲ့သူ၊ သံယောဇဉ်မရှိတဲ့သူ၊ ငါ့ခံစားမှုတွေကို မျှဝေနိုင်မယ်လို့ မထင်တဲ့သူကို ငါ လက်ထပ်ဖို့ ဘယ်စဉ်းစားမှာတဲ့လဲ။ ပြီးတော့ ငါ တန်ဖိုး အထားဆုံး အရာ တစ်ခုက နင့်မှာပဲရှိတယ်လေ . . . "

" ဘာလဲကျော်ခေါင် "

အကြည့်ဆုံပြီးမေးတော့ ကျော်ခေါင်သူ့ကို ခပ်ပြုံးပြုံးကြည့် နေသည်။

" ပြောလေ ကျော်ခေါင် "

" ဘယ်အခြေအနေရောက်ရောက် ငါ့ကိုနားလည် ပြီး ချစ်နေနိုင်တဲ့ အချစ် "

သည်တစ်ခါတော့ ရှက်ပြုံးနှင့် ရင်ခုန်စွာ သူခေါင်းတိုင့်ပစ်မိသည်။

" နင်စကားတတ်တိုင်းဘာမှ ပြန်မငြင်းနဲ့တော့ ထား၊ နင် ငါ့ အပေါ် မေတ္တာထားတာ ငါတို့ တစ်အုပ်စုလုံး သိတယ် "

မျက်လွှာကိုပင့်ကြည့်ရင်း . . .

" ဟုတ်တယ် ကျော်ခေါင် . . . နင်တစ်ယောက်ပဲ မသိတာ "

ဟု ပြောလိုက်သည့်အသံ၌ ကြေကွဲသံပါချင်နေတာ ဘာသာ မကျေနပ်မိပြန်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ခေါင့်ထံမှ သက်ပြင်းချသံကြားလိုက်ရ၏။

" ငါသိပါတယ် ထားရယ်။ တကယ်က ငါ နင့်မေတ္တာနဲ့မတန်ပါဘူး "

အသံတိုးလျှပြီး အကြည့်က အဝေးကိုပို့ထားသည်။

" တော်ပါတော့ကျော်ခေါင်ရယ်။ ငါလဲ ပြီးခဲ့တာတွေ မပြောတော့ဘူး။ နင်လဲ မပြောနဲ့ ယုတ်လား၊ ငါတို့ တစ်ယောက်ကိုတစ်ယောက် နားလည် ကြရင် ပြီးတာပဲလေ "

သူ့ စကားကြောင့် ကျော်ခေါင့်မျက်နှာ ဝင်းပ ကြည်စင်သွားတာ တွေ့လိုက်ရ၏။

သည်ညနေ အဆောင်ပြန်အပို့မှာ ခါတိုင်းထက်ပို၍ ကြည်နူးစရာကောင်းသည့်ခရီးဟု ဘာသာသတိထားမိ ပြန်၏။

★ ★ ★

(၁၁)

မည်သည့်အခါကမျှ စိတ်ကူးမယဉ်ခဲ့မိသော အပျော်များကို ချစ်သူဘဝမှာ သူရနိုင်ခဲ့ပါသည်။ အိပ်မက်ဟုပင် ထင်ရနိုင်သောအကြည်အနူးတို့ဖြင့် ကျေနပ်စရာကာလ တစ်ခုကို ဖြတ်သန်းခွင့်ရခဲ့သလိုပင်။

မြတ်နိုးချစ်ခင်စိတ်၏ တွန်းအားဖြင့် ကျော်ခေါင်က ခေါ်ခိုင်းသလို ကိုကိုဟု ခေါ်ဖြစ်သွားသည်။ အစတော့ နှုတ်မရဲသလို၊ ရှက်ရွံ့နေသလိုပင်။

" ချစ်သူဘဝရောက်နေမှတော့ နင်တွေ ငါတွေနဲ့ ပြောရတာမကောင်းပါဘူး ထားရယ်။ ထားက အသက် နှစ်နှစ် တောင်ကိုယ့်ထက်ငယ်တာပဲ ကိုယ့်ကို ကိုကို

www.burmeseclassic.com

www.burmeseclassic.com



လို့ခေါ်နော် ဟုတ်လား ”

“ အံမယ် နှင်က အသားယူချင်သေး ”

“ မဟုတ်ပါဘူးဟာ ငါပြောတာက ”

ပြောရင်း နှင်တွေ ငါတွေပါလာတော့ ရယ်ဖြစ်ကြသေး၏။ နောက်တော့ ကျော်ခေါင်ပြောတာအဟုတ်သားပဲဟု သူတွေးဖြစ်သည်။ သည်လိုနဲ့ ချစ်သူလိုနေဖြစ်တဲ့အချိန်တွေများလာတော့ သူငယ်ချင်းလို အဆက်အဆံတွေလျော့သွားသည်လား မသိ။ အမှတ်မထင် ကိုကိုဟုခေါ်ရင်းက နှုတ်ရဲပြီး ကိုကို ဟု သန်းဝေရှေ့မှာတောင်ခေါ်ရဲသွားတော့ သည်။

“ ကိုကိုတော့၊ ထားတွေနဲ့ ငါနားငြီးလာပြီကွာ ”

လက်ဖက်ရည်ဆိုင်မှာ သုံးယောက်ဆုံမိလို့ စကားပြောနေစဉ် သန်းဝေကနောက်၏။

“ မင်းပဲ မင်းနှမ ထားနဲ့ ငါ့ကိုသဘောတူလွန်းလို့ ဆို ”

ဟု ကျော်ခေါင်ကပြန်နောက်၏။

“ တူတာက တူတာပဲကွ မင်းတို့က တစ်ခါခါ သည်းလွန်းတယ်။ ငါ ဟိုကောင်တွေဆီ စာလှမ်းရေးပြီး ပြောဦးမှပဲ ”

သူတို့ချစ်သူဘဝရောက်သွားတာကိုလည်း သန်းဝေ က အားရဝမ်းသာ နယ်ရောက်နေသည့်သူငယ်ချင်းတွေဆီ စာရေးပြောသည်။ ထိုသူငယ်ချင်းတွေဆီက သူတို့ထံ စာလှမ်းရေးကြ၏။



“ မင်းတို့လက်ထပ်တဲ့နေ့မှာ ငါတို့သူငယ်ချင်းတွေ ပြန်ဆုံဖို့ စီစဉ်ထားတယ်။ ဒီကောင်တွေလဲ မဖြစ်ဖြစ်တဲ့နည်းနဲ့လာကြမယ်တဲ့ ”

ဘာဖြစ်ဖြစ် သူတို့ချစ်သူနှစ်ဦးဖြစ်သွားကြတာ သူငယ်ချင်း အားလုံးက ကျေနပ်ဝမ်းသာနေကြသည်။ မင်္ဂလာကိစ္စကိုပင် သူငယ်ချင်းတွေက ကြိုတင်တွေးတော နေကြပြီပဲ။

ရင်ထဲမှာ အကြည်အနူးတွေ ပြည့်နေရတဲ့ ရက်တွေ ပါပဲလေ . . . . ။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

ခါတိုင်းနှယ် ညနေဆုံဖြစ်တော့ ကိုကိုနှင့်အတူ သန်းဇော်ပါ
လာသည်။ သူတို့ ထိုင်နေကျ လက်ဖက်ရည်ဆိုင် ကိုသွားကြ၏။
က်ဖက်ရည်မှာပြီး ကိုကိုနှင့် သန်းဝေ စကား ပြောနေစဉ် သူက
ပွဲပေါ် မှာအသင့်တွေ့ သည့် သတင်းစာကို ကြည့်နေမိ၏။
ကြော်ငြာစာမျက်နှာကိုရောက်တော့ သူ အထိတ်တလန့် ဖြစ်သွား
အသေအချာပြန်ဖတ်နေမိပြန် သည်။

“ ကိုကို . . ဒီကြော်ငြာကိုကြည့်စမ်း . . ဒါ ကိုကို့
မြသူဇာလားဟင် ”

သတင်းစာကို တိုးပေးရင်း သူမေးလိုက်မိသည်။

“ ဟုတ်တယ်ထား သန်းဝေပြလို့ ကိုကို မနက်ကပဲ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီး ပြီ ''

အရေးမကြီးသည့်နှယ် ကိုကိုက ပြန်ပြော၏။

လာချပေးသည့် လက်ဖက်ရည်ခွက်တွေကို ရှေ့မှာ တိုးပေးရင်း

'' ငါလဲ မသိလို့ ဒီကောင့်ကိုပြုရသေးတယ်။ သူတို့ ဟာက နာမည်တွေပဲပါတာဆိုတော့လဲ ဘယ်မြသူဇာဆိုတာ မသိဘူးလေ။ အလုပ်အကိုင်တွေ ဘာတွေလဲ ထည့်မ မထားဘဲ၊ သူ့ အမျိုးသား နာမည်လဲ၊ စေ့စပ်သတင်း တစ်ခါဖတ်တုန်းကပဲ တွေ့တာဆိုတော့ မေ့နေတာ ပေါ့''

ဟု သန်းဝေကပြောသည်။

'' ဘယ်လိုဖြစ်တာပါလိမ့်နော် ကိုကိုနော် . . . ကိုကို ပျော်နေပြီမဟုတ်လား ''

ပေါင်ကိုဆွဲလိမ်ရင်း သူပြောလိုက်မိပြန်၏။ တကယ် ပင် ရင်ထဲမှာ စိုးရိမ်စိတ်ကြီးစိုးသွားတာ ဘာသာ အသိ ဆုံးပင်။

'' ထားကလဲကွာ ကိုကိုက ထားချစ်သူဖြစ်နေပြီပဲ ဟာ''

ဟု ကိုကိုက ပြန်ပြော၏။

'' ငါ နေ့လယ်က မြသူဇာ သူငယ်ချင်းနဲ့ အစည်း အဝေး မှာတွေ့တယ်။ သူနဲ့ စေ့စပ်ထားတဲ့ အဲဒီလူက သူ့ယ ရည်းစားကို ခိုးပြေးလို့ ပျက်သွားတာတဲ့။ မြသူဇာ



အဲဒီ ဖျက်သိမ်းကြောင်းထည့်ပေးဖို့ ဂျပန်က လှမ်းခိုင်းတာ ပြောတယ် ''

မြသူဇာ ဂျပန်မသွားခင်မှာ သူတို့ စေ့စပ်ကြောင်း လမ်းသွားကြသည်ပဲ။

'' ဒီကောင်က မြသူဇာတို့မြို့ကလေ၊ မြသူဇာမိဘ တွေနဲ့လဲ ရင်းနှီးတယ်တဲ့၊ မြသူဇာတို့အမေက သိပ် စိတ်မမှန် ဘူးပြောတယ်။ ဟုတ်လား ကျော်ခေါင် မင်းသိမှာ ပေါ့ ''

သန်းဝေကမေးသည်။ ဆေးလိပ်ပြာကိုခြွေရင်း ကိုကို သူ့ မျက်နှာ ဆီလှမ်းကြည့်၏။

'' မသိဘဲနေမလား၊ ကဲ ပြောပါဦး ''

ကိုကိုကလည်း မြသူဇာအကြောင်းမပြော။ သူက လည်း မမေးခဲ့မိပေ။ တတ်နိုင်သလောက် မြသူဇာကြောင်း မပါအောင် ပြောဆိုခဲ့ကြသည်ပဲ။

'' သူ ပြောပြသလောက်တော့ သိတာပေါ့ ''

'' သူတို့ မီးလောင်ပြီး စီးပွားပျက်သွားဖူးတယ် ဆို''

'' ဟုတ်တယ်။ မြသူဇာ ခပ်ငယ်ငယ်က သူတို့မြို့ မှာ သူတို့ရပ်ကွက်မီးလောင်ခံရတယ်တဲ့။ သူတို့ဆီ စက် တွေရော အိမ်ပါ အကုန်ပါသွားတယ်။ အဲ . . . ထူးဆန်းတာက မြသူဇာကြောင့် သူတို့ရဲ့ မိုးမဲ့စု

www.burmeseclassic.com



အားလုံးစုသိမ်းထားတဲ့ ရွှေ တွေ၊ စိန်တွေပါတဲ့ သေတ္တာလေးပျောက်သွားရတယ် တဲ့ "

" မြသူဇာကြောင့် "

" ဟုတ်တယ် . . . သူ့အမေက အဲဒီသေတ္တာလေး မြသူဇာကိုပေးထားခဲ့ပြီး သူ့အစ်ကိုရယ် လူကြီး နှစ်ယောက်ရယ်က ကျန်တဲ့ပစ္စည်းတွေ သွားသယ် နေတုန်း လူတစ်ယောက်က မြသူဇာဆီက အဲဒီ သေတ္တာကို လုပြေးတယ်တဲ့။ မြသူဇာက ငယ်လဲငယ်၊ အကြောက်လွန်နေတော့ ဘယ်သူဘယ်ဝါ ဆိုတာလဲ မမှတ်မိဘူးပေါ့ "

" အေးပေါ့ကွာ ဒီလိုအချိန်မျိုးမှာက ကလေးမပြောနဲ့ လူကြီးလဲခံရမှာပဲ။ ဒါမျိုး ချောင်းနေကြ တဲ့လူတွေ ကလဲ ရှိတာကိုး "

" တိုတိုပြောရရင်တော့ကွာ၊ မီးလောင်ပြီးတော့ သူတို့ ဘာမှမကျန်ခဲ့တော့ဘူး။ အဲဒီမှာ သူ့အမေက စိတ္တဇရောဂါစရတာပဲ။ သူ့ပစ္စည်းတွေဟာ မြသူဇာ ကြောင့် ဆုံးရှုံးသွားရတာ၊ မြသူဇာကြောင့် သူတို့မွဲ သွားရတာလို့စွဲ သွားတယ်။ စိတ် သိပ်ဖောက်ပြန် လာတဲ့အခါမြသူဇာကိုရန်ငြိုးတစ်ခုရှိသလိုကြိမ်း မောင်း ပြောဆိုနေတော့တာပဲတဲ့။ ဒါပေမယ့်



ရန်ကုန်မှာ ရှိတဲ့ သူ့အဖေရဲ့ငယ်သူငယ်ချင်းက သူတို့ အကြောင်းကြားတော့ရောက်လာပြီး အကူ အညီပေး တယ်တဲ့။ သူ့အဖေသူငယ်ချင်းရဲ့ အရင်းအနှီးနဲ့ သူတို့ပြန်ထူထောင်ခဲ့ရတာတဲ့။ သူတို့ စီးပွားရေး ပြန်ပြီးအဆင်ပြေလာခဲ့တယ်။ သူ့အမေ ရောဂါ က ကင်းကင်းစင်စင် မပျောက်တော့ဘူး။ တစ်လော တစ်လောမှာ ပြန်ထတယ် ပြောတယ်။ မြသူဇာ ကလဲ ငယ်ငယ်လေးကသူ့ရင်ထဲစွဲနေတဲ့စိတ်ဟာမပျောက်တော့ ဘူးတဲ့။ သူ့ကြောင့် သူ့မိသားစုဒုက္ခရောက်ရတာပါ ဆိုပြီး သူ့မှာ စွဲသွားတယ်။ ဒါကြောင့် သူ့မိသားစုက သူ့ကို မုန်းတယ်၊ အငြိုးအတေးထားတယ်လို့ သူခံ စားနေရတယ်တဲ့ "

စီးကရက်ကိုပြာခံခွက်မှာ ထိုးခြေလိုက်၏။

" ဒါကြောင့် သူ့မိဘစီစဉ်တဲ့လူကို သူအလွယ်တကူ လက်ခံလိုက်တာထင်တယ်နော် . . . ဟုတ်လား ကျော်ခေါင် "

သန်းဝေကမေးလိုက်သည်။

" သူ့မိဘစီစဉ်တယ်ဆိုတဲ့သူက အဲဒီသူတို့ကို ကူညီခဲ့တဲ့ သူ့အဖေရဲ့သူငယ်ချင်းသားလေ။ ဒါလဲ သူ ဘယ်လိုမှ ငြင်းလို့မရနိုင်တဲ့ကိစ္စပဲ။ မြသူဇာအစ်ကိုလဲ သူ့

www.burmeseclassic.com

www.burmeseclassic.com



အဖေရဲ့ သူငယ်ချင်း သမီးနဲ့ လက်ထပ်ခဲ့တာပဲလေ။ မြသူဇာကတော့ မိသားစုကို သူဒုက္ခပေးမိတယ်ဆိုတဲ့ အစွဲစိတ်နဲ့ မိသားစုအတွက်ဆို ဘာလုပ်ပေးရပေးရ ကြွေးပြန်ဆပ်တဲ့ သဘောမျိုး ပိုက်ထားပုံရတယ်။ ပြီးတော့ မြသူဇာက ခဏခဏ ပြောတယ်ကွ။ သူ ငါ့ကို လဲမယုံဘူး၊ ဘယ်သူ့ကိုမှမယုံဘူးတဲ့၊ သူ့မိသားစုကတောင် သူ့ကိုမယုံတာပဲ သူလဲ သူ့မိသားစုတောင်မယုံဘူးတဲ့။ တစ်နေ့ ငါက သူ့ကိုထားခဲ့မှာ ဒီတော့ သူ့အိမ်က သဘောတူတာပဲ လက်ခံမယ်၊ အဲဒီလိုပြောဘူးတယ်။ ငါက နောက်နေတာထင်တာ "

" ကိုကို့ကို သူက ဘာလို့မယုံတာလဲ "

သူကမေးလိုက်တော့ သူ့မျက်နှာကိုလှမ်းကြည့် သည်၊

" သန်းဝေ မင်းလုပ်တာနဲ့ အကုန်ပေါ်တော့မယ်။ ငါနဲ့ ထားက မြသူဇာအကြောင်း ဘယ်သူ့မှမ ပြောမိအောင် နေကြတာ "

" သူ ပြန်သတိရမှာစိုးလို့ မပြောဘဲနေရတာ သန်းဝေ ကဲ . . . ပြောမှာ ပြောပါဦး "

" ငါ့ကို သူ သိပ်သဝန်တိုတယ် သန်းဝေ။ ငါအခုမှ ပြောမယ်။ ထားနဲ့ ငါ တရင်းတနှီးနေတာကို သူလုံးဝ မကြိုက်ဘူး။ တစ်နေ့မှာ ထားနဲ့ ငါ ချစ်သူဖြစ်ပြီး



သူ့ကိုငါပစ်သွားမှာပဲလို့ ခဏခဏ ပြောဖူးတယ် "

" အလိုတော် "

" အဲဒီတုန်းက မင်း ဒါ့ကြောင့် ငါတို့ ဝိုင်းကိုရှောင်ရှောင်နေတာမဟုတ်လား "

" အဟုတ်ပဲ သန်းဝေ၊ ငါ မင်းတို့နဲ့ အတူ ကဲင်းတင်း တွေ ဘာတွေထိုင်တာ သူမကြိုက်ဘူး။ မင်းတို့နဲ့ အတူ ထားက အမြဲရှိနေတတ်တာ သူသိတယ်လေ။ ဖြစ်နိုင်ရင် ထားနဲ့ ခင်ခင်မင်မင်မနေ ပါနဲ့ လို့တောင် တားဖူးတယ် "

" ဒါဆို သူထားကိုလဲ မုန်းမှာပေါ့ နော် "

သူ့မျက်နှာကိုကြည့်ပြီး ပြန်မဖြေ။

" ငါတို့ အုပ်စုကို သူအမြင်စောင်းနေတာပေါ့ "

" မင်းတို့ အုပ်စုက ငါ့ကို ထားနဲ့ပဲ သဘောတူမှာ ပဲ တဲ့၊ သူ့ကိုမင်းတို့က မုန်းမှာပဲပေါ့။ သူ့မကောင်း ကြောင်း တွေကိုလဲ မင်းတို့က ငါ့ကိုပြောပြီး တိုက် ပေးမှာ ပဲပေါ့။ အဲဒီ လောက်ထိ သူ ပူပူပန်ပန် တွေးတတ်တာကွ "

" အင်း . . . မှန်တစ်ဝက်၊ မှားတစ်ဝက်ပေါ့ကွာ၊ ငါတို့က ထားနဲ့ မင်းကို ဖြစ်စေချင်တာ တော့အမှန်ပဲ၊ ဒါပေမယ့် သူ့ အပေါ်မှာ ဘယ်လိုမှလဲ မဖြစ်ပါဘူး။

www.burmeseclassic.com



မင်းအသိဆုံးပါ။ ငါတို့ကရင်းရင်းနှီးနှီးပေါင်းချင်တာပဲ၊ သူက သူစိမ်း ဆန်တာ။ မင်းမှတ်မိမှာပါ။ မင်းသူ့ဆီက အဖြေရလို့ ငါတို့ကို ထမင်းကျွေးတဲ့ နေ့ကလေ။ သူမှလိုက်မလာတာ။ တကယ်ဆို သူပါသင့်တာ ပေါ့။ အဲဒီနေ့က ဒီကောင်မလဲမရှိဘူး ''

သူ့ဘက်လှည့်ကြည့်ရင်း သန်းဝေပြော၏။

'' နေမကောင်းလို့ပါနော် ''

'' ဘာလို့နေမကောင်းတာ ငါသိပါတယ် မိထား ရယ် ''

သန်းဝေကိုရယ်ပြလိုက်မိသည်။

'' ဘာဖြစ်ဖြစ်ဟာ ငါတော့ဒီသတင်းတွေ့လိုက်ရတာ တကယ်ကို စိတ်မကောင်းဖြစ်တယ် သန်းဝေ။ သူ့အတွက်လဲ စိတ်မကောင်းဘူး။ မိန်းကလေးတစ်ယောက်စေ့စပ်ပြီးမှပျက်သွားရတာဘယ်ကောင်းမလဲ။ ပြီးတော့ ငါ့အတွက် စိတ်မကောင်းဘူး ''

'' လုပ်ပြီ ထားကတော့ ''

ကိုကိုကခပ်ပြုံးပြုံးဆိုသည်။

'' တကယ်ပြောတာ ကိုကို၊ ထား ကိုကို့ကို စိတ်မချစရာဖြစ်လာရတာပေါ့ ''

ခပ်တည်တည်သူပြောဖြစ်သည်။

'' ငါ့ သူငယ်ချင်းရှူးသွားပါဦးမယ်မိထားရယ်။ အခုသူပြောမှသိရတာ၊ မြသူဇာနဲ့တုန်းကလဲ မြသူဇာ က နင်နဲ့သူ့ကို မသင်္ကာ အဲဒ့ပ်တွေတိုနဲ့ ဘယ် လောက် စိတ်ညစ်ရမလဲ၊ အခု နင်ကလဲ အဲဒီလို လုပ်ရင်တော့ ဒီကောင်ရူးလိမ့်မယ် ''

သန်းဝေက အရယ်နှောရင်း ပြောလိုက်၏။

သူ့ရင်ထဲမှာ စိုးရိမ်မှုကြောင့် ပူလောင်ရတာတော့ ဘာသာအသိဆုံး။ လက်လွှတ်ဆုံးရှုံးရမှာကို သူမတွေးဝံ့ တော့ပြီပဲ။

မြသူဇာ ဂျပန်မှာပဲအမြဲနေလျှင် ဘယ်လောက် ကောင်းလိမ့်မလဲ တွေးဖြစ်သေးသည်။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

“ မမ ဒေါ်မြသူဇာ ဂျပန်ကပြန်ရောက်လာပြီတဲ့ ”

သန်းဝေညီမလေးက သူနှင့်တစ်ရုံးတည်း ငွေစာရင်းဌာနမှာရှိသည်။ ထမင်းစားချိန် သူ့ဆီရောက်လာပြီး ပြောတော့ ရင်ထဲမှာ တုန်တုန်လှုပ်လှုပ်ဖြစ်သွားရသည်မှာ အမှန်။

“ ဘယ်သူပြောလဲ ဟင် ”

“ ကျွန်မသူငယ်ချင်းက ဒေါ်မြသူဇာနဲ့ တစ်လမ်းတည်းလေ၊ နှစ်အိမ်ပဲခြားတာ၊ ကျွန်မတို့ အင်ဂျင်နီယာတွေ အကြောင်းပြောကြရင်း စကားစပ်မိပြီး သူကပြောတာ၊ ကိုကိုကြီးတို့ ကော်ပိုရေးရှင်းအောက်က စက်ရုံက ဒေါ်မြသူ ဇာလို့ အသေအချာပြောတာ ”

www.burmeseclassic.com

www.burmeseclassic.com



သန်းဝေထံမှ သူတို့အကြောင်း တစ်စွန်းတစ်စကို သန်းဝေညီမက သိထားဟန်တူသည်။

သူ မျက်နှာကိုပြင်၍ ရင်ထဲကစိုးရိမ်စိတ်မပေါ် အောင် ဟန်လုပ်၏။

ညနေ ကိုကို့ကို သတိပေးရဦးမည်ဟု စဉ်းစားနေမိ ပြန်သည်ပဲ။

★ ★ ★

(၁၄)

ပြန်ရောက်ပြီးမကြာခင်မှာပင် ကိုကိုနှင့် မြသူဇာကို တတွဲတွဲပြန်တွေ့ရသည်ဆိုတဲ့သတင်းက သူ့ရင်တွင်းမှာ မီးဖို တစ်ခုထည့်ပေးလိုက်သလို။

နှာကျောင်ခံခတ်ဆုံး ဝေဒနာများစွာအနက် ရင်ထဲမှာ နာကျင်ရခြင်းက ပျောက်ဆုံးရန် မလွယ်ဆုံးအရာ၊ သောကသည် စူးချွန်များပမာ နှလုံးသားကို နေရာမလပ် စူးနစ်စေ ပြီတဲ့လား။

နှလုံးသားကို ကြိမ်ဖန်များစွာ အထုအထောင်း ခံနေ ရသည့်နှယ်။ ကိုကိုက မကွယ် မတွယ်မထောင့် ဝန်ခံပြန်တော့ ပိုပြီး ခံခက် ပူလောင်ရသည်ပဲ။

ထားက ကိုကို့ ချစ်သူဆိုတာ သူသိနေတာပဲဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



စကားသည် မီးတောက်ပေါ်ကျလာသည့် ရေတစ်စက်ဖြစ်သွားတာ ကိုကိုသိသင့်သည်။

လက်ထပ်မည့်ချစ်သူရှိနေပါပြီဆိုတဲ့ အသိက ဘယ် အထိ မြသူဇာကို ထိန်းချုပ်ထားနိုင်ပါ့မလဲ။

မုန်းလို့ခွဲသွားကြတဲ့ ချစ်သူတွေမှ မဟုတ်တာ။

မြသူဇာ တိုတို့ကို သံယောဇဉ်တကယ်ပြတ်မှာတဲ့ လား။

ကိုကို မြသူဇာကို မချစ်တော့ဘူးလားဆိုတဲ့ သူ့အမေးကို ကိုကို မဖြေပါရစေနဲ့ထားရယ်လို့ ကိုတိုတောင်ဖြေခဲ့သေးတာပဲ မဟုတ်လား။

အဲဒီစကားက ထားဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ထဲက ခံစားမှုမီးတောင်ကို ပွင့်ထွက်သွားစေခဲ့သည်ပဲ။

ဝေဒနာချော်ရည်ချော်ခဲတွေနဲ့ လောင်မြိုက်ရပါပြီ ကိုကို . . . ။

★ ★ ★

# နှင်းဆွတ်တောင်ပြန်လေ

## အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com



(၁)

စက်ကြံခိုင်ရေးနှင့် အရည်အသွေးစစ်ဆေးရေးအဖွဲ့ တွင် အဖွဲ့ဝင်အဖြစ် ရုံးချုပ်မှ သူနှင့်သန်းဝေကိုထည့်ပေး ထားသည်။

" ဘာလဲ ရင်တွေခုန်နေပြီလား "

သန်းဝေက သူ့ကိုကြည့်ရင်း ရိတိတိမေးသည်။

" ဘာကိုခုန်ရမှာလဲ "

ဟု ပြန်ပြောရင်း စားပွဲပေါ်ကဖိုင်ထဲကို စာရွက်ကို သွင်းလိုက်၏။

" မသိဘူးလေ မြသူဇာနဲ့တွေ့ရမှာမို့ "

အထေ့အငေါ့စကားဟု နားလည်ရင်း သန်းဝေကို မော့ကြည့် ပြုံးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



" ကာလအကြာကြီးခွဲခွါနေကြရပြီးမှ ပြန်တွေ့ကြ မယ့်ချစ်သူတွေမှ မဟုတ်တာကွာ "

ဟု သူပြောလိုက်၏။

" ဟာ . . . ဒါဆို ခဏခဏ တွေ့နေကြတဲ့ ချစ်သူတွေလို့ မင်းကပြောချင်တာလား "

ကိုယ့်စကားနှင့်ကိုယ်မိနေပြီဟု ကျော်ခေါင်နားလည်လိုက်သည်။ မြသူဇာ သူ့အိမ်ကိုတစ်ပတ်တစ်ခါ လောက်ရောက်လာတတ်သည်ကို သိနေသော သန်းဝေက မကျေမနပ် ခနဲ့စကားဆိုနေတာပဲသိသည်။ သူမရှိလျှင် လည်း သူ့ညီမနှင့် သူ့မေမေသည် မြသူဇာနှင့် ရင်းနှီးနေကြ သူများ မို့ မြသူဇာက သူတို့ဆီ ရောက်လာတတ်သည်ပဲ။ တစ်ခါခါ မြသူဇာနှင့် အတူ သူ့ညီမ အပြင်သို့ ပါသွားတတ် တာ သူသိ၏။ ရံဖန်ရံခါ အမေ့အတွက် စားသောက်ဖွယ်ရာ များပါလာ တတ်သေး သည်လေ။

" ငါ့ညီမဆီလာလာနေတာပါကွာ "

အကာအကွယ် စကားကို သူဆိုပါသည်။

" ကာကွယ်မနေပါနဲ့ ကျော်ခေါင်ရာ၊ ဒီကိစ္စကို မင်းတို့ကာယကံရှင်နှစ်ယောက် အသိဆုံးနေမှာ ပါ "

သူ့ကိုမကြည့်ဘဲ ဆေးလိပ်ဖွာရင်း သန်းဝေပြော တော့ လိပ်ပြာ မလုံချင်။

" တကယ်ပါသန်းဝေရာ ငါနဲ့တွေ့တာနည်းပါတယ်၊



မင်းကတောင် ငါ့ကို မယုံတော့ဘူးလား "

သန်းဝေက ဘာမှပြန်မပြောဘဲ ရယ်ကျဲကျဲလုပ်ရင်း သူ့ကိုကြည့်သည်။

" ငါယုံတာ မယုံတာက အရေးမကြီးပါဘူးကွာ ထားယုံဖို့က အရေးကြီးပါတယ် "

ထားမျက်နှာကို ကွက်ခနဲ သူပြေးမြင်၏။

ထား သူ့ကို မယုံတော့တာ သူနားလည်သည်။

✶ ✶ ✶

www.burmeseclassic.com

www.burmeseclassic.com

(၂)

မနက်ပိုင်းမှ စက်ရုံတစ်ရုံ စစ်ဆေး၍ နေ့လည်ပိုင်းရောက်မှ မြသူဇာတို့ စက်ရုံသို့ရောက်သည်။

လိုအပ်သည့် စာရွက်စာတမ်းများ၊ ကိန်းဂဏန်း ဇယားများကို မြသူဇာက စုဆောင်းတင်ပြသည်။

မရှင်းလင်းသည့်အချက်များကို မေးမြန်းရာ၌လည်း မြသူဇာကပင် ဖြေရှင်းတင်ပြသွား၏။

စက်ရုံထဲကိုသွားရောက်ကြည့်ရှုစစ်ဆေး အပြီး အစည်းအဝေးခန်းသို့ ပြန်ရောက်လာကာ လိုအပ်သည်များ ကို သူတို့အဖွဲ့ခေါင်းဆောင်က ညွှန်ပြဆွေးနွေးသည်။

အစည်းအဝေးပြီးဆုံးသွားသည့်အခါ ညနေလေး နာရီ

www.burmeseclassic.com

www.burmeseclassic.com



ကျော်နေပြီ။

" ကျေးဇူးပဲ ကိုသန်းဝေ၊ စက်စွမ်းဆောင်ရည် တစ် ဖြစ်နေတာ ကိုသန်းဝေထောက်ပြလိုက်လို့ပဲ၊ ဒါမှ မဟုတ်ရင် အပေါ်အထိ ဒီစာရင်းအမှား ကြီးက ပါသွားတော့မှာ "

အခန်းပြင်ရောက်တော့ မြသူဇာက သန်းဝေကို ကြည့်ရင်း ခပ်ပြုံးပြုံးနှင့် ကျေးဇူးတင်စကားဆိုသည်။

" စက်လဲလူလိုပေါ့ဗျာ၊ ဟုတ်ဘူးလား၊ ရာနှုန်းပြည့် ပြည့်စုံတယ်ဆိုတာ ဘယ်ရှိပါ့မလဲ။ တစ်နေရာရာတော့ ချွတ်ယွင်းနေမှာပဲပေါ့ စက်စွမ်း ဆောင်ရည် တစ်ဆိုရင် စက်က ရာနှုန်း ပြည့်ဖြစ် နေပြီပေါ့ "

မြသူဇာကိုကြည့်ရင်း သန်းဝေ ပြောလိုက်၏။

သန်းဝေစကားကိုကြားတော့ မြသူဇာမျက်နှာ ကွက်ခနဲ ပျက်သွားတာကို ချက်ချင်းသတိထားလိုက်မိပြန် သည်ပဲ။ သူနှင့် ထားကြားမှာ မြသူဇာဝင်နေတာ မကျေနပ် လို့ မြသူဇာကို သန်းဝေက စကားဖြင့် ထိုးနှက်လိုက်သည် ဟု မြသူဇာတွေး တော့ မှာမလွဲ။

" သန်းဝေ ငါတို့ရုံးချုပ် တန်းပြန်ရမှာလား၊ ဝင်စရာ ရှိသေးလား "

သူက စကားလွှဲရင်း သန်းဝေကို မေးလိုက်သည်။



" ဆရာကြီးတွေပြန်ပို့ပေးပြီးရင် ငါတို့ကို ရုံးချုပ် ပို့ပေးမှာပေါ့။ ဟုတ်တယ်မဟုတ်လား မြသူဇာ "

ပြန်ပို့ဖို့ကိစ္စကို မြသူဇာတို့စက်ရုံက တာဝန်ယူထား သဖြင့် သန်းဝေက မြသူဇာကိုမေးလိုက်ခြင်းပင်။

" ဟုတ်တယ် . . . ကိုသန်းဝေ ကားစီစဉ်နေပါပြီ။ ကိုသန်းဝေနဲ့ ကိုနဲ့ကတော့ ကျန်ခဲ့လေ။ သူဇာ့ကားနဲ့ လိုက်ပို့ပေးမှာပေါ့ "

မြသူဇာက ကို ဆိုသည့်အသုံးအနှုန်းကို သုံးလိုက်တာ သန်းဝေ သတိထားမိပုံရ၏။ ချက်ချင်းပင် သူ့မျက်နှာကို ကွက်ခနဲ လှမ်းကြည့်လိုက်သည်။

" ဟာ ရတယ် မြသူဇာ ကျွန်တော်က ရုံးပြန်ရဦး မှာ ရုံးမှာ လုပ်စရာကျန်နေသေးတယ်၊ ကျော်ခေါင့် ကိုပဲ ပြန်ပို့ ပေးလိုက်ပါ "

သန်းဝေက စီစဉ်ထားသည့်ကားနှင့်ပင် ရုံးချုပ် ပြန်မည် ဖြစ်ကြောင်း ပြောသည်။ တကယ်တော့ သန်းဝေ တမင်ရှောင် တာ သူနားလည်သည်ပဲ။

" ဒါဆိုလဲ . . . ကို . . . ကျန်ခဲ့နော် သူဇာ . . . ငြိမ်းနဲ့တွေ့စရာလဲရှိသေးတယ်။ သူဇာအိမ်လိုက် ပို့ပေးမယ် "

ငြိမ်းက သူ့ညီမဖြစ်၏။ ငြိမ်းနှင့်တွေ့စရာရှိသေးသည်

www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ သူ ဆက်ငြင်းနေပါကလည်း ရတော့မည် မထင်။ မြသူဇာက အိမ်လိုက်လာပြီး ငြိမ်းနှင့် တွေ့ဦးမည်ပဲ။ သူ ဘာမှ ပြန်မပြောတော့ဘဲ ငြိမ်နေလိုက်မိသော်လည်း သန်းဝေ ရှေ့မှာ အနေအထိုင်ကျိုးရပြန်၏။

" လာဗျို့ . . . ကားအဆင်သင့်ဖြစ်ပြီ "

အဖွဲ့ဝင်တစ်ဦးက သူတို့ရပ်စကားပြောနေရာသို့ လှမ်းအော်ခေါ်သည်။

" ဟဲ . . . ကျွန်တော်သွားမယ် သူဇာ၊ သွားမယ် သူငယ်ချင်း "

သန်းဝေက နှုတ်ဆက်ရင်းထွက်သွားသည်။

သန်းဝေ ကားရပ်ထားသည့်နေရာရောက်သည် အထိ သူတို့စကားမဆိုဖြစ်ကြ။

" အခန်းခဏ သွားရအောင် "

သူဇာက ရှေ့ဆောင်ပြီး အခန်းရှိရာလျှောက်သည်။ သူဇာ့ အခန်းထဲရောက်တော့ သူဇာ့စာရေးမလေးက ပစ္စည်း တွေ သိမ်းဆည်းနေတာမြင်သည်။ ထိုင်မိလျှင် ထိုင်မိချင်း

" ကိုသန်းဝေက တစ်မျိုးပဲနော် "

ဟု သူဇာကပြောသည်။

" ဘယ်လိုတစ်မျိုးလဲ သူဇာ "

သူဇာက သူ့စားပွဲပေါ်မှ စာရွက်စာတမ်းတွေကို သိမ်း



နေ၏။

" ခြော် . . . သူဇာ့ကို မကျေနပ်သလိုပဲ "

ဖိုင်ထဲသို့ စာရွက်စာတချို့ကိုသွင်းရင်း ပြောလိုက် သည်။

" ဟာ . . . မဟုတ်တာ "

" ဟုတ်ပါတယ် . . . ကိုရယ် . . . စက်လဲ လူလိုပေါ့ဗျာ၊ တစ်နေရာရာမှာတော့ ချွတ်ယွင်း ချက် ရှိတတ်တာပဲ လို့ ပြောပြီး ကြည့်တဲ့ အကြည့် က သူဇာ့ကို သရော်နေ သလိုပဲ ကို မြင်လိုက်လား "

သူ့ကိုကြည့်ရင်း သူဇာပြောသည်။

သူ သက်ပြင်းဖွဖွ ချကာ . . .

" ထင်လို့ပါသူဇာရယ် "

ဟု အသံနှိမ့်၍ ဆိုလိုက်သည်။

" မဟုတ်ပါဘူးကို . . . သူဇာက ကလေး မှမဟုတ်တာ သူဇာကောင်းကောင်း သိတာပေါ့၊ နားလည်တာပေါ့၊ သူ . . သူဇာ့ကိုကြည့်တဲ့ အကြည့်ကိုက အထင်သေး တဲ့ အကြည့်၊ မကျေ နပ် တဲ့ အကြည့် ဆိုတာ သူဇာသိ တယ်။ ထား ဘက်က သူနေပြီး သူဇာ့ ကို တော်တော် အမြင် ကတ်နေပုံပဲ "

ပြောပြီးပြုံးလိုက်သည့်အပြုံးကလေးက သရော်ပြုံး ဟု နားလည်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းလာသဖြင့် သူဇာ ကောက်ကိုင်ရင်း စကားပြောသည်။ တယ်လီဖုန်း အချမှာ . . .

" သူဇာ "

ဟု သူခေါ်လိုက်၏။

ပြန်မထူးသော်လည်း အကြည့်ဆုံကာ သူပြောမည့် စကားကို နားစွင့်ထားမှန်းသိလိုက်၏။

" ဆရာမ . . . ကျွန်မပြန်လို့ရပြီလား "

" အေး . . . ရပြီ "

စာရေးမလေးက လှမ်းမေးတာကို သူဇာပြန်ဖြေ၏။ စာရေးမလေးထွက်အသွား တံခါးပြန်ပိတ်သံကြားလိုက်ရ သည်။

" ပြောလေကို . . . ဘာပြောမှာလဲ "

သူဇာက စကားကိုပြန်ကောက်၏။

" သူဇာ . . . ကို့ကို နားလည်ပါသူဇာ။ ကိုလဲ သူဇာ့ကို နားလည်ခဲ့တာပဲ။ သူဇာက သူဇာ့မိဘ တွေ အတွက် လူတစ်ယောက်ကို လက်ထပ်ဖို့ဆုံး ဖြတ်တုန်းကလဲ ကိုယ် သူဇာ့ကို မနာကြည်းခဲ့ မိဘူး။ သူဇာ့အစွဲ အလမ်း တွေ၊ ခံစားချက်တွေကို နားလည်ရင်းနဲ့ ခွင့်လွှတ်ခဲ့ တယ်။ အခုလဲ သူဇာ ကို့ကို နားလည်ပေးသင့်ပါတယ် "

" သူဇာက ဘာတွေနားမလည်လို့လဲ . . . ကို "



သူဇာက သူ့စကားကိုဖြတ်ပြီးမေးလိုက်၏။

" ကို . . . ထားကိုချစ်တယ် သူဇာ၊ ထားအပေါ် မှာ ကိုသစ္စာရှိနေရမယ်။ သူဇာနဲ့ ကိုနဲ့ အခေါ် အဝေါ် အသုံးအနှုန်းကစပြီး ပြောင်းလဲ သင့်ပါ ပြီ။ ကိုတို့က အရင်လို ချစ်သူတွေမှ မဟုတ်ကြ တော့တာပဲ "

သူ သည်စကားကိုပြောချင်သည်မှာ ကြာပြီ။ မြသူဇာ ကို အားတုံ့အားနာနှင့် ပြောမထွက်ခဲ့။

" ဘယ်လိုပြောလိုက်တယ်ကို . . . ၊ ချစ်သူတွေမှ မဟုတ်ကြတော့တာ ဟုတ်လား "

" ဟုတ်တယ်လေ "

သူဇာက နှုတ်ခမ်းကိုတွန့်၍ ခပ်မဲ့မဲ့ပြုံးသည်။

" မညာချင်ပါနဲ့ ကိုရယ် "

" ဘာညာလို့လဲ သူဇာ "

" ကိုယ့်ကိုယ်ကို မညာချင်ပါနဲ့ကို၊ သူဇာနဲ့ကိုဟာ ချစ်သူတွေပါပဲ၊ သူဇာ ကို့ကို ဘယ်လောက်ချစ် တာ ကို သိသလို ကို သူဇာ့ကို ဘယ်လောက်ချစ် တယ်ဆို တာလဲ သူဇာ နားလည်ထားတာပဲ၊ ဒီမှာကို . . . သမီး ရည်းစားမဟုတ်ကြတော့ တာပါ ကိုရယ် . . . "

သူ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း သူဇာပြော၏။

ပြတင်းကိုဖြတ်ဝင်လာသည့် မိုးသက်လေသည် မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



ထိတွေ့အေးမြသွားလေသည်ပဲ။ ရင်ထဲမှာတော့ တင်းကျပ်ပူလောင်နေပြန်သည်။

" ကိုမှာ ထားဆိုတဲ့ချစ်သူရှိနေပါပြီသူဇာ၊ ကို ထားကို လက်ထပ်တော့မှာပါ "

မြသူဇာကို မကြည့်ဘဲ အကြည့်ကိုလွှဲထားရင်း သူဆိုသည်။

" ဒီမှာကို . . . တစ်နေ့လောက်ဘုရားကို ကိုနဲ့ သူဇာ သွားကြမယ်၊ ဘုရားမှာ၊ ကျွန်တော်ဟာ သူဇာ ဆိုတဲ့ မိန်းကလေးကို နည်းနည်းလေးမှ ချစ်ခင် တွယ်တာမှု မရှိတော့ပါဘုရား . . . လို့ သစ္စာဆိုပြ။ အဲဒီလို သစ္စာဆိုပြရင်၊ သစ္စာ ဆိုရဲခဲ့ရင် ကို . . . သူဇာကို မချစ်တော့ဘူးလို့ သူဇာ ယုံလိုက်မယ်ကို . "

လေပူတစ်ချက်၊ သက်ပြင်းနှင့်အတူ မှုတ်ထုတ်ရင်း ခေါင်းငုံ့လိုက်စဉ် မျက်နှာကြက်မှာချိတ်ဆွဲထားသော မီးချောင်း၏ အရိပ်ကို စားပွဲပေါ် မှ မှန်ထဲတွင် သူမြင်သည်။

နှလုံးသားမှာရော အရိပ်တွေရှိနေပါသတဲ့လား။

★ ★ ★

(၃)

" မင်းတို့ အခေါ် အဝေါ် အသုံးအနှုန်းတွေက အရင်အတိုင်းပဲရှိသေးတယ်နော် "

သန်းဝေ ဘာကိုရည်စူးပြီးပြောလိုက်တယ်ဆိုတာ သူ နားလည်နေသည်။ ဟိုနေ့က မြသူဇာက 'ကို' ဟုခေါ် သည် ကို ရည်ညွှန်းပြောလိုက်မှန်းသဘောပေါက်၏။ ဘာမှပြန် မပြောဘဲ ငြိမ်နေတာ အကောင်းဆုံးဖြစ်မည်တွေးကာ ငြိမ်နေ လိုက်၏။

" ဘေးနားက နားထောင်ရင်း မင်းတို့ပြတ်သွားကြပြီဆိုတာ ငါတောင်မယုံချင်ဘူး ကျော်ခေါင် "

သူ သန်းဝေမျက်နှာကို တစ်ချက်လှမ်းကြည့် ဖြစ် သည်။

" တကယ်ပါကျော်ခေါင် . . . မင်းတို့စကား၊ မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေမှာ သံယောဇဉ်တွေ မကုန် သေးတာ ပြနေတယ်လေ ”

“ အဲဒီနေ့က ငါ သူဇာ့ကို ထပ်ပြောခဲ့သေးတယ်၊ မင်းပြောသလိုပဲ အခေါ် အဝေါ် တွေပြင်ကြဖို့ ”

“ အခေါ် အဝေါ် တွေပြင်ရုံနဲ့တော့ ဘာထူးမှာ လဲကွာ အနေအထိုင်အဆက်အဆံပါဆင်ခြင်မှ အကျိုးရှိမှာ ”

စီးကရက်ပြာခြွေရင်း မကြည့်ဘဲပြောလိုက်သည်။

“ နေပါဦး ငါတို့အနေအထိုင်က တော်တော် ကလေး သရုပ်ပျက်နေလို့လား သန်းဝေ ”

သူ့မျက်နှာဆီ အကြည့်ပို့သည်။ ပြီးတော့တစ်ချက် ရယ်သေး၏။

“ ကျော်ခေါင်ရယ် . . . ကားလေးနဲ့ အတူသွား၊ ထမင်းစားလိုက်ကြ၊ လက်ဖက်ရည်ဆိုင်ထိုင်လိုက် ကြနဲ့ အပြင်မှာတတွဲတွဲနေ၊ အလုပ်ထဲမှာလဲ လုပ်ငန်း အရ တတွဲတွဲနေနေမှတော့အများ အမြင်မှာတစ်မျိုးမြင်တာ ဘာဆန်းလဲကွာ ”

“ ငါတို့ သူငယ်ချင်းတွေလို၊ မိတ်ဆွေတွေလို သံ ယော ဇဉ်မရှိကြရတော့ဘူးလား ”

မိုးကြိုးပစ်မှန်းသိလျက်၊ ထန်းလက်ဖြင့် ကာသလို စကားမှန်း ဘာသာ သိလိုက်ပြန်သည်။



“ ဒီမှာကျော်ခေါင် ”

စီးကရက်ကို ခုံပေါ်မှာ ထိုးခြေရင်း ခေါ်သည်။ ပြီးတော့ အကြည့်ဆုံလိုက်၏။

“ ငါ မင်းကို တစ်ခုမေးမယ် ”

“ မေး ”

သန်းဝေကစီးကရက်တစ်လိပ်ထပ်ယူပြီး မီးညှိ သည်။ ပြီးတော့ မီးခြစ်ကို စားပွဲပေါ် သို့တင်လိုက်၏။ မီးခြစ် နှင့်စားပွဲ ထိသံ ဒေါက်ခနဲသည် သူ့ရင်ထဲမှာ စူးရှစွာ ထိခိုက် မြည်ဟိန်းသွား သလို။ သန်းဝေ မေးမည်ကိုသိနေသလိုခံစားနေမိသော်လည်း အသေအချာ မမှန်းဆတတ်။

“ မင်း ငါ့ကိုတော့ မညာဘူးလို့ ငါယုံတယ် ကျော်ခေါင် ”

သန်းဝေကို သူကြည့်ရင်း ပြုံးပြလိုက်မိပြန်၏။ ဘာမှ တော့ ပြန်မပြောဖြစ်လိုက်။

“ မင်း ထား ကို တကယ်ချစ်သလားကျော်ခေါင် ”

“ ချစ်တယ် ”

မဆိုင်းမတွ သူပြန်ဖြေလိုက်မိသည်။

“ ငါ ထားကို ဖွင့်မပြောခင် အတန်တန်စဉ်းစားပြီး အားလုံး မင်းကိုတိုင်ပင်ခဲ့တာပဲ ”

မြသူဇာကိုရော ချစ်သလားဟု မေးမှာကြောက်ပြီး သူ့နှုတ်မှ စကားတွေ ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဖွင့်မပြောခင်၊ ဟိုး . . . ကျောင်းမှာ ကတည်းက ထား မင်းအပေါ်မှာဘယ်လိုသဘော ထားတယ် ဘယ်လောက်သံယောဇဉ်ရှိတယ်ဆိုတာမင်း အသိဆုံးပဲ လေ"

သန်းဝေ စကားဆက်တော့ သူ သက်ပြင်းချသည်။

"ဟုတ်ပါတယ်"

ခေါင်းညိတ်ရင်းပြောလိုက်မိပြန်၏။

သန်းဝေက စီးကရက်ပြာကိုခြွေချလိုက်ပြန်သည်။

"ငါနဲ့ ချစ်သူဘဝရောက်တဲ့အခါမှာလဲ ထားဟာ ဘာ အပြစ်မှမရှိဘူး၊ ငါ့ကိုကြင်ကြင်နာနာနဲ့ စိတ်ချမ်း သာ စေခဲ့တဲ့ ချစ်သူတစ်ယောက်ဆိုတာ ငါလက်ခံ တယ်။ ဒါကြောင့် ငါ ထား ကို ချစ်တယ် သူငယ်ချင်း"

သူဆက်ပြောသည့်စကားကို စီးကရက်ဖွာရင်း ခေါင်း တညိတ်ညိတ်လုပ်ကာ နားထောင်နေရာမှ . . .

"ဒီမှာကျော်ခေါင်"

ဟုခေါ်လိုက်သည်။

သူ သန်းဝေပြောမည်ဆိုတာ နားစွင့်ထားလိုက်၏။

"ငါ မင်းကိုပြောချင်တာ အဲဒါပဲ၊ မင်း ထား ကို ချစ် တယ်ဆိုတာက ချစ်စရာကောင်းတာလေးတွေ၊ ထား ရဲ့ကောင်းကွက်ကလေးတွေကိုစဉ်းစားပြီး ချစ်နေတာ



ပဲလို့ ငါထင်တယ်။ တကယ်နှလုံးသား မှာပေါက်ဖွား လာတဲ့ အချစ်ဟုတ်ချင်မှဟုတ်မယ်။ ဦးနှောက်က ချစ်သင့်တယ် လက်ခံပြီးချစ်ခဲ့တာ။ မင်း သူ့ကို ဖွင့်ပြောတဲ့ အချိန်ကလဲမြသူဇာမင့်ကိုဖြတ်သွားခါစ၊ မင်း စိတ်လေတဲ့ အချိန် လေ . . . "

သန်းဝေကို သူလှမ်းကြည့်လိုက်၏။သည်အတွေးမျိုး သူ့မှာ ဝင်လာတိုင်း ထားမျက်နှာကိုမြင်ယောင်တတ်စမြဲ။ မြသူဇာ ဖြတ်သွားခါစ စိတ်လေနေတုန်းမှာ မိမိက ထား ကို အစား ထိုးပြီး အဖော်ရှာချစ်မိတာ ဖြစ်နေပါသလား။ သည်လို သာ ဖြစ်ခဲ့လျှင် ထား ဘက်က တွေးကြည့်ပါက အလွန်ကြေကွဲ ဆို့နင့်ရှာ။

"မင်း မြသူဇာကို ချစ်တာကြတော့ ထားက မင်းကို ချစ်တာနဲ့ တူတယ်။ မြသူဇာ ဘာလုပ်လုပ် မင်း ခွင့် လွှတ်ပြီး ချစ်နေနိုင်တယ်။ ထား လဲ ဒီလိုပဲမင်းဘာတွေ ဖြစ်ခဲ့ဖြစ်ခဲ့ သူချစ်တာက ချစ်တာပဲ၊ လျော့မသွားဘူး၊ ငါတစ်ခု မင်းကို မေးမယ်၊ မြသူဇာနေရာမှာ၊ ထားသာ ဆိုရင်မြသူဇာလုပ်ခဲ့ သလိုထားသာလုပ်ခဲ့ရင် မင်း ဒီလိုဆက်ချစ်နေနိုင် ပါ့မလား ကျော်ခေါင် . . . "

မျက်နှာကို လှမ်းကြည့်ရုံ ကြည့်ဖြစ်သည်။ တစ်စုံ တစ်ရာကို ပြန်ပြောဆိုဖြေား သူနှုတ်ဖျားက စကားထွက် မလာ။ သူ့မှာ ပြောစရာစကားမရှိတော့လေသလား။ လေပူ တစ်ချက်ကို

www.burmeseclassic.com

www.burmeseclassic.com



မှုတ်ထုတ်လိုက်ရင်း တောင့်တင်းနေသည့် ခန္ဓာကိုယ်ကို ခပ်လျော့လျော့ပြင်ထိုင်လိုက်မိ၏။

"မင်း သိပ်တွေဝေတာယ်ကျော်ခေါင်၊ မပြတ်သား ဘူး။ ငါ မင်းကို အားမနာစတမ်းပြောမယ်။ မင်းက ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့မှုကိုကြောက်တယ်၊ ထားကို အားနာတယ်၊ ပြီးတော့ မင်းရဲ့သိက္ခာနဲ့ ကိုယ်ကျင့်တရားပွန်းပဲ့သွားမှာကိုစိုးရိမ်နေတယ်။ မင်းကို သစ္စာမဲ့သူလို့ အခေါ်ခံရမှာ ရှက်နေ တယ်။ အဲဒါ တွေကြောင့်သာ မင်း ထားကိုမပြတ် ရဲတာပဲ။ တစ်ဖက်ကျတော့လဲ တကယ်စွဲစွဲလမ်း လမ်း ချစ်လာရတဲ့ချစ်သူ အတူသွား၊ အတူလာ နဲ့ သံယောဇဉ်စကားတွေမှာ၊ မင်း သာယာကြည်နူးနေမိတုန်းပဲ၊ မြသူဇာနဲ့ပြတ်ပြတ် ကင်းကင်း ဖြစ်သွားမှာ ကိုလဲ မင်းကြောက်နေ တယ်၊ဟုတ်သလား ကိုယ့်ဘာသာ စဉ်းစားကြည့်"

စားပွဲပေါ်မှ မီးခြစ်ကိုကောက်လိုက်သည်။ ပြီးတော့ စီးကရက် တစ်လိပ်ကိုယူပြီး မီးညှိရန်ပြင်၏။

လက်ထဲမှ ဇစ်ပိုမီးခြစ်ကို ခြစ်လိုက်သည်။

ပန်ကာလေကြောင့် မီးတောက်သည် ပို၍ ကြီးလာတော့၏။

★ ★ ★

(၄)

ဝေ့ဝဲကျလာသည့် ဆောင်းနှင်းစက်များကို ကြည့် ရင်း ဖြတ်သန်းလာခဲ့သော ယခင် ဆောင်းရက်များကို သတိရ လာစေသည်။ ထူထဲသိပ်သည်းစဉ်ကာလ အရာရာ ဝေဝါး တွေပြားနေသော်လည်း ပါးလျားပျက်ပြယ်ကာ တစစဖြင့် သဘာဝအတိုင်း ပြန်လည်တွေ့မြင်စေနိုင်သည့် နှင်းဝေ မနက်တို့၏ ဖြစ်စဉ်ကို နှစ်တိုင်းကြုံတွေ့နေကျ။

ထားနှင့် မိမိတို့၏ ချစ်သူသက်တမ်း တစ်နှစ်ပြည့်ရန် ရက်ပိုင်းမျှသာ လိုတော့သည်ကို မှတ်မှတ်ရရရှိလာခဲ့သည်။

ထားနှင့် သူတို့ ချစ်သူဖြစ်ပြီးမှ နှင်းတွေ ထူထပ် စွာကျနေသည့် တနင်္ဂနွေမနက်တစ်ခုမှာ အင်းလျား ကန်ပေါင် ရိုးပေါ်

www.burmeseclassic.com



ရောက်ခဲ့ကြတာ ပြန်သတိရနေသည်။

အသားဖြူသူမို့ အနီနှင့် အနက်သည် ထားနှင့် အလိုက်ဖက်ဆုံးဟု သူပြောဖူးခဲ့သည်။ ဟုတ်တာမဟုတ်တာ အသာထား၊ ကိုယ့်ချစ်သူစကားပဲ ယုံရမှာပေါ့ဆိုပြီး ထားက ဆွယ်တာအနီနှင့် အနက်ကို အဝတ်များခဲ့၏။ သူတို့ အင်းလျားကန်ပေါင်ရိုးပေါ် မှာလမ်းလျှောက်နေစဉ် နံနက် အင်းလျားရေပြင်ကိုမမြင်ရ၊ နှင်းထုသိပ်သည်းထူထပ်စွာ ကျ၍ကောင်းဆဲ။

" ထားက ကိုကို့ကို အမေလို၊ အစ်မလို၊ ညီမလို၊ သူငယ်ချင်းလိုရော ချစ်သူလိုပါချစ်တယ်ဆိုတာ ကိုကိုသိပါ တယ်နော် "

မမြင်ရသည့် နှင်းလွှင်ပြင်ကိုလှမ်းငေးရင်း သည်တုန်းက ထားပြောကြားဖူးခဲ့သည့်စကား ပြန်ကြား ယောင်သည်။

" ကိုကို ထားကိုရော ချစ်ရဲ့လား ဟင် "

" ချစ်တာပေါ့ထားရယ်၊ ချစ်လို့ပဲ လက်ထပ်ဖို့ ရည်ရွယ်ခဲ့တာပေါ့ "

" မြသူဇာရဲ့ နေရာမှာ အစားထိုးပြီး ချစ်တာလား ကိုကို"

ဝေ့ပက်လိုက်သည့် နှင်းငွေ့ပါသောလေ တစ်ချက်က မျက်နှာ ကို အေးစက်သွားစေသည်။

" မဟုတ်ပါဘူး ထားရယ် "

ဟုသာ သူပြန်ပြောလိုက်နိုင်သည်။



" မေတ္တာနဲ့ သစ္စာ နှစ်ခုအနက်က တစ်ခုပဲ ယူခွင့် ရခွင့်ရှိမယ်ဆိုရင် ထားတော့ သစ္စာကိုပဲယူချင် ရချင်တယ် ကိုကို၊ မေတ္တာကိုမရရင်တောင်မှ မေတ္တာနဲ့ အနီးစပ်ဆုံး အစားထိုးနိုင်တဲ့ သံယောဇဉ် တို့ အတွယ် အတာတို့၊ သနားညှာတာမှုတို့ ဆိုတာရှိသေးတာပဲ။ သစ္စာကို အစားထိုးနိုင်တဲ့ အရာက ဘာမှ မရှိဘူးနော် . . . ကိုကို "

သူ ထား မျက်နှာကို ငုံ့ကြည့်လိုက်မိသေးသည်။

သူ့မေတ္တာကို ထား သည်တုန်းကပင် သိသယဝင်နေခဲ့ပြီလားမသိ။ သည်တုန်းက မြသူဇာ ဂျပန်မှာရှိနေသေးသည် ပဲ။

✶ ✶ ✶

www.burmeseclassic.com

www.burmeseclassic.com



" ကိုကို ထားနဲ့ ပတ်သက်ပြီး မှတ်မှတ်ရရတော့ ရှိနေ
သားပဲ "

သူတို့ ချစ်သူတွေဖြစ်ကြသည့်နေ့ အင်းလျားမှာ လမ်းလျှောက်စဉ်က ထားပြောခဲ့သည့်စကားတွေ သူပြန်ပြော ပြတော့ ထားမျက်နှာလေးရှင်ပျပြီး ကြည်နူးစွာပြောသည်။

" ဘာလို့ မမှတ်မိရမှာတဲ့လဲ ထား ရယ် "

" မသိဘူးလေ . . . မေ့များမေ့သွားပြီလားလို့ "

ခနဲ့ စကားဆိုပြီးပြုံးကြည့်သော ထားခေါင်းပေါ်ကို လက်သီး ဖြင့်ဖွဖွေ့ထုမိပြန်၏။

မနေ့ညနေက တွေ့စဉ် မနက်ဖြန် မုန့်ဟင်းခါးစားချင်လို့ လိုက်ကျွေးပါဟု ထားပူဆာခဲ့၏။ မနက်စောစော ချိန်း သည့်နေရာ ရောက်ကာ မုန့်ဟင်းခါးဆိုင်သွားကြသည်။ မုန့်ဟင်း ခါးဆိုင်မှ လဘက်ရည်ဆိုင်သို့ လျှောက်၏။ လက်ဖက်ရည်ဆိုင် ရောက်သည် အထိ နှင်းငွေ့ကမပြယ်ချင်သေး။ လက်ဖက်ရည် သောက်ပြီး ထားကို ရုံးလိုက်အပို့ မှာတော့ နှင်း ကွဲစပြုပြီ။



" ထားနဲ့ ကိုကိုတို့ရဲ့ ချစ်သူဘဝတွေဟာ နှင်းတွေကြားမှာ စခဲ့ကြတာပါ ထား။ ထူထူသိပ်သိပ်ကျနေတဲ့ နှင်းတွေဟာချစ်သူနှစ်ယောက် အတွက်မေတ္တာရဲ့ အေးမြခြင်း သင်္ကေတပဲ ဖြစ်ချင်တယ်လေ။ အရာရာကိုမပြတ်မသားဖြစ်စေတဲ့ သံသယတရား ရဲ့ သင်္ကေတတွေဖြစ်မှာ စိုးရိမ်တယ် "

ရုံးဂိတ်ဝကိုရောက်တော့ ရပ်ရင်း ထားကို ပြောလိုက်သည်။

" ဒါတွေက ကိုကို့ အပေါ်မှာပဲ တည်တာပါ "

ထားက သူ့ကိုမျက်နှာချင်းဆိုင်ကြည့်ရင်းပြော သည်။

" ကိုကို ထားအပေါ်မှာ အမြဲသစ္စာရှိနေမှာပါ " ဟု တိုးတိုးပြောလိုက်သည့် သူ့စကားကို ထား ကြားပြီး မျက်နှာ ကြည်စင်ဝင်းပသွားသည်။ ပြန်ကြည့်လိုက်သော ထား အကြည့်က သူ့နှလုံးသားအထိ နက်ရှိုင်းစွာ ထိရောက် နိုင်ကြောင်း သူနားလည်သည်ပဲ။

" ဪ . . ကိုကို မမေ့နဲ့နော်။ မနက်ဖြန်ကျရင် နှစ်ယောက်စလုံးခွင့်ယူကြမယ်။ ပြီးတော့ လျှောက် လည်ရအောင် ဟုတ်လား "

" မနက် ၉ နာရီမှာ ခါတိုင်းတွေ့နေကျနေရာက စောင့် နေနော် "

www.burmeseclassic.com

www.burmeseclassic.com



ထားက ချစ်သူဖြစ်သည့် တစ်နှစ်ပြည့်နေ့မှာ လျှောက်လည်ဖို့ ပူဆာပြန်ပြီပဲ။ သူပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

ရုံးထဲဝင်သွားသည့် ထားကို သူရပ်ပြီး ငေးကြည့်နေမိသေး၏။

★ ★ ★

(၅)

ချစ်သူသက်တမ်း တစ်နှစ်ပြည့်သည့်နေ့ ဆိုတော့ လည်း အမှတ်တရအဖြစ် ထားက လည်ချင်ပတ်ချင်နေသည်။ ထားပြောသလို မနက်ဖြန်အတွက် ရှောင်တခင်ခွင့် တစ်ရက် သူ တင်ခဲ့သည်။ မနက်စာကို ထားကြိုက်သည့် ဆိုင်တစ်ဆိုင် မှာ လိုက်ကျွေးပြီး နေ့လယ် ရုပ်ရှင်ကြည့်မည် စဉ်းစား၏။ ပြီးတော့ ထားသွားချင်သည့်နေရာကို လိုက်ပို့ပေးရပေမည်။ တစ်ခုသေချာတာကတော့ ဘုရားကိုပို့ပေးဖို့ ထား ပြောဆို တာပါပဲ။ ဘုရားပေါ်ရောက်ရင် သိပ်ပြီး စိတ်အေးချမ်းတာပဲ ကိုကိုရယ် ဟု ထားက ခဏခဏပြောခဲ့ဖူးတာ သူပြန်သတိရ၏။

ထားအတွက် အမှတ်တရတစ်ခုခု ဝယ်ပေးရရင် ကောင်းမည် တွေးပြီး ဘာဝယ်ပေးရမည်ကို သူမစဉ်းတတ် ပြန်။ မနက်ဖြန်မှပဲ ထားကြိုက်တာကို ဝယ်ပေးတော့မည် တွေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီရက်ပိုင်းမှာ သန်းဝေကလည်း ပြော၊ ထားကလည်း ပြောနှင့် မြသူဇာကို သူကြိုးစားရှောင်သည်။ မြသူဇာ ရောက်လာတုတ်သည့် ညဦးပိုင်းလောက်ဆို သူကိစ္စတစ်ခုခုအကြောင်းပြပြီး အိမ်မှထွက်၏။ ရုံးကို ဖုန်းဆက်လျှင်လည်း အလုပ်အကြောင်းပြကာ သူ ဖုန်းချသည်သည်အကြောင်းတွေကိုသန်းဝေကတစ်ဆင့် ထားပြန်သိလေသလား မသိ၊ ထား သူ့ကို မြသူဇာအကြောင်း သိပ်မမေးတော့ပြန်။ သံသ ယကင်းစင်စပြုပြီလားဟု တွေးမိသေး၏။

★ ★ ★

မနက်စောစော ရေချိုးခန်းမှအထွက် မွှေးပွတဘက် ဖြင့် မျက်နှာကိုသုတ်နေဆဲ ဒီအချိန်ဆို ထားကတော့ အလု ပြင်ပြီး လောက်ပြီပဲ၊ တွေးကာ သတိရနေမိသေးသည်။

သူ့အခန်းဝမှာ ငြိမ်းလာရပ်စဉ် သူက တဘက်ကို တန်းမှလှမ်းနေချိန်ဖြစ်၏။

" ဘာလဲငြိမ်း "

" အိမ်ရှေ့မှာ မမသူဇာတို့အိမ်ကကား ရောက်နေ တယ် ကိုကို "



" သူဇာ ဘာလာလုပ်တာလဲ၊ စောစောစီးစီး"

" မမသူဇာမပါဘူးအစ်ကို "

" သူဇာမပါဘူးဟုတ်လား "

" ဟုတ်တယ်အစ်ကို၊ သူဇာမပါဘူး အစ်ကို့ကို လာခေါ်တာတဲ့ "

" အေး – အေး ငါလာခဲ့မယ် ဘာကိစ္စဖြစ်ပြန်ပြီလဲ မသိဘူး "

စိတ်ထဲမှာတော့ ထင့်ခနဲဖြစ်သွားရသည်။ သူဇာ သူ့ကို သည်လိုဘယ်တုန်းကမှ တကူးတကခေါ်ခဲ့စဖူး။

ရှပ်အကျႌတစ်ထည်ကို ကောက်ဝတ်လိုက်သည်။ ခေါင်းမှ ဆံပင်တွေကို လက်ဖြင့် ထိုးဖွသပ်တင်ရင်းအခန်း တွင်းမှထွက်သည်။ ပြီးတော့ ဧည့်ခန်းဆီလျှောက်၏။

" ဘယ်မှာလဲ "

ဧည့်ခန်းထဲမျက်စိဝေ့ရင်း ငြိမ်းကို သူမေးလိုက် သည်။ ငြိမ်းက တံခါးအဝင်ပေါက်ဆီလှမ်းအကြည့်မှာ တံခါး ဝတွင် ရပ်နေသော သူဇာတို့အိမ်မှ ကားဆရာကြီး ဦးလှထူး ကိုမြင်သည်။

" ဦးလှထူး လာထိုင်ဗျာ "

သူဇာနှင့် မိမိချစ်သူဘဝကပင် ဦးလှထူးနှင့် သူရင်း နှီးခဲ့သည်ပဲ။ ဦးလှထူးမောင်းသည့်ကားနှင့် သူဇာနှင့်သူ ခဏ ခဏ

www.burmeseclassic.com

www.burmeseclassic.com



လျှောက်၍လည်ခဲ့ပတ်ခဲ့ဖူးသည်ပဲ။

" မထိုင်တော့ဘူး မောင်ကျော်ခေါင် သူဇာက မောင်ကျော်ခေါင်ကို တပါတည်းခေါ်ခဲ့ပါတဲ့ "

" ဘယ်လို ဘယ်လို "

သူ နားမလည်လိုက်။ သူ့ညီမငြိမ်းကလည်း သူ့နှယ် ပင် နားမလည်ဖြစ်ကာ ဝေးကြောင်ကြည့်နေတာမြင်သည်။

" သူဇာဆေးရုံမှာ "

" ဟင် . . . ဘာဖြစ်တာလဲ ဦးလှထူး "

သူ ပျာပျာသလဲမေးမိပြန်၏။

" ညက ညည့်အတော်နက်အထိ ခြံထဲဆင်းထိုင်တယ် တဲ့မောင်ရာ၊ နှင်းတွေဒီလောက်ကျနေတာ သူ့ခေါင်း တစ်ခေါင်းလုံးနှင်းတွေစိုရွှဲနေမှာပေါ့။မနက်ကျတော့ ဖျားလိုက်တာ ခြစ်ခြစ်တောက် ကရော။ ဆေးရုံ မရောက်ခင် သတိတောင် လစ်ချင်သလို ဖြစ်တယ်။ ကယောင်ကတမ်းတွေ လျှောက်ပြော နေတယ်ကွယ့် သတိပြန်ရတာနဲ့ မောင်ရင့်ကိုမေးတော့တာသွားခေါ် ပေးပါ ပြောလို့ "

" အခုဘယ်လိုနေလဲဦး "

" အဖျားကတော့ကြီးနေတုန်းပဲ၊ သတိရလိုက် မရ လိုက်ဖြစ်နေတယ်ကွယ် "



" ဟဲ့ . . . ညော့်သည်ကိုညော့်ခန်းထဲမခေါ်ဘူး လား"

သူတို့စကားရပ်ပြောနေရာဆီသို့ လှမ်းကြည့်ရင်း အမေကပြောလိုက်သည်။

" မေမေ . . မမသူဇာဆေးရုံတင်ထားရလို့တဲ့ အစ်ကို့ ကို လာခေါ်တာ "

" ဟဲ့ . . . ဘယ်လိုဖြစ်တာလဲ "

" ညက တစ်ညလုံးနှင်းတွေထဲမှာ ထွက်ထိုင်တယ်တဲ့ အမေရာ ညဉ့်နက်အထိဆိုပေမယ့် မိုးလင်းခါနီး အထိ ဖြစ်မှာသေချာတယ်။ မနက်ရောက်တော့ အအေး မိပြီး ဖျားရော "

" ဖြစ်ရလေကွယ် အခုဘယ်လိုနေလဲ "

" သတိမရတစ်ချက် ရတစ်ချက်တဲ့ အဖျားကြီးတယ်တဲ့ "

ငြိမ်းကဝင်ဖြေသည်။

" လုပ်လေ . . . လုပ်လေ လိုက်သွားလေ အဝတ် အစားလဲလုပ် "

" သိမ်းလဲလိုက်မယ် "

ပြောပြီး ငြိမ်းက သူ့အခန်းဆီပြေးသည်။

သူက လုံချည်လဲမည်ဟု တွေးရင်း အခန်းတွင်းဝင်ခဲ့၏။

လုံချည်လဲပြီးတော့ ဝန့်ဘမ်းကတ်ရှာနေရင်း ထောင်း ကိုဖျတ်ခနဲ သတိရမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေမည့် ထား ကို အတွေးဖြင့် မြင်လျက် စာနာ စိတ်ဖြစ်သည်။ သည်ရက်မျိုးမှာတော့ ဘယ်နည်းနှင့်မှ ထား မလာဘဲ နေမည်မဟုတ်ဟု ထားကသူ့ကိုယုံမည်ပဲ။ လမ်းမှာ တစ်စုံတစ်ခု ဖြစ်နေလို့လားဟု ထားသူ့အတွက် အစိုးရိမ်ကြီး တော့မည်။ မျှော်လင့်ကြီးစွာဖြင့် စောင့်ရင်း စောင့်ရင်း သူရောက် မလာနိုင်တော့သောအခါ ရင်မှာဒေါသဖြင့် ဗလောင်ဆူလိမ့်မည်။ အလိုလို အားငယ်လာလိမ့်မည်  ဝမ်းနည်းစိတ်ဖြင့် မျက်ရည်စို့ချင် စို့လာလိမ့်မည်။

ရုံးကိုဖုန်းဆက်ဖို့ကလည်း စောလွန်းသေး၍ မဖြစ် နိုင်။ အိမ်ကို လိုက်လာလေမလား။ အိမ်ကို လိုက်လာမှာလည်း မဟုတ်ဟု သူထင်သည်။ ထားကို အိမ်လိုက်လည်ဖို့ခေါ်သော် ငြား ထားက အမြဲငြင်းခဲ့ပြန်သည်။

မြသူဇာ ကိစ္စကြောင့်မလာဖြစ်သည်ကိုသာ ထား သိသွားပါက ကြေကွဲ ရင်နင့်စွာခံစားရဦးမည်ဟု သူသိနေပြန်၏။ ဘာဖြစ်ဖြစ် အကျိုးအကြောင်းရှင်းပြရုံမှ တစ်ပါး သူဘာ မှ မတတ်နိုင်တော့။ မြသူဇာ ကိစ္စက နာရေးဖြစ်နေခဲ့သည်ပဲ။

" အစ်ကိုရေ လာလေ "

" လာပြီ . . လာပြီ "

အခန်းထဲမှ အထွက် ငြိမ်းက လှမ်းခေါ်သည်။ ဝန်ထမ်းကတ်ကို ရှာမနေတော့ဘဲ အခန်းထဲမှ သူထွက်ခဲ့၏ ။

★ ★ ★

(၆)

" မင်းလုပ်တာ အဓိပ္ပါယ်မရှိဘူးကျော်ခေါင် "

သန်းဝေ အသံကမာ၍ပြတ်သည်။

ဆေးလိပ်ဖွာရင်း ဘာမှ ပြ မဖြေမိ။

" ကိုယ့်ချစ်သူတစ်ယောက်ကို လမ်းပေါ်မှာချိန်းပြီး ဒီအတိုင်းထားရက်တာမင်းတစ်ယောက်ပဲရှိမယ်ထင်တယ် ဒါနဲ့ မင်းပါးစပ်က ထားကိုချစ်လှချည်ရဲ့ဆို. . "

စကားအဆုံးမှာ သူ သန်းဝေကို အကြည့်ဆုံ လိုက် သည်။

" ငါ သူဇာ့ဆီကို လိုက်မသွားသင့်ဘူးကွာ "

နောက်ဆုံး တွယ်ဖက်စရာကောက်ရိုးတစ်မျှင်အဖြစ် သူ လျှောက်လဲသည်။

www.burmeseclassic.com

www.burmeseclassic.com



" လိုက်သွားသင့်ပါတယ်၊ ဒါသေရေးရှင်ရေးပဲသတိ မရတစ်ချက် ရတစ်ချက်ဆိုတာ အခြေအနေဆိုးတာပဲ။ အခြေအနေမဆိုးရင်လဲ ဆေးရုံပေါ် ရောက်နေတဲ့သူရဲ့ စိတ်ချမ်းသာမှုအတွက် မင်း လိုက်သွားသင့်ပါတယ်။ ဒါပေမဲ့ထားကို ပစ်ပစ်ခါခါလုပ်ဖို့တော့မကောင်းဘူး ပေါ့ "

" ပစ်ပစ်ခါခါ "

အတော်နှင့်သည်းစွာ စွပ်စွဲလိုက်သည့် စကားဟု နားလည်ရင်း ရေရွတ်ကြည့်မိသည်။

"ဟုတ်တယ်လေ . . တကယ်ဆို မင်း ထားကို တစ်နည်းနည်းနဲ့ အသိပေးအကြောင်းကြားပြီးမှ သွား သင့်တာပေါ့။ ဒါမှ မဟုတ်လဲ ထားကို လှည့်ခေါ် ပြီးမှ ထားနဲ့ အတူ သွားသင့်တာပေါ့ "

" ရုတ်တရက်ကြီး ဆိုတော့ကွာ "

" ရုတ်တရက်ကြီးမို့ အစိုးရိမ်လွန်ပြီး ခြေမကိုင်မိ လက်မကိုင်မိဖြစ်လို့ဒါတွေစဉ်းစားချိန် မရဘူး ဆိုလဲ ဟို ရောက်ပြီးမှပဲ ဖြစ်ဖြစ်၊ မင်းညီမ ငြိမ်းကို ထားဆီ လွှတ်ပါတဲ့လား "

" အဲဒါလဲ ငါမစဉ်းစားမိတာအမှန်ပဲ သန်းဝေ "

သန်းဝေက စီးကရက်အတိုကို စားပွဲပေါ်မှာ ထိုးခြေ



နေတာတွေ့၏။

" ငါထူပူပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားတာအမှန်ပဲသန်းဝေ "

" မင်းသူငယ်အတွက် အစိုးရိမ်လွန်တာသဘာဝ ကျပါတယ်။ ဒါပေမယ့် ထားကို လုံးလုံးမေ့ထားလိုက်တာတော့ မကောင်းဘူးပေါ့ "

သန်းဝေက ထားအတွက် ကျေနပ်ပုံမပေါ်။

" ဒီလိုမဟုတ်ပါဘူးကွာ၊ သူငယ်အတွက် စိတ်ပူပေမယ့် ထား ကို ငါလုံးဝမမေ့ပါဘူး။ ထားအတွက် ငါစဉ်းစားပါတယ်။ အဆင်ပြေမယ့် အတွေးမျိုးငါ့ခေါင်းရောက်မလာတာပါ။ ပထမတော့ခဏလိုက်ကြည့် ပြီး ထားဆီ သွားမယ် အတွေးနဲ့ငါလိုက် သွားတာ "

" ဟိုမှာမင်း တစ်နေကုန်ပဲလား "

" တစ်နေကုန်တော့ မဟုတ်ဘူးပေါ့ကွာ၊ တစ်မနက်လုံးတော့ ကုန်သွားတယ်။ အဲဒီကပြန်တော့ ငါ ထား အဆောင်ကို လိုက်သွားတယ်။ ထားကို အဆောင်မှာ သေချာပေါက် တွေ့မယ်ငါတွေးထားတာ။ ငါနဲ့ မတွေ့ရင် ခွင့်တင် ထားတော့ ရုံးလဲ သွားမှာမဟုတ်ဘူး၊ အဆောင်ကိုပဲ ထားပြန် မယ်ငါ ထင်တယ်အဆောင် ရောက်တော့မနက်အစော ကြီးက တည်းကထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားတာ ပြန်မလာဘူးပြောတယ် "

"သူ့လဲ မင်းလိုပဲ သွားစရာရှိလို့နေမှာပေါ့ကွာ "

ငေါ့တော့တော့ ပြောလိုက်မှန်းနားလည်သည်။ ရေနွေးကြမ်းကိုငှဲ့ပြီးသန်းဝေတစ်ကျိုက်သောက်တာသူကြည့်နေလိုက်၏။

"အဆောင်ရှေ့မှာ ငါ့အကြာကြီး စောင့်နေသေး တယ်။ နောက်မှ ပြန်လာတာ၊ ငါဘယ်မှာ ရှာရ မှန်း မသိတော့ဘူးလေ။ တစ်နေ့လုံး ငါ့ရင်ထဲမှာ ဘယ်လိုခံစား နေရမယ်ဆိုတာမင်းတွေးကြည့်စမ်း ပါ သန်းဝေရာ "

သန်းဝေ သူ့ကို တစ်စုံတစ်ရာပြောမည်လုပ်ပြီးမှ နှုတ်က အသံထွက်မလာ။ ညှိုးငယ်သွားသည့် သူ့မျက်နှာ ကိုကြည့်ရင်း သန်းဝေ မပြောရက်လေသလားမသိ။

"သူဘာ့အခြေအနေအရော "

သန်းဝေ စကားလွှဲပြီးမေးလိုက်တာသိလိုက်၏။

"ညနေ ငြိမ်း ပြန်လာတော့ သတိတော့ကောင်း ကောင်းရပြီပြောတယ်။ သတိမေ့နေတုန်းတော့ ကယောင်ကတမ်းတွေ အရမ်းပြောတာပဲ၊ ငြိမ်း ပြန်လာမှအသေအချာသိရတာသူက အရင်ကတည်းက ကျန်းမာရေးမကောင်းဘဲ ချူချာနေတာတဲ့၊ ချူချာတယ်ဆိုတာက ဘယ်လိုပြောရမလဲကွာ၊မိန်းမသဘာဝမမှန်ဘူးတဲ့၊ သုံးလေးလမှ တစ်ခါဖြစ်တယ်တဲ့၊ အဲဒီလိုဖြစ်ပြီး



တဲ့အချိန်မှာ သူညက နှင်းတွေထဲ ထိုင်နေခဲ့တာတဲ့ "

ငြိမ်းက မေမေကို ပြောပြ သမျှ သူပြန်ပြောပြ လိုက်၏။

"နေပါဦး မင့်အမေနဲ့ မင်းညီမကလဲ မြသူဇာကို အတော်ခင်ပုံရတယ်။ မင်းတို့ထားခဲ့တာ သူတို့ မနာဘူးလား"

"မိဘစိတ်တိုင်းကျ လုပ်ရတယ်ဆိုတာ သိလို့ ခွင့်လွှတ်တာဖြစ်မှာပေါ့။ ပြီးတော့ သူ ငယ်ငယ်က တည်းက သူ့မိဘရဲ့ အငြိုးအငြင်ကို ခံနေရတယ် ဆိုတဲ့အစွဲ သူ့မှာရှိတာ ငါပြောပြဖူးတယ်၊ အဲဒါသနားလို့ဖြစ်မယ်"

"စေ့စပ်တာပျက်သွားပြီးတော့ မင်းနဲ့ မြသူဇာ ပြန်တွဲနေတာ သူ့ အိမ်ကလဲ ကြားမှာပေါ့၊ မနေ့က မင်းကိုလာခေါ်တာတွေ ဘာတွေ ထောက်ရင် မင်းကိုအခုတော့ ကြည်ဖြူသွား ပဲ "

ဆေးလိပ်ပြာကို သူ ခြွေလိုက်၏။

"ငါ့ကို ကြည်ဖြူတာရယ်မဟုတ်ပါဘူး။ မြသူဇာကို အလိုလိုက်တာဖြစ်မှာပေါ့။ သူတို့စီစဉ်တဲ့ အတိုင်းနာခံပြီး ဖြစ်မလာတော့ မြသူဇာ အတွက် လဲ စိတ်မကောင်းဖြစ်မှာ ပေါ့ကွာ "

စီးကရက်အသစ်တလိပ်ကိုယူပြီး သန်းဝေက မီးညှိမည်ပြင်၏။ မီးခြစ်ကိုမခြစ်သေးဘဲ သူ့ကိုကြည့်ကာ . . .

"ဒီမှာသူငယ်ချင်း "

www.burmeseclassic.com

www.burmeseclassic.com



ဟု ခေါ်လိုက်၏။

သူက အကြည့်ဆုံကာ နားစွင့်ထားလိုက်သည်။

" မင်းကွာ နှစ်ဖက်မိဘတွေကလဲ ကျေကျေနပ်နပ် ကြည်ကြည်ဖြူဖြူ၊ မင်းနဲ့မြသူဇာကလဲ ချစ်ချစ်ခင်ခင်ပဲ၊ မင်းမြသူဇာကိုပဲ လက်ထပ်လိုက်ပါတော့လား "

စကားဆုံးတော့မှ မီးခြစ်ပြီး စီးကရက်ကို ညှိသည်။ မီးခြစ်မှ မီးတောက်သည် သူ့အမြင်မှာ အရှိထက်ပို၍ ကြီးမားနေသလို။ သန်းဝေ၏ အတွေ့အခေါ်စကား၊ အခေါ်တူးလိုက်သည့်စကားဟု သူနားလည်၏။

" မဖုတ်တာကွာ ငါ ထားတို လက်ထပ်မှာပါ "

သူ့စကားဆုံးတော့ သန်းဝေက သရော်သလိုရယ် သည်။ သူ့ရင်ထဲမှာ နင့်ခနဲဖြစ်သွားရပြန်၏။

★ ★ ★

(၇)

" ကိုကျော်ခေါင်ကို မမထား စိတ်ဆိုးနေတယ် "ဟု ရုံးပေါ်မှဆင်းလာသည့် သန်းဝေညီမလေးနှင့် ဆုံသည်။ သန်းဝေညီမလေးက သူ့အနားရောက်တော့ ပြော သည်။

" အေးလေ . . . အဲဒီနေ့က တိုက်တိုက်ဆိုင်ဆိုင် . . . "

သူ စကားဖြတ်ပြီး သန်းဝေညီမလေးကိုကြည့်သည်။ ကျွန်မ်တို့ သိပြီးပါပြီဟု ပြုံး၍ပြော၏။

" ကိုကျော်ခေါင်က ကံဆိုးချင်တော့ ဒေါ်မြသူဇာ ကားနဲ့ ဆေးရုံကနေအိမ်ပြန်လာတာကို မမထား တွေ့သွား တယ်။ ဆေးရုံကလို့တော့ ဘယ်သိမလဲ "

www.burmeseclassic.com

www.burmeseclassic.com



" ဘယ်လိုတွေ့တာလဲ "

သူတအံ့တသြမေးလိုက်မိ၏။

" ကျွန်မသူငယ်ချင်း ဒေါ်မြသူဇာတို့ လမ်းထဲမှာ ရှိတယ်လေ သိတယ်မဟုတ်လား "

" သိတယ် သန်းဝေပြောဖူးတယ် "

" သူက ခွင့်ယူထားတာ သုံးလေးရက်ရှိပြီ။ မမထားက ကိုကျော်ခေါင်မလာတဲ့အဆုံးမှာအဲဒီသူငယ်ချင်း ဆီကိုသွားရော၊ အဲဒီသူငယ်ချင်းနဲ့ အပေါ်ထပ် ဝရန်တာမှာ ထွက်ရပ်နေတုန်း ကိုကျော်ခေါင်က ဆေးရုံကအပြန်၊ ဒေါ်မြသူဇာကားထဲ ပါသွားတာ ကို မမထားတွေ့လိုက်တယ်။ သူက ဒေါ်မြ သူဇာ ပါတယ် မပါတယ်လဲ မသိဘူးပေါ့ "

သန်းဝေညီမလေးက သူ့ကိုရှင်းပြသည်။

" အေးဟ . . . ငါကဆေးရုံကနေ သူတို့ကားကြုံ နဲ့ အိမ်အထိလိုက်လာတာ။ အိမ်ကနေပြီးမှ ထား အဆောင် ကိုသွားရှာသေးတာ "

" မမထားက ဒီတုန်းက ဒေါ်မြသူဇာဆေးရုံသွားတာ တွေဘာတွေမသိဘူးပေါ့။ သူ့ဆီမလာဘဲ ဒေါ်မြသူဇာ ကားပေါ်မှာတွေ့လိုက်တယ်ဆိုပြီး တစ်နေကုန်ငို နေတော့တာ "



" သူ့ကိုကျေနပ်အောင် တောင်းပန်ပါမယ်ဗျာ။ ရှိရင် ခဏခေါ်ပေးပါလား "

" ခဏစောင့်နေနော် "

ပြောပြီး သန်းဝေညီမကလေး ရုံးပေါ်ပြန်တက်သွား သည်။

ဒီမနက်ရုံးရောက်ရောက်ချင်းထားဆီကိုသူဖုန်းဆက သည်။ ဖုန်းကိုင်တော့ ထားအသံမှန်းသိသည်။ ထား လား ကိုကိုပါ ဟု ဒီဘက်ကသူပြောတော့ ဖုန်းကိုချသွားသည်။ ထား သူ့ကို နာကြည်းလေပြီဟု သူနားလည်သည်။ အလုပ်ပြီး လျှင် ပြီးချင်း၊ ထားတို့ရုံးဘက်ကို သူလျှောက်လာခဲ့မိ၏။

ထား သူ့ကို အတွေ့ခံပါ့မလား၊ စိုးရိမ်ပူပန်မိပြန် သည်။ အပြစ်ဟူသမျှ ဝန်ချတောင်းပန်ချင်ပြန်သည်။ မကျေ မနပ်ဖြစ်၍ ထားက စိတ်ဆိုးနာကြည်းသည့်တိုင် အပြစ်ကို ဝန်ခံရလျှင် နည်းနည်းပေါ့တန်ကောင်းပါရဲ့ဟု သူတွေး သည်။

သန်းဝေ ညီမလေးတက်သွားရာလှေကားဆီသို့ လည် တဆန့်ဆန့်ဖြင့် သူမျှော်သည်။

တစ်ဦးတည်းဆင်းလာသော သန်းဝေညီမလေးကို မြင်လိုက်ရတော့ ရင်သည် ယောက်ယက်ခတ်လှုပ်ရှား၏။ သူ ငါ့ကို စိတ်ကုန်သွားပြီလား။ ဝမ်းနည်းဖြေလျော့စွာတွေး၍ ရင်မှာ ပူသည်။

www.burmeseclassic.com

www.burmeseclassic.com



" ရှိလားဟင် . . . ဘာပြောလဲဟင် "

အနားမရောက်ခင် ဆီးကြိုမေးလိုက်၏။

" မတွေ့ချင်ဘူးလို့ မမထားကပြောတယ် "

" ဟုတ်လား "

ရှက်စိတ်ဖြင့် မျက်နှာတင်းခနဲဖြစ်သည်။ ကြေကွဲကြောင့် ရင်မှာနင့်ခနဲနေသည်။

" သူ့စိတ်ရှုပ်နေတုန်းမို့ထင်ပါတယ်။ ကျွန်မလဲ အတင်းခေါ်တာ၊မတွေ့ချင်ဘူးပြောလိုက်လို့ပဲပြောနေတယ်"

ခေါင်းငုံ့ပစ်လိုက်မိသည်။

သက်ပြင်းကို အလိုလိုချမိပြန်၏။

" သူ စိတ်နာသွားပြီထင်တယ် "

တစ်ကိုယ်တည်းပြောသလို နှုတ်မှ ထွက်သွားသည်။

" စိတ်ကောက်နေတာနေမှာပါ "

" အေးလေ . . . ဒါဆိုလဲ ပြန်မယ် "

သန်းဝေညီမလေးက အားနာဟန်တူသည်။ ခေါင်းညိတ်ပြလိုက်တာတွေ့၏။

ထားတို့ရုံးထဲမှ ထွက်လာစဉ် ဆောင်းနေသည် ပို၍အပူရှိန်ပြင်းနေသလိုထင်ပြန်သည်။

★ ★ ★

(၈)

" ငါနေ့တိုင်း ရုံးကိုဖုန်းဆက်တယ်၊ ငါ့အသံမှန်းသိ ရင်ဖုန်းချပစ်တယ်ကွာ၊ ရုံးကိုတစ်ရက်သွားသွားတွေ့တယ်၊ အတွေ့မခံဘူး၊ မနေ့ကဆို မင်းညီမရယ် သူ့သူငယ်ချင်းရယ် ထားရယ် သုံးယောက် ရုံးပေါ်ကဆင်းလာတာ ငါ့ကိုတွေ့တာ နဲ့ထားက ရုံးပေါ်ကိုပြန်တက်သွားတယ် "

သူ သန်းဝေကိုရင်ဖွင့်နေမိပြန်သည်။

" မင်းတော်တော်ခံစားနေရလား ကျော်ခေါင် "

သူ သန်းဝေမျက်နှာကိုဆတ်ခနဲကြည့်လိုက်မိသည်။

သူ့ခံစားမှုကိုအသိအမှတ်မပြုလေခြင်းဟု ဝမ်းနည်း

www.burmeseclassic.com

www.burmeseclassic.com



သလို ဖြစ်ရ၏။

" ဘယ်လိုမေးလိုက်တာလဲ သန်းဝေ၊ ထားက ငါ့ချစ်သူပါ။ ချစ်သူတစ်ယောက် အထင်လွဲခံနေရတာ၊ ငရဲကျနေ တာထက်ပိုပြီး ကြောက်စရာကောင်း မယ် ထင်ပါတယ်ကွာ "

သန်းဝေ သူ့ကိုကြည့်ရင်း ပြုံးသည်။ ပြီးမှ . . .

"အထင်လွဲတာလို့မင်းပြောတယ်နော်ကျော်ခေါင် "

" ဒါဆို ထား ထင်တာတွေကလွဲနေတာပေါ့ ဟုတ် လား"

သန်းဝေ စကားအကျကောက်တာ သူနားလည်သည်။ သန်းဝေကိုသူဘာပြန်ပြောရမည်မသိ။

" ထားက မင်းနဲ့ မြသူဇာတွဲနေပြီလို့ထင်တာ လွဲတယ်ပဲထား၊ ထား နဲ့မင်း ချစ်သူသက်တမ်း တစ်နှစ်ပြည့်နေ့ကို မင်းမြသူဇာကိစ္စလောက် တန်ဖိုးမထားဘူးလို့ ထား ထင်တာကတော့ မလွဲဘူးထင်ပါတယ်။ ထားက ဒီနေ့ကိုအရေးတကြီးတန်ဖိုးထားပြီးစိတ်ကူးယဉ်ထားမယ်၊ မင်းက မြသူဇာဆီရောက်နေတယ်ဆိုတာ သူသိရတော့ သူဘယ် လောက်ခံပြင်းမလဲ၊ ဘယ်လောက် ဝမ်းနည်း မလဲ၊ ထားမို့ မင်းကိုချက်ချင်း မဖြတ် တာ"

သန်းဝေ သူ့ကိုကြည့်ရင်း စကားဆက်၏။

" အခုလဲ ဖြတ်တာထက် ခံရခက်ပါတယ်ကွာ "



သန်းဝေက သူ့မျက်နှာကိုတစ်ချက်ကြည့်သည်။ ပြီးတော့ ကိုယ်ကိုရှေ့သို့ကိုင်းလိုက်၏။

" မင်းပြောတော့ မြသူဇာကို သူငယ်ချင်းလိုသံယောဇဉ်ရှိတာ၊ ထားကို ချစ်သူလိုချစ်တာပါတဲ့၊ တကယ်တမ်းကျတော့ မင်းမြသူဇာအပေါ်မှာ ထားတဲ့ အချစ်မကုန်သွားဘူး ကျော်ခေါင်၊ ထားနဲ့ယှဉ်ရင် မြသူဇာဘက်မှာသာနေတယ်။ ထား ဒီလိုပဲစဉ်းစား မှာပေါ့ မင်းတွေးကြည့်လေ . . ဘယ်မိန်းကလေးက သူ့ချစ်သူဟာ သူ့ ထက်ပိုပြီး တခြား တစ်ယောက်ကို အရေးပေး တာကြိုက်နိုင်ပါ့မလဲ "

သန်းဝေကို ဘာမှပြန်မပြောနိုင်။

" ငါ သူဇာ့အပေါ်မှာ အချစ်မကုန်သေးတာ မှန်ချင်မှန်မယ်။ ဒါပေမယ့် ငါသူဇာ့ကို မချစ်သင့်တော့ဘူးဆိုတာ ငါ လက်ခံတယ်။ နားလည်တယ်။ အဲဒါက ငါ ထားကို မခွဲနိုင်လို့ပဲ သန်းဝေ "

" ဘယ်လိုကွ "

သန်းဝေက သူ့ကိုကြည့်ရင်းမေးသည်။

" ငါ ထားကိုမခွဲနိုင်ဘူး "

သူ ထပ်ပြောလိုက်၏။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## (၉)

ထား အဆောင်ကို အကြိမ်ကြိမ်ရောက်ဖူးခဲ့သော် လည်း သည်တစ်ကြိမ်လောက် တစ်ခါမှ ရင်မခုန်ခဲ့စဖူး။

တွေ့မှတွေ့ပါ့မလားဆိုသည့်အတွေးက သောကကို ဖြစ်တည်စေပြန်သည်။

ရှိလျက်အတွေ့ခံပါ့မလားဆိုသည့် ပူပန်စိတ်က ပို၍ တုန်လှုပ်ဖွယ်ဖြစ်ရပြန်၏။

တနင်္ဂနွေနေ့မနက် စောစောမှာ သူ ထားအဆောင် ကို ရောက်လာခဲ့သည်။

“ ထား ”

အဆောင်ရှေ့ရောက်စဉ်မှာပင် တိုက်တိုက်ဆိုင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



အဆောင်ခန်းဝမှ ထွက်လာသည့် ထားကို သူမြင်တော့ ဝမ်းသာအားရ လှမ်းခေါ်ဖြစ်သည်။ ထားက တည်တည်ငြိမ် ငြိမ်ရပ်ပြီးကြည့်ရင်း သူ့အနားရောက်အလာကိုစောင့်၏။

" ထား . . . ထား ဘယ်သွားမှာလဲ "

" လက်ဖက်ရည်ထွက်သောက်မလို့ပါ "

မျက်လွှာချရင်းပြောသည်။

" ကိုကို ထားကိုတွေ့မှ တွေ့ပါ့မလားလို့ "

" လက်ဖက်ရည်ဆိုင်သွားရအောင်နော် "

ဟု ထားကပြောရင်း အဆောင်ရှေ့မှလျှောက် သည်။ လမ်းချိုးမှ ရှေ့ကိုထွက်စဉ် လမ်းမကြီးကိုရောက်၏။ လမ်းမကြီးမှ တစ်ဖက်ကိုကူးပြီး လက်ဖက်ရည်ဆိုင်ထဲဝင်သည်။ လက်ဖက်ရည်ဆိုင်သည် လူသိပ်မများလှ။ ဟိုး နောက်ဆုံးက ထောင့်ကျကျ စားပွဲမှာ သူတို့ နေရာယူလိုက် ကြသည်။ ထားက လက်ဖက်ရည် နှစ်ခွက်မှာ လိုက်၏။

" ထားရယ် . . . သိပ်နေနိုင်တာပဲ "

ထားမျက်နှာကို မြတ်နိုးစွာကြည့်ရင်း သူရေရွတ် သည်။

" ကိုကိုလဲ ထားကို မေ့နိုင်သားပဲဟာ "

ထားနှုတ်မှ မပွင့်တပွင့်ထွက်လာ၏။ လာချပေး သည့် လက်ဖက်ရည်ပန်းကန်ကို သူ့ရှေ့သို့ဆွဲယူလိုက်သည်။

" ဘယ်လိုလုပ်မေ့နိုင်မှာလဲ ထားရယ် "



" ကိုကို့မှာ မြသူဇာရှိနေတာပဲ "

မြသူဇာနှင့်မိမိအပေါ် ထားသည့် သံသယက လျော့ပြေခါနီးမှပြန်၍ အသစ်အသစ်တွေဖြစ်လာပြန်ပြီကော။

" ကိုကိုနဲ့ သူဇာ အရင်က ချစ်သူဖြစ်ခဲ့ပေမယ့် အခု မိတ်ဆွေတွေလိုဆက်ဆံတာပါ ထားရယ် "

" တော်ပြီကိုကို၊ ထားဘာမှ မပြောပါရစေနဲ့တော့ "

" မဟုတ်ဘူးထားရယ် ထား ကိုကို့ကို မယုံဘူးလား "

ထားက သူ့မျက်နှာကိုကြည့်လိုက်သည်။

" မယုံဘူး ကိုကို "

" ဘယ်လို "

" ဟုတ်တယ် ထားမယုံဘူး မြသူဇာနဲ့ ကိုကိုက သူစိမ်းတွေမဟုတ်ဘူး၊ အကြာကြီးတွဲလာခဲ့ကြတဲ့ ချစ်သူတွေပဲ၊ ထားထက်ပိုပြီး သူနဲ့ ကိုကို ရင်းနှီး ကြ ဦးမှာ အဲဒီလိုလူ မျိုးနဲ့ ကိုကိုလက်ပွန်းတတီး နေနေတာကို ထားက ယုံရမှာတဲ့လား "

" နေဦး ကိုကို ထားဆက်ပြောဦးမယ် "

သူဝင်ပြောမည်ဟု ဟန်ပြင်တော့ ထားက လှမ်းတားသည်။ သူပြောမည့်စကားကို မပြောဖြစ်လိုက်။

" ထားကို ကိုကို ကန့်ဖိုးထားတယ်၊ အလေးအနက် ထားတယ်ဆိုရင် ကိုကိုနဲ့ ထားတို့ချစ်ခဲ့ကြတဲ့ တစ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပြည့်နေ့ကိုတော့ ကိုကို ထားလိုပဲ အလေး အနက် ထားခဲ့မှာပေါ့ . . . အခုတော့ ”

ထားက စကားဖြတ်ရင်း ဆိုင်ရှေ့သို့ အကြည့်ကိုပို့ ရင်း လွှဲသည်။

“ ထားရယ် . . . သေရေး၊ ရှင်ရေးကိစ္စမို့ . . . ”

“ ထားပါတော့လေ . . . ကိုကိုက အရေးကြီး တယ်ထင်လို့ သွားတာ ထားလက်ခံတယ်။ ဒါပေမယ့် ထားနဲ့ ချိန်းထားတဲ့ နေရာကို တော့ ကိုယ်တိုင် မဟုတ်တောင် တစ်ယောက်ယောက် လွှတ်ပြီး အကြောင်းကြားသင့်တာ ပေါ့ ”

“ ဟုတ်တယ် ထား၊ ကိုကိုလောကြီးပြီး အဲဒါကို မစဉ်းစား မိတာ ကိုကိုဝန်ခံပါတယ်။ တောင်းလဲ တောင်းပန်ပါ တယ် ထားရယ် ”

“ လောကြီးတာမဟုတ်ပါဘူး၊ ကိုကို မွန်ထူသွားပြီး တော့ အားလုံးကိုမေ့သွားတော့တာ ”

သူ သက်ပြင်းရှည်ကိုချသည်။

ထားကရှေ့မှ လက်ဖက်ရည်ခွက်ကို ယူပြီး တစ်ငုံ သောက်၏။

“ ကိုကိုရယ် လူ့ကျင့်ဝတ်က အရေးကြီးသလို ချစ်သူ တွေရဲ့ ဘဝမှာ သစ္စာရှိဖို့ဟာလဲ ရေးကြီးပါတယ်။



ကိုကို့ကို ထား ရင်နင့်အောင်ချစ်ပါတယ်။ ထားဘဝ မှာ တစ်ခါမှ မချစ်ဖူးတဲ့ အချစ်မျိုးနဲ့ ကိုကို့ကို ချစ်ခဲ့ မိတာပါ။ ဘယ်လို ဖြစ်ဖြစ် ကိုကိုနဲ့ အတူရှိ နေရင် ဘဝမှာ ပျော်နေပြီလို့ စဉ်းစား မိတဲ့သူပါ ကိုကို ယုံရဲ့ လား ”

အဝေးကိုငေးရင်းပြောနေရာမှ ဖျတ်ခနဲ သူ့ မျက်နှာကို ကြည့်ရင်းမေး၏။

“ ယုံပါတယ် ထားရယ်၊ ကိုကိုယုံတာပေါ့ ”

ဟု သူ ပြန်ပြောလိုက်၏။

“ ဒါပေမယ့် ကိုကို ၊ ထားဆုံးဖြတ်ချက်တစ်ခုကိုချ လိုက်ပါ ပြီ။ ဒီဆုံးဖြတ်ချက်ချနိုင်ဖို့ ထား ကိုကို့ကို ရှောင်ခဲ့တာ ပါ ”

“ ဘာဆုံးဖြတ်ချက်လဲ ထား ”

အကြည့်ဆုံနေမိတာ အတော်ကြာသလို။

“ ထားနဲ့ ကိုကို လမ်းခွဲဖို့ပါပဲ ”

အကြည့်လွှဲရင်း ထားပြောလိုက်၏။

နားကြားလွဲလေသလား ပထမထင်သည်။ သည် စကားမျိုး ထားဆီက ကြားရမည်ဟု သူဘယ်တုန်းကမှ မမျှော် လင့်ခဲ့သဖြင့် တုန်လှုပ်ချောက်ချား အံ့အားသင့်ရ ပြန်သည်။

“ ဘာပြောလိုက်တယ်ထား၊ ထားနဲ့ ကိုကို လမ်းခွဲကြမယ်

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား ”

အသေအချာကြည့်ရင်း ထပ်ပြီးသူမေးမိပြန်သည်။

“ ဟုတ်တယ် ကိုကို ၊ ထားအသေအချာ စဉ်းစားပြီး မှ ဆုံးဖြတ်ခဲ့တာပါ။ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ဖြစ်ချင်လို့ ချက်ချင်းမပြောဘဲနေခဲ့တာပါ။ အခု တော့ ကိုယ့်ဆုံးဖြတ်ချက်ကိုယ် ခိုင်မာပြီယုံလို့ ကိုကို့ကို ထားပြောတာ ”

“ ထားရယ် မဟုတ်သေးပါဘူး ”

သူခေါင်းကိုခါယမ်းရင်း ထားကို နားမလည်သလို ကြည့်ကာ ပြောမိ၏။

“ တစ်နေ့နေ့မှာ ကိုကို ထားကို စွန့်ပစ်ခဲ့ပြီး မြသူဇာ ဆီကို ရောက်သွားမှာ အဲဒီအဖြစ်မျိုးကို ထား အဖြစ် မခံနိုင်ဘူး။ အဲဒီလိုဖြစ်သွားရင် ထားလဲ ရင်ကွဲအောင် ခံစားရမယ်။ ကိုကိုလဲ ထားအပေါ်မှာ သစ္စာဖောက် တဲ့သူဖြစ်သွားလိမ့်မယ်။ ထား ချစ်တဲ့သူ တစ်ယောက် အဲဒီလိုသစ္စာဖောက်ဖျက် သွားတဲ့သူ၊ ဖောက်ပြန်သွား တဲ့သူလို့ပတ်ဝန်းကျင်က အထင်သေးမှာ ထား မခံ ချင် ဘူး။ လူမှုရေးကျင့်ဝတ် ချို့တဲ့ သူ၊ ချစ်သူ တစ်ယောက် ကို စွန့်ပစ် သွားတဲ့သူလို့ ပတ်ဝန်း ကျင်က အထင်သေးမှာ ထားမခံချင်ဘူး၊ လူမှုရေး ကျင့်ဝတ်



ချို့တဲ့သူ ချစ်သူ တစ်ယောက်ကို စွန့်ပစ် သွားတဲ့သူ သစ္စာ မရှိတဲ့သူလို့ ပတ်ဝန်း ကျင်က သတ်မှတ်တာ၊ အထင်ခံရတာဟာ ရှင်လျက်နဲ့ သေရတာနဲ့ မထူး ပါဘူးကိုကို။ ကိုကို့ကို ထား ဒီလို မဖြစ်စေ ချင်ဘူး၊ ဒါ ကိုကို့ကို ထားအရမ်း ချစ်လို့။ ဒါတွေ တွေးပြီး ဒီဆုံး ဖြတ်ချက်ကို ထား ချလိုက်တာပါ ကိုကို ၊ ထားရဲ့နှလုံး သားနဲ့ ရင်းနှီးပြီး ချလိုက်ရ တဲ့ ဆုံးဖြတ်ချက် ပါကိုကိုရယ် . . . တကယ်ဆို . . . ”

ပြောရင်းဝေ့လည်လာသည့်မျက်ရည်စကိုလက် ဖမိုးဖြင့် ထား သုတ်သည်။ သူ့မျက်နှာကိုတော့ ထား မကြည့်။

“တော်ပါတော့ထားရယ် . . . ကိုကိုလက်မခံဘူး ကိုကို ထားကို မခွဲနိုင်ဘူး၊ ကိုကိုထားကိုချစ်တယ်။ ထားကို လက်ထပ်မယ် ”

သူက ထားကိုအသေအချာ စူးစိုက်ကြည့်ရင်း ရင်တွင်းမှ လာသည့်လှိုက်လှိုက်လှဲလှဲအသံဖြင့် တိုးညင်းစွာ သူပြောလိုက်၏။

“ ထား စဉ်းစားကြည့်ပြီးပြီ ကိုကို၊ လက်ထပ်လိုက်ရုံ နဲ့ပြီးသွားမယ့်ပြဿနာမဟုတ်ဘူး ကိုကို။ ထား ကို လက်ထပ် ပြီးမှ သူဇာနဲ့ မပြတ်နိုင်လို့ မြသူဇာနဲ့ ကိုကို ပြန်ဆက်ရင် အိမ်ထောင်ပေါ်မှာ ဖောက်ပြန်တဲ့သူ အဖြစ် ကိုကိုပိုပြီး အပြစ်ကြီး သွားမှာ။ ကိုကို့သိက္ခာ

www.burmeseclassic.com

www.burmeseclassic.com



အတွက် ကိုယ်ကျင့်တရား အတွက် ပိုပြီး ထိခိုက်သွားမှာပေါ့ "

သူ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်မိပြန်သည်။ ရင်တွင်းမှာ အပူကမအေး ။

" ထားရယ် . . . ကိုကို့ကို ဒီလောက်ထိတောင် မယုံနိုင်တော့ဘူးလား "

" ကျန်တာအားလုံးယုံပါတယ် ကိုကို ၊ မြသူဇာနဲ့ ပတ်သက်တာတော့ ထားမယုံနိုင်တာအမှန်ပဲ။ ကိုကိုဟာ မြသူဇာကို ချစ်နေတုန်းပဲ၊ မြသူဇာ ဘက်မှာ အမြဲရှိနေတုန်းပဲ။ မြသူဇာက ပထမနေရာမှာ အမြဲရှိနေတာပါ ကိုကိုရယ်။ ကိုကိုနဲ့ ထားဟာ လမ်းခွဲကြတာ အတောင်းဆုံးလို့ ဒါကြောင့် ထား ဆုံးဖြတ်ခဲ့ရတာပါ။ ကိုကို ထားကို အခုလိုချစ်ခင် နှစ်သက်မှု ရှိနေတုန်းမှာပဲ လမ်းခွဲရင် ထား ဖြေသာမှာပါ။ ကိုကို စွန့်ပစ်သွားလို့ ခံစားရတဲ့ ဝေဒနာထက်စာရင်၊ အခုလမ်းခွဲကြတာ တော်ဦးမယ် ကိုကို။ ပြီးတော့ ကိုကိုလဲ သစ္စာမဲ့သူမဖြစ်တော့ဘူးပေါ့ "

ထားကို သူဘယ်လိုမှ ပြောလို့ရနိုင်တော့မည်မထင်တော့။

" စဉ်းစားပါဦး ထားရယ် . . . "



" ထား အားလုံးစဉ်းစားပြီးပြီ ကိုကို၊ တော်ပါတော့ ကိုကိုရယ်၊ ထားငိုမိလိမ့်မယ်။ ကိုကိုပြန်တော့ နော်၊ ထားလဲ သွားတော့မယ် "

ပြောပြီး ရုတ်တရက်ထရပ်၏။ ပြီးတော့ ကောင်တာသွားပြီးငွေရှင်းသည်။ သူ ထားအနားမှာရပ်နေမိသော်ငြား စကားပြောလို့မရနိုင်။ ထားက သူ့ကို ငဲ့စောင်းမကြည့်ဘဲ ဆိုင်ထဲမှ ထွက်ကာ လမ်းဖြတ်ကူးသည်။ ကား နှစ်စီးသုံးစီး အဖြတ်ကို သူစောင့်စဉ် ထားက လမ်းတစ်ဖက်ရောက်သွား၏။ သူ ခပ်သုတ်သုတ်ဖြတ်ကူးပြီး လိုက်စဉ် ထားကအဆောင် ခန်းဝ ရောက်နေလေပြီ။ သူအဆောင်ခန်းဝ ရောက်တော့ ထားကို မတွေ့ရတော့။ ထား အဆောင်ထဲဝင်သွားခဲ့ ပြီလေ။ ခဏရပ် ပြီးအဆောင်ကိုအမိပ္ပါယ်မဲ့စွာသူငေးကြည့်နေမိ သေး၏။

ထား စိတ်ကြီးတာ သူအသိဆုံး။ ထား ဘယ်လိုမှ ပြန်ထွက်လာတော့မှာ မဟုတ်ဟုသိရင်း အဆောင်ရှေ့မှ ခွါခဲ့ ရ၏။

သန်းဝေဆီကိုသွားမည် သူစဉ်းစားလိုက်သည်။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

သန်းဝေနဲ့တွေ့တော့ ထားသူ့ကိုပြောလိုက်တာတွေ အားလုံး သူပြန်ပြောပြလိုက်သည်။

"ဒီတစ်ခါ ထားက ငါ့ကိုတောင် ဘာမှ မတိုင်ပင်တော့ဘူး။ ငါ့ကိုတိုင်ပင်ရင် ငါကဖျက်မှာ စိုးပုံရတယ်။ ကျော်ခေါင် မင်းထားကိုတော့လျှော့ မတွက်နဲ့၊ သူကသွေး အေးတယ်၊ ပြတ်သား တယ်၊ မင်းလို မတွေဝေဘူး"

သန်းဝေပြောမှ ထား သူ့ကိုစိတ်ဆိုးတုန်း ပြောတာ မဟုတ်၊ တကယ်ဆုံးဖြတ်ချက်ချတာပါလားဟု တွေးမိရင်း ချောက်ချားတုန်လှုပ်ရပြန်သည်။ နှစ်နှစ်ကာကာ စွဲလန်းချစ်

www.burmeseclassic.com

www.burmeseclassic.com



ခင်ခဲ့သူတစ်ဦးက စွန့်ပစ်လမ်းခွဲ တကယ်ပင် ပြတ်သားရဲပြီတဲ့လား။

မေတ္တာနဲ့ သစ္စာ နှစ်ခုထဲက တစ်ခုပဲ ရနိုင်မယ်ဆိုရင် ထားက သစ္စာကိုပဲလိုချင်တယ်ဟု ပြောခဲ့ဖူးသည့်စကား ပြန်၍ကြားယောင်သည်။

" ငါ ဘာလုပ်ရမလဲ သန်းဝေ "

သူ သန်းဝေဆီအကြံတောင်းမိပြန်၏။

" မနက်ဖြန် မနက် ရုံးလိုက်သွားပြီး ထပ်တွေ့လိုက်ဦးကွာ၊ ညနေကျရင် ငါပါလိုက်တွေ့မယ်၊ သိပ်လဲ ခံစားမနေပါနဲ့ကွာ၊ ဖြစ်လာပြီပဲမြသူဇာနဲ့ နောက်ကိုဘယ်လိုမှ မပတ်သက်တော့ပါဘူး မင်းကတိပေးလိုက်ပေါ့ "

သန်းဝေ သူ့ကိုကြည့်ရင်းပြောသည်။ ထားက သည်လိုအပေးအယူစကားမျိုးတောင်မှ သူ့ကိုမပြောတော့ ပါလား။ ဒီလိုအပေးအယူစကား ထားတယ်တော့ ပြောမှာ မဟုတ်တာလည်း သူအသိဆုံးလေ။

" မြသူဇာဆိုလို့ သူ့ အခြေအနေကရော "

" အေးကွာ ကိုယ့်အပူနဲ့ကိုယ်မို့ မင်းကိုတောင် ငါ မပြောမိသေးဘူး "

" ဘာဖြစ်လို့လဲ "



" မြသူဇာက ဆေးခွင့်ယူထားရတယ် "

" မသက်သာဘူးလား "

" ဖျားတာက သက်သာတယ်။ ဆေးရုံကဆင်းပြီး အိမ်ပြန်ရောက်နေပြီ "

" ဒါဆို "

" စိတ်ရောဂါလိုဟာမျိုးရှိနေတယ်တဲ့။ ငါလဲ အသေအချာမပြောတတ်ဘူး၊ အဲဒါ အနားယူပြီး စိတ်ရောဂါအထူးကုဆရာဝန်နဲ့ ပြနေရတယ်တဲ့၊ ငြိမ်း တော့ နေ့တိုင်းရောက်တယ် "

" တော်တော်အခြေအနေဆိုးလို့လားကွာ "

" ငြိမ်းပြောတာပဲ၊ အခြေအနေက အဆိုးကြီး မဟုတ်ဘူး၊ သိသိသာသာကြီးမဟုတ်ဘူးတဲ့ကွာ၊ ဥပမာ လူတွေကို မယုံတာမျိုး၊ သူ့ကိုအစား ကျွေးရင် မစားချင်ဘူး၊ အဆိပ်ခပ်ထားလား မသိဘူး ပြောတာမျိုးပေါ့။ သူ့ကို ဘယ်သူကမှ မချစ်ဘူး လို့ထင်ပြီး ပြောတာမျိုး ပေါ့ကွာ "

" ဒါဆို အလုပ်ပြန်ဆင်းနိုင်ပါဦးမလား "

" ဆရာဝန်က ပြောတယ်တဲ့၊ သူက ငယ်ငယ်ကတည်းက စိတ်နဲ့ပတ်သက်ပြီးဒဏ်ရာရလာတာ၊ ဒါကြောင့် လူတွေကိုမယုံတာ၊ သူများထက်ပိုပြီး သဝန်တိုတတ်

www.burmeseclassic.com

www.burmeseclassic.com



တာ။ အဆိုးမြင်တာတဲ့၊ ငါမင်းတို့ ကို ပြောဖူးသားပဲ။ အဲဒါ ရောဂါလက္ခဏာတွေပေါ့။ မသိသာဘူး၊ အခုတော့ လူက အားနည်းပြီး အပျင်းဖျား၊ သွေးလေကမမှန် ဆိုတော့ ပိုဆိုး သွားတော့တာတဲ့။ နားလိုက်ရင် ဟိုအစက အနေအထားတော့ ပြန် ရောက်လာနိုင်မှာ လို့ ငြိမ်းကပြောတယ်။ အလုပ်ပြန်လုပ်နိုင်မှာပါ "

ငြိမ်း သူ့ကိုရှင်းပြတာတွေ သူပြန်ပြောလိုက်သည်။

" ငါ့ကို ခဏခဏ မေးနေတယ်ပြောတယ်။ ငါ မရောက်လို့ ငြိမ်းနဲ့ မေမေကတောင် ငါ့ကို အပြစ်ပြောနေကြသေးတယ်၊ ငါကလဲ ထားနဲ့ကိစ္စ ငယ်ထိပ်မြွေပေါက်နေလို့ မရောက်ဘူးကွာ "

" ဘာဖြစ်ဖြစ် ချစ်ရတာ ပူလောင်သလို အချစ်ခံရ တာလဲ ပူလောင်တာပဲကွာ "

သန်းဝေက တရားသံဝေဂရသလို ညည်းညူ လိုက်၏။ သန်းဝေဆီက အပြန်မှာတော့ မနက်ဖြန် ထားကို သွားတွေ့ဖို့ သူစိတ်စောနေမိပြန်တော့သည်။

✶ ✶ ✶

(၁၁)

ထားတို့ရုံးကို ရောက်တော့ ထားကို ခေါ်လျှင် ဆင်းတွေ့မည် မဟုတ်ဟု သူစဉ်းစားမိ၏။ သန်းဝေ ညီမလေးကို အရင်တွေ့ကာ အကျိုးအကြောင်းပြောပြပြီး ထားကို ခေါ်ခိုင်းမည် တွေး၏။ သူရောက်ပြီး မကြာခင်မှာပင် သန်းဝေညီမလေး ဆင်းလာသည်။

" ထားကို ခဏလောက်ခေါ်ပေးခိုင်းမလို့ပါ။ အရမ်းအရေးကြီးတယ်၊ ပြောပေးစမ်းပါ"

"မမထား ရုံးမလာဘူး ကိုကျော်ခေါင်"

" ဟင်"

" ကျွန်မလဲ ရုံးရောက်မှ သိတာ မမထားက စနေ နေ့က

www.burmeseclassic.com

www.burmeseclassic.com



တည်းကလုပ်သက်ခွင့်တင်သွားတယ်တဲ့"

"ဟာ တနင်္ဂနွေနေ့က ကျွန်တော်နဲ့တွေ့တယ်ထား ဘာမှ မပြောဘူး"

သူတအံ့ တသြဖြစ်နေမိပြန်သည်။

"ဒီတစ်ခါ သူ ခွင့်တင်သွားတာ ဘယ်သူမှ မသိ လိုက်ကြဘူးထင်တယ်"

နှုတ်ဆက်ပြီးသူပြန်ခဲ့သည်။

ရုံးရောက်တော့ သန်းဝေကို သူပြောပြလိုက်သည်။

"မိထားက အစီအစဉ်နဲ့ လုပ်သွားတာပဲ ကျော်ခေါင်၊ ခွင့်ယူတာမင်းတို့ငါတို့ သိရင်သူဘာ လုပ်မလို့လဲမေးနေဦးမှာမှာ၊ ဒါကြောင့် လျှို့လျှို့ ဝှက်ဝှက် လုပ်သွားတာ နေမှာ . . . "

"ငါထင်တယ် ခွင့်ယူပြီးမှတော့ သူ့မြို့ကို သူပြန်မှာ ပဲ"

စိုးရိမ်စွာ သူပြောလိုက်၏။

"သေချာတာပေါ့ကျော်ခေါင်၊ ရန်ကုန်မှာဆို မင်းနဲ့ဆုံဖြစ်နေဦးမှာ၊ ဒါကြောင့် သူရှောင်တာ သူ့ ဝေဒနာကို သူ ကုစားချင်တာလဲပါမယ်"

ထား ဒီအထိ ပြတ်ပြတ်သားသား လုပ်သွားလေမည် ဟု သူမထင်ခဲ့မိ။ အခုတော့ သူ့ကို ထား တကယ်လမ်းခွဲသွား ခဲ့လေပြီလား။



ညနေ ရုံးအဆင်းမှာ သန်းဝေနှင့် သူ ထားအဆောင်ကိုလိုက်သွားကြသည်။

မနက်ကပဲ နယ်ပြန်သွားပြီဟု အဆောင်ပိုင်ရှင်က ပြော၏။

"သူ ဘယ်လောက်ကြာမယ်ပြောသွားလဲ အန်တီ"

ဟု သူမေးသည်။

"ပြောမသွားဘူးကွယ့်၊ သူ ခွင့်တစ်လကျော် ရတယ်တော့ပြောတယ်။ အဆောင်လခက ကြိုကြို ပေးထားတော့ သူ့အခန်းသူ သော့ခတ်သွားရုံပဲလေ။ အခန်းပြန်အပ်သွားတာတော့မဟုတ် ဘူး"

ဘာဖြစ်ဖြစ် ခွင့်မစေ့ခင်တော့ ပြန်လာမည်ဟုသူမထင်။

"တစ်လတောင်မှ ပဲကွာ"

အဆောင်မှပြန်အထွက် ညည်းညည်းညူညူ ပြောမိသေး၏။

"တစ်လကြာလို့ ပြန်လာရင်လဲ ထား သွေးအေးပြီး ငါ့ကို အတွေ့ခံတော့မှာ မဟုတ်ဘူးထင်တယ် သန်းဝေ၊ ငါ ခွင့်ယူပြီး သူ့နောက်လိုက်သွားရင် ကောင်းမယ်"

သန်းဝေ သူ့ကိုကြည့်သည်။

"လိုက်သွားလို့ ဘယ်ဖြစ်မလဲကွ။ နယ်ဆိုတာက အမြင်ကျဉ်းတယ်။ မင့်ကြောင့် သူအရှက်ကွဲနေ

www.burmeseclassic.com

www.burmeseclassic.com



ဦးမယ် "

" အင်း . . . ဒါလဲ ဟုတ်တာပဲ "

" ခွင့်စေလို့ ပြန်လာရင် ငါလဲ ကူပြောပေးပါ့မယ် ကွာ၊ ငါပြောသလို မြသူဇာနဲ့ မပတ်သက်တော့ပါဘူးဆိုတဲ့ ကတိ မင်းပေးလိုက်ရင် သူ့စိတ်ပြေ တန်ကောင်းပါရဲ့ "

သည်အချိန်မှာတော့ ထား သူ့ကို လက်ခံမည်ဆို ပါက ထား ကျေနပ်အောင် ဘာကတိပေးရပေးရဟု သူတွေး ဖြစ်သေး၏။

* * *

(၁၂)

" မင်းက ဘာသဘောနဲ့ သူဇာ့ကိုရှောင်နေတာလဲ သားရယ်။ ဟိုက မင်းကို တစ်မေးတည်းမေး နေတယ် တဲ့ "

မေမေက သူရှောင်နေတာရိပ်မိပြီး မေးတော့သည်။ ငြိမ်းနေ့တိုင်းရောက်လို့ ငြိမ်းကိုတွေ့တိုင်း သူ့ကိုမေးသည် ဆို၏။ သူ အရမ်းအလုပ်များနေလို့ လာမတွေ့ဖြစ်တာဟု သာ ပြောထားပေမယ့် သူ ရိပ်မိမည်ထင်သည်။

" ကျွန်တော် ထားကို လက်ထပ်မှာ မေမေ။ ဒါကြောင့် သူဇာ့ကို မတွေ့သင့်တော့ဘူးထင် လို့ "

" မေမေတို့ကတော့ ဘယ်သူနဲ့မှ သဘောတူတယ် မတူ

www.burmeseclassic.com

www.burmeseclassic.com



ဘူးမရှိပါဘူး သားရယ်။ သားကြိုက်တဲ့ သူနဲ့ လက်ထပ်ပေါ့။ ဒါပေမယ့် သူဇာ အခုလို ကျွန်းမာရေးမကောင်းတုန်း တော့ ဂရုစိုက်သင့်တယ် ထင်တာပဲ ”

ထားနှင့် သူ့ကိစ္စကို မေမေသိအောင် သူ ရှင်းပြမနေချင်။ သူ ဘာမှပြန်မပြောဘဲ နေလိုက်၏။

“ သူဇာ့ကြည့်ရတာလဲ မင့်ကိုမျှော်လင့်နေပုံပဲ ”

မေမေနှင့် ငြိမ်းက တကယ်တမ်းတော့ သူတို့နှင့် ရင်းနှီးကျွမ်းဝင်ပြီးသား မြသူဇာနှင့် လက်ထပ်စေချင်တာ သူသိသည်ပဲ။

“ ကျွန်တော့်ကို သူဇာခွဲသွားတုန်းက ကျွန်တော် အတော်လေး ခံစားရတယ်မေမေ၊ ကျွန်တော့်ခံစားရသလို ထားကို မခံစားရစေချင်ဘူး။ သား မှာ ဘာအပြစ်မှလဲ မရှိဘူးလေ။ သူဇာ ကျွန်တော့် ကို ခွဲဖို့ ဆုံးဖြတ်တာ သူ့ဆုံးဖြတ်ကို နားလည်နိုင် တယ်။ သူ့မိသားစုအတွက်၊ သူ့ အစွဲအလမ်းကို ခြေဖျက်ဖို့ အတွက်လေ။ ကျွန်တော်က ထားကို သက်သက် ကြီး ခွဲမသွား ချင်ပါဘူး ”

“ ထား ကရော ဘာပြောလဲ ”

သူ့စကားအဆုံးမှာ မေမေ မေးသည်။

သူ့မျက်နှာကွက်ခနဲပျက်သွားတာ ကို မေမေ မမြင်အောင် ဟန်ဆောင်လိုက်သည်။



ထားက သူ့ကို လမ်းခွဲသွားပြီဆိုတာ သူမယုံချင်။ မယုံရဲ။ မေမေ့ကိုလည်း သူ ပြောပြမနေချင်။

“ လောလောဆယ်တော့ ကျွန်တော့ကို စိတ်ကောက် ပြီး နယ်ပြန်သွားတယ် မေမေရဲ့ ”

ဟုပြောရင်း သူရယ်သည်။

“ မင်းတို့ဟာကလဲကွယ် ”

ဟု မေမေညည်း၏။

ရယ်သာရယ်ရသည်။ ရင်ထဲမှာတော့ နာနေပြန်၏။

✶ ✶ ✶

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

" သူမြန်သွားတာ တစ်လပြည့်တော့မယ်ကွ ရှေ့တနင်္လာဆို သူအလုပ်ပြန်ဆင်းမယ်ထင်တယ် "

လက်ဖက်ရည်ဆိုင်ထိုင်ရင်း ထားကို တမ်းတမ်းတတ အောက်မေ့ကာ သူပြောမိပြန်သည်။

" မင်းကွာ စောစောကတည်းက ဒီလိုအနေအထိုင် ဆင်ခြင်ရင် ထားနဲ့ ဒီလိုတောင်ပြဿနာ ဖြစ်စရာ မရှိဘူး "

သန်းဝေက စီးကရက်ဖွာရင်းပြော၏။

" မြသူဇာကို သနားတော့ သနားပါတယ်ကွာ။ ဒါ သူ့ကို ရှောင်နေမှန်း သူသိတယ် "



www.burmeseclassic.com

www.burmeseclassic.com



"မင်း မနေ့က သူတို့ စက်ရုံရောက်တော့ သူ့ကို တွေ့လား၊ သူအလုပ်ဆင်းနိုင်ပြီလား။ ငါမေးဖို့ မေ့နေတယ် "

" အလုပ်ဆင်းပြီသန်းဝေ၊ ငါတွေ့ခဲ့ပါတယ် "

" အခြေအနေ ဘယ်လိုလဲ "

" အင်း . . . ကောင်းပါတယ်။ ဒါပေမယ့် ခပ်ငိုင်ငိုင်ပဲ၊ အရင်လိုရွှင်ရွှင်ပျပျတော့ ရှိပုံမရဘူး "

သူ မနေ့က မြသူဇာတို့စက်ရုံမှာ အစည်းအဝေး သွားတက်ရသည်။ အလုပ်တွေအရမ်းရှုပ်နေကြသဖြင့် စကား ပြောခွင့်မရကြ။ အစည်းအဝေးပြီးတော့ နောက်အစည်း အဝေး တစ်ခု ရုံးချုပ်မှာ ရှိသည်မို့ နှုတ်ဆက်ပြီး သူပြန်ခဲ့ရ သည်။

"မရွှင်ပျတာကတော့ မင်းရှောင်နေလို့နေမှာပေါ့ ကွာ"

ဟု သန်းဝေမှတ်ချက်ချသည်။

စကားဆုံးတော့ သန်းဝေက ဆိုင်အဝင်ကို လှမ်းကြည့် တာတွေ့၏။ ပြီးတော့ ဟာ . . . သူငယ်ချင်း ဘယ်လာတာလဲ ဟုလမ်းနှုတ်ဆက်သည်။

" ဒီအနားခဏလာရင်း လက်ဖက်ရည်သောက်မလို့ ဝင်လာတာကွ "

ဟု ပြန်ပြောကာ သန်းဝေသူငယ်ချင်းဟာ သူတို့ စားပွဲရောက်လာသည်။



" လာထိုင်ကွာ။ ဘာသောက်မလဲ "

" လက်ဖက်ရည်ပဲ "

သန်းဝေက လက်ဖက်ရည်တစ်ခွက်မှာလိုက်၏။ ပြီးတော့ သူနှင့် သူ့သူငယ်ချင်းကို မိတ်ဆက်ပေးသည်။

" ဒါ စိတ်ပညာဌာနက လက်ထောက်ကထိက ဦးမြင့် သန်းတဲ့၊ ငါနဲ့ တစ်နယ်တည်းသားပဲ "

" စိတ်ပညာဌာနကဆို သူဇာ့စိတ်ရောဂါမျိုး နား လည်မှာပဲကွ "

သူ သတိရပြောလိုက်၏။

" အေး ဟုတ်သားပဲ၊ ဒီကောင်ရောက်လာတာ အတော်ပဲ၊ သူ့ကိုမေးကြည့်ရအောင်။ မင်းမြသူဇာရဲ့ငယ်ငယ်က အခြေအနေ၊ စရိုက်ကို ပြောပြလိုက်ကွာ "

သန်းဝေကလည်း စိတ်ဝင်စားသည်။

" ငါတို့ မိတ်ဆွေတစ်ယောက်ကွာ စိတ်ရောဂါ ခေါ်မလား၊ ဘာလဲမသိဘူး။ အဲဒါဖြစ်နေတာ မင်းကို ရှင်းပြ ခိုင်းမလို့ "

သန်းဝေက စကားစ၏။

" ဘယ်လိုဖြစ်လဲ ပြောပါဦးဗျ "

သူက မြသူဇာ၏ ငယ်ဘဝ၊ မီးလောင်သည့်ညက အဖြစ်အပျက်မှ စပြီး လောလောဆယ်ဖြစ်ခဲ့သည်အထိ အကျဉ်း

www.burmeseclassic.com

www.burmeseclassic.com



ချုံးပြီး ပြောပြလိုက်သည်။ ဆရာဦးမြင့်သန်းက သူ့စကားကို အသေအချာနားထောင်နေ၏။

သူ့စကားဆုံးတော့မှ . . .

" အဲဒါ ပါရာနိုရီးယား (Paranoia ) လို့ခေါ်တယ် ဗျ။ မြန်မာလိုတော့ယုံမှားလွန်မှု ပေါ့ဗျာ "

ဟုပြောသည်။

" ပုံပျက်သော တွေးခေါ်ခြင်း " လို့လဲ အဓိပ္ပါယ် ရတယ် ဗျ။ တစ်နည်းအားဖြင့်တော့ 'ရှုပ်ထွေးတဲ့ အပြင်ပန်းတွေးခေါ်ခြင်း' လို့လဲခေါ်တယ်။ အဲဒီရောဂါစိတ်ဝေဒနာ ရှင်တွေကို နိုင်ငံခြားမှာ ရော မြန်မာပြည်မှာပါ ဆေးရုံတွေ ဘာတွေမှာ တွေ့ရခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့သူက ဆေးရုံမှာ ကုသမှု ခံရလောက်အောင်ဆိုးတဲ့ ရောဂါမျိုး မဟုတ်ဘူးဗျ။ လူတွေကြားထဲ ဒီလိုပဲနေလို့ရ နေတာ "

စကားဖြတ်ပြီးလက်ဖက်ရည်တစ်ကျိုက်သောက် ၏။

" ရောဂါစဖြစ်တဲ့ အကြောင်းရင်းခံက ခင်ဗျားခုနပြောသလိုမျိုးပါပဲ၊ ငယ်ငယ်က မိဘနဲ့ သားသမီးဆက်ဆံရေးကြောင့် နာကြည်းစရာ၊ အထင်လွဲ စရာရှိတာမျိုး ခံစား ရတာကစတတ်တာပဲ၊ မယုံ သင်္ကာဖြစ်ခံရတာ၊ စိမ်းစိမ်း ကားကားအဆက်ဆံ ခံရတာ



တွေပါတာပေါ့။ အဲဒီဝေဒနာရှင်တွေ ဟာ တွေးခေါ်ပုံလဲ မှုံမှန်ပဲ၊ စိတ်ပိုင်းဆိုင်ရာ ယိုယွင်း ပျက်စီး မှုလဲ မရှိဘူးတဲ့ဗျ။ သူ့ကို လူတွေက မကောင်းကြံ နေကြတယ် လို့ထင်တာမျိုး၊ တချို့က ဘဝင်သိပ်မြင့်နေတတ်တာမျိုး၊ တချို့ကျတော့ နှစ်မျိုးစလုံးဖြစ်တတ်တယ်တဲ့။ ခင်ဗျားတို့ ကျွန်တော်တို့ တော်တော်များများ တွေ့ဖူးပါတယ်။ သူငယ်ချင်းတွေက သူ့ကိုအမြဲ အနိုင်ကျင့်နေတယ်ထင်တဲ့ လူမျိုး၊ ချစ်သူကသူ့ကိုမချစ်ဘူး၊ သူများကို တစ်နေ့ပစ်သွားတော့မှာပဲ၊ အဲဒီလိုထင်ကြတာတွေ "

သန်းဝေက သူ့မျက်နှာကိုလှမ်းကြည့်သည်။ မြသူဇာ က တစ်နေ့သူ ထားနှင့် ချစ်သွားမှာပဲဟု သူနှင့် ရည်းစားဖြစ်စ ကပင် စွပ်စွဲခဲ့တာပြန်သတိရလိုက်၏။

" ရောဂါအဆိုးဆုံးအနေအထားကတော့ ပတ်ဝန်းကျင်က လူတွေက ကိုယ့်ကို သတ်ဖို့ကြံနေတယ် ထင်တာပဲဗျ။ အဲဒီ လူတွေရဲ့ ထူးခြားချက်က သဝန်တိုတာလဲ သူများထက်ပိုတယ်။ မိန်းမကို တစ်ယောက်ယောက်နဲ့စကားပြောတာတွေ့ရင်ပဲ ဖောက်ပြန်တယ် စွပ်စွဲ၊ အဲဒီလိုပေါ့ဗျာ "

စကားဖြတ်ပြီး စီးတရက်မီးညှိစဉ် . . .

www.burmeseclassic.com

www.burmeseclassic.com



“ မင်းပြောဖူးတဲ့ မြသူဇာရဲ့စရိုက်တွေနဲ့ အားလုံး တူတယ်ကွ ”

ဟု သန်းဝေပြော၏။

“ စိတ်ကုထုံးက အကောင်းဆုံး ကုထုံးပဲတဲ့၊ လူနာက ယုံကြည်တဲ့ဆရာ၊ ဒါမှမဟုတ် လူနာယုံကြည် ချစ်ခင်တဲ့ သူက သူ့ရဲ့ယုံမှားလွန်မှုကို သဘော ပေါက်အောင် ပြောပြီး ဖျောက်ပစ်နိုင်တယ်တဲ့။ ရောဂါသိပ်မရင့် ရင်ပျောက်ပါတယ်။ ကိစ္စမရှိ ပါဘူး ”

စီးကရက်သောက်ရင်း ဆရာကပြောသည်။

ခဏအကြာမှာ နှုတ်ဆက်ပြီး ဆရာဦးမြင့်သန်း ထွက်သွား၏။

“ အမှန်တော့ မြသူဇာရဲ့ဘဝကလဲ သနားစရာပါ ကွာ၊ သူ့စိတ်ထဲမှာ သူ့မိသားစုက သူ့ကိုအထင် လွဲတယ်၊ နာကြည်းတယ်၊ မချစ်ဘူး၊ စွဲလမ်းသွားတယ်။ အဲဒီ အစွဲအလမ်း သက်သာအောင် သူ့မိသားစုရဲ့ အလို အတိုင်း သူ့နှလုံးသားကိုရင်း ပြီး လိုက်လုပ်တယ်။ ဖြစ်မလာဘူး။ ဒီမှာ မင်းက သူ့ကိုနာတယ်။ အထင်လွဲ တယ်ဆိုတဲ့ အစွဲ အလမ်းတစ်ခုထပ်တိုးသွား တာပဲလို့ ငါထင်တယ်။ အဲဒီအစွဲအလမ်းကို သူချေဖျက်ချင်လို့ မင့်ကို ဘယ်လောက်ချစ်တယ် ဆိုတာ သူပြချင်နေ



တယ်။ ဒီတော့ လူမှုရေးတွေ၊ ထောက်ထားရ မယ့် ကိစ္စတွေ သူ မေ့လျော့သလို ဖြစ်ကုန်တယ်။ ဒါပဲ သူငယ်ချင်း၊ ငါ ရှင်းသွားပြီ။ နောက်ဆုံး ပေါက်ကွဲ သွားတော့ ရောဂါလက္ခဏာက ပြလာ တာဖြစ်မယ် ”

သန်းဝေပြောတာကို သူ နားထောင်နေလိုက်၏။ ဘာမှ တော့ ပြန်မပြောမိ။

သူ စက်ရုံရောက်စဉ်က မြသူဇာ သူ့ဆီက အခွင့် အရေး တစ်ခုတောင်းခဲ့တာ သူသန်းဝေကိုပြောမပြခဲ့မိ။ သန်းဝေသိပြီး ထားဆီပြန်ရောက်မှာ သူကြောက်သည်။

ဒီတနင်္ဂနွေမှာ ဘုရားလိုက်ပို့ပေးပါတဲ့၊ ဒါ သူ့ဆီက နောက်ဆုံးတောင်းတဲ့ အခွင့်အရေးပါတဲ့။ သူခေါင်းညိတ်ခဲ့ ပါသည်။ မြသူဇာအတွက် ဒီလောက်တော့ သူလိုက်လျောသင့် သည် ထင်ပါ၏။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

တနင်္ဂနွေမနက် မြသူဇာသူ့အိမ်ရောက်လာပြီး ဘုရားသွားဖို့လာခေါ်သည်။ ခါတိုင်းလိုပင် သူ့ကားကလေးကို သူကိုယ်တိုင်မောင်းလာခဲ့၏။

"ကို့ကို သူဇာ တစ်ခုပဲတောင်းခံချင်တယ်။ ဘုရား မှာ ကို. . သူဇာကြားအောင် သစ္စာဆိုပြပါ။ ကို . သူဇာ့ကို မချစ်တော့ပါဘူးဆိုတာ။ အဲဒီလို သစ္စာဆိုပြရင် သူဇာ ကို့ကို ဘယ်လောက်ချစ်ချစ်၊ ရင်ကွဲခံပြီး မပတ်သက်အောင် နေမယ်။ အဲဒီလို ကို . . သစ္စာဆိုမပြရဲရင်တော့ သူဇာ ကို့ကို ဘယ်တော့မှမခွဲဘူး။ ကို . . ဘယ်လောက် ရှောင်ရှောင် သူဇာ ကို့ နောက်ကိုလိုက်မှာပဲ။ ကို့ကို ဘယ်သူ့လက်မှ သူဇာအပါ မခံနိုင်ဘူး။ သူဇာက ခုမို့စပြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တဲ့သူပါ။ သူဇာ ဘယ်အထိ ခံစားရတာ သူဇာ အသိဆုံး ပဲလေး၊ **ဖိတစ်ခါ** သူဇာမခံစားချင် တော့ဘူး ကို "

**ရှုရှား**ပေါ် ရောက်တော့ သူဇာပြောသည့်ဆည်းလည်းသံ **ချိုလွင်လွင်သ**ည်ရင်ထဲကအပူကိုမအေးချမ်း စေနိုင်ရော့လား။ သူ့ကို သူဇာအကျပ်ကိုင်ပြီနားလည်၏။

" သစ္စာဆိုတယ်ဆိုတာ အရမ်းအရမ်း မလုပ်ရဘူး သူဇာ၊ သစ္စာရဲ့တန်ခိုးက သိပ်ကြီးတာ။ သူဇာ ကြားဖူးလား၊ ပုံပြင်လား ဘာလားတော့မသိဘူး။ ကိုယ်ကြားဖူးတာတစ်ခု ပြောပြမယ်။ တောင်ပို့ တွင်းထဲလက်နှိုက်မိလို့ သတို့ သားလေးကို မြွေကိုက်ခံရသတဲ့။ မြွေဆိပ်နဲ့ မိန်းမောနေတော့ မိဘနှစ်ပါးက သူတို့ ကိုးကွယ်တဲ့ ရသေ့ဆီ သယ်ဆောင်သွားပြီး ဆေးကုပေးဖို့ တောင်းပန်တာ ပေါ့။ ဒီတော့ရသေ့က သတို့ သားရဲ့ ခေါင်းပေါ် လက်တင်ပြီး သစ္စာဆိုသတဲ့။ ဘယ်လို ဆိုလဲ ဆိုတော့ ငါဟာ ရသေ့ရဟန်းပြုပြီး ခုနစ်ရက်သာ မြတ်သောအကျင့်ကို ကျင့်ဖူးပါတယ်။ နောက်ပိုင်း ရက်တွေ နှစ်တွေမှာ ရသေ့ရဟန်း အဖြစ်ကို အလိုမရှိဘဲ ဟန်ဆောင်နေ ခဲ့ရပါတယ်။ ဤသစ္စာ မှန်ပါက မြွေဆိပ် ပြယ်ပါစေ သတည်း တဲ့၊ အဲဒီလို သစ္စာပြုတယ်တဲ့၊ အဲဒါ ကြားတော့ ဖအေလုပ်တဲ့ ကလဲ သစ္စာပြုတယ်တဲ့ ငါဟာ အလှူအတန်းကို မနှစ်လို၊ အလှူခံမှန် သမျှကိုမနှစ်လို။ ဒါပေမယ့် မနှစ်လိုတဲ့ အဖြစ်ကို ဘယ်သူမှ မသိစေရ အောင် ဖုံးပြီးအလှူအတန်း



တွေပြုခဲ့ပါ တယ်။ ဤစကား မှန်ပါက မြွေဆိပ် ပြယ်ပါစေပေါ့။ ဒီတော့ မအေ လုပ်တဲ့သူကလဲ သစ္စာပြုပြန်သတဲ့။ ချစ်သား တွင်းထဲမှ ချစ်သားကို ကိုက်လိုက်တဲ့ မြွေကို အမေမုန်းပါတယ်။ အဲဒီမြွေ ကို အမေမုန်း သလို၊ ငါ့သားရဲ့အဖေကို လဲအမေ မုန်းတယ်။ ဒါပေမယ့် အဲဒီအမုန်းကို ဘယ်သူမှမသိအောင် အမေ ဖုန်းကွယ်ထားခဲ့ပါ တယ်။ ဤစကားမှန်ပါ က မြွေဆိပ်ပြယ်ပါ စေသတည်းပေါ့။ ဒါနဲ့ သတို့ သားဟာ မြွေဆိပ်ပြယ် ပြီး အသက် ပြန်ရှင်တယ် တဲ့ . . . "

သူ့စကားကို ခဏဖြတ်လိုက်၏။ မြသူဇာက သူ့စကားကို စူးစိုက်နားထောင်နေတာတွေ့သည်။

" သစ္စာဆိုတာ အဲဒီလို ကိုယ်မဟုတ်တာလုပ်တာကို အမှန်အတိုင်းဆိုရင်တောင်မှ အင်မတန်စူး ရှတယ်တဲ့ သူဇာ"

ဘုရားရင်ပြင်ပေါ် မှလူများကို ငေးကြည့်နေရာမှ သူ့မျက်နှာဆီအကြည့်ကိုပို့၏။

" ဒါကြောင့် ပြောတာပေါ့ ကို သူဇာ့ကို သစ္စာဆိုပြ လေ"

" ကို မဟုတ်တာကို ဘယ်ဆိုရပ့်မလဲ "

" ကို သူဇာ့ကို မချစ်တော့ပါဘူးလို့မဆိုရဲဘူး လား"

" ဟင့်အင်း "

" ဒါဆိုချစ်တာပေါ့ "

" သူဇာရယ် "

www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းချရင်း . . . အကြည့်လွှဲမိပြန်သည်။

" ဒါဆို ချစ်တယ်လို့ ဆိုလေ "

" ဘာအတွက် ဆိုရမှာလဲ "

" သူဇာစိတ်ချမ်းသာအောင် "

" ထားကိုလဲ စိတ်ချမ်းသာစေချင်တာပဲ "

" ဒါလဲဆိုပေါ့ "

သူဇာ့ကို သူဘယ်လိုပြောရမည်မသိအောင် ဖြစ်နေ သည်။ သူပြောတဲ့အတိုင်းသစ္စာတစ်ခုခုဆိုမပြပါက ဘုရား ပေါ်မှ ပြန်ရတော့မည်မထင်။ ဒီနေ့တော့ သူဇာ စိတ်ချမ်း သာအောင် တတ်နိုင်သမျှ သူ လိုက်လုပ်ပေးမည်ဟု စဉ်းစားခဲ့ မိသည်။

" ကဲ . . . လာ . . . ကို သစ္စာဆိုမယ် "

ပြောပြီးထိုင်ရာမှထသည်။ သူ့မွေးနံ့ရှိရာသို့ လျှောက် ၏။ ဘုရားကိုသူဝပ်ပြုသည်။ သူ့ဘေးမှာ သူဇာက လည်း ဝပ်ပြုပြီး သူ့ကိုကြည့်နေ၏။

" ဘုရားတပည့်တော်သည် လောက၌ မြသူဇာဆို သည့် ချစ်သူလောက် ချစ်မိသောသူမရှိပါဘုရား။ ဤသစ္စာ စကား မှန်ကန်ပါက ဘုရားတပည့်တော် ကို ချစ်သော ခင်ထား ညို၏ တပည့်တော် အတွက် ပူပန်သောကမှန်သမျှသည် အမြန်ဆုံး ကင်းစင်ပပျောက်သွားပါစေဘုရား . . "

ဘုရားကိုဝပ်ပြုပြီး သူဇာ့ကိုလှည့်ကြည့်တော့ ပါးပြင်



ပေါ်မှာမျက်ရည်စတွေ လိမ့်ဆင်းစီးကျနေတာတွေ့၏။

ပျော်လိုက်တာကိုရယ် . . . ဟု ပြောသံက တုန်ယင် နေပြန်သည်။

★ ★ ★

၄

ဘုရားပေါ်မှအဆင်းမှာ သူ့လက်ကိုတွဲ၍ ကလေး တစ်ဦးနှယ် ရွှင်မြူးနေပြန်၏။ နောက်ရက်တွေမှာ မြသူဇာကို သူရှောင်ရတော့မည်။ ထားပြန်ရောက်လာတော့မည်ဟု တွေး ရင်း သည်တစ်ရက် အပျော်ကို သူပြည့်ပြည့်ဝဝ ရပါစေ တွေး ဖြစ်ပြန်၏။

" မပြန်ချင်သေးဘူးကို ၊ ထမင်းသွားစားမယ်၊ ထမင်း စားပြီးမှ ပြန်ရအောင်နော် "

ဆိုတော့ သူ ခေါင်းညိတ်ပြမိသည်။

ထမင်းဆိုင်ရှေ့မှာ ကားရပ်ပြီး ဆင်း၏။ လမ်းကို

*ဖြတ်ကူးပြီးမှ ထမင်းဆိုင်ကိုရောက်မည်။*

www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးပိတ်အပြီးမှာ မြသူဇာက သူ့လက်ကို ဆွဲကာ လမ်းဖြတ်ကူးလိုက်သည်။

" ဟာ . . . ကို "

မြသူဇာ၏ အလန့်တကြားအော်သံကို အကြားနှင့် ကားတစ်စီး အရှိန်ပြင်းစွာ သူတို့ဆီဝင်လာတာအမြင်သည် တစ်ချိန်တည်းလိုပင်။ သူဘာလုပ်ရမည်မသိဖြစ်စဉ် မြသူဇာကလက်ကိုလွှတ်လိုက်ပြီး သူ့ကိုဆောင့်တွန်းလိုက်တာသိ၏။

ဗုန်းခနဲအသံ၊ အော်သံ ဟစ်သံတွေကြားပြီး သူ ဘာမှမသိတော့။

★ ★ ★

(၁၅)

ပစ်လဲကျသွားသည့်အရှိန်ဖြင့် သူ သတိမေ့သွားပြီး ပွန်းပဲ့နာကျင်ရုံသာ ဒဏ်ရာရလိုက်သည်။ သူ့ကိုဆောင့်တွန်း လိုက်သည့် မြသူဇာကား သူ့ကိုယ်စား ကားတိုက်ခံသွားရရှာ၏။ သတိမေ့နေသည့် မြသူဇာ ဆေးရုံအရောက်မှာပင် ဆုံး သွားတော့သည်။ သူ မြသူဇာအတွက် ယူကျုံးမရဖြစ်ရ ပြန်၏။ သူ့ကိုအသက်ပေးချစ်သွားတယ်ဆိုတာ မြသူဇာ ပြလိုက်တာ ပါလား။

သတင်းကြားပြီး၊ သန်းဝေတို့မောင်နှမရော ထားပါ အိမ်ရောက်လာသည်။ ထားက မနေ့ကမှ ရန်ကုန်ပြန်ရောက်တာတဲ့။ သန်းဝေ ညီမလေးက အဆောင်သွားရှာပြီးခေါ်လာ တာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အားလုံး မြသူဇာအတွက် စိတ်မကောင်းဖြစ်ကြရသည်ပဲ။

ဘုရားပေါ်မှာ သူသစ္စာဆိုခဲ့တာကို ဘယ်သူ့မှ ပြန်ပြောမပြဖို့ ဆုံးဖြတ်လိုက်သည်လေ။

★ ★ ★

မြသူဇာ၏ရုပ်အလောင်း မြေချသည့်နေ့က လူ အတော်စည်သည်။ သန်းဝေတို့နှင့်အတူ သူလည်း လိုက်ပို့ နိုင်ခဲ့သည်။ သူ့လက်က ပတ်တီးတော့ မဖြေရသေး။ သန်းဝေက သူ့ကို ဘာလုပ်ပေးရမလဲမေးတော့ မြသူဇာသိပ် ကြိုက်တဲ့ နှင်းဆီပန်းခွေတစ်ခွေလောက် ငါနာမည်နဲ့ လုပ်ပေးပါ သူပြောခဲ့သည်။ အဲဒီပန်းခွေကို မြသူဇာ၏ ခေါင်းရင်းမှာ သူမြင်နိုင်သည်ပဲ။ နှင်းဆီပွင့်အနီရဲရဲတွေလေ။



" ဟင် . . ဟိုမှာ . . . ဟိုမှာ "

" ဘာလဲ ထား "

ထား မေးငေါ့ပြရာကို သူလိုက်ရှာသည်။

" ကိုနေလတ် . . ကိုနေလတ် "

" အဲဒါ သူ့အစ်ကိုလေ မြသူဇာရဲ့ အစ်ကို၊ သူတို့ အိမ်မှာ ကိုကိုဆုံဖူးတယ် "

ထား ပြသည့်သူကိုကြည့်ရင်း သူပြောသည်။ လူကြားက တိုးလာပြီး သူ့ညီမအလောင်းကိုကြည့်ကာ မျက်ရည်တွေဝဲလို့။

" ကိုနေလတ်က မြသူဇာရဲ့ အစ်ကို "

ထား နှုတ်က အံ့သြစကားထွက်သွားတော့၏။

" ထား သိလို့လား "

" ထားအစ်မ ခင်မိုးညိုရဲ့ ချစ်သူလေ . . . "

" သြော် "

ထား ပြောပြခဲ့သဖြင့် ထားအစ်မ ခင်မိုးညို အကြောင်း သူကြားခဲ့၊ သိခဲ့ဖူးသည်မို့ အံ့သြရပြန်သည်။

" သူဘာလို့ မမမိုးကို ထားခဲ့ရတယ်ဆိုတာ ထားနားလည်ပြီ။ သူလဲ သူ့မိသားစုရဲ့ ထွက်ပေါက်ကို ရှာပေးခဲ့တာပဲ နေမှာ "

ဖွဖွလေးရေရွတ်နေမိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပင် မီးခိုးခေါင်းတိုင်ဝမှ မီးခိုးများ ပြာမှုန်များလွင့်စဉ်၍ လောကထဲသို့ ဝေ့ဝဲပျံ့နှံ့သွားပေဦးမည်။

မြသူဇာ၏ အချစ်ကတော့ သူ့နှလုံးသားထဲက ဘယ်လိုမှ ထွက်ခွာသွားနိုင်မည်မဟုတ်ကြောင်း သူအသိဆုံး။

သူ့လက်ကိုလာဆွဲတိုင်လိုက်သည့် ထားး၏လက်ဖျားကလေးတွေ ဘာကြောင့် အေးစက်နေရပါသလဲကွယ်။

ထားးရင်ထဲက သူနဲ့ပတ်သက်တဲ့ သောကတွေ ထာဝရ ချုပ်ငြိမ်းစေတော့မည်ဆိုတာ သူယုံမိပြန်၏။

ထား၏ မျက်ဝန်းမှာလည်း မျက်ရည်တွေဝဲလို့ပါလား။

★ ★ ★

နှင်းဆွတ်တောင်ပြန်လေ

အပိုင်း

(၄)

www.burmeseclassic.com

www.burmeseclassic.com

သန်းဝေ တာဝန်ထမ်းဆောင်ရာ ပေါင်းလောင်းသို့ သူရောက်လာသည်။ ပျဉ်းမနားကို သူ တာဝန်နှင့် လာခဲ့ရ၏။ ပျဉ်းမနားမှာ တာဝန်ပြီးတော့ သန်းဝေရှိရာသို့ သူ တကူး တက လာခဲ့ခြင်းပင်။

သန်းဝေက ကားနှင့်မောင်းရင်း သူတို့ပရိဂျက် အကြောင်း သူ့ကို အကြမ်းဖျင်းရှင်းပြသည်။ လေခွင်း တောင်ပေါ်မှ စေတီလေးကို လှမ်းပြီးဖူးမြော်ခွင့်ရသည်။ အလာလမ်းခွဲမှာတုန်းက လေ့ခွင်းတောင်သို့ဟုရေးထား တာပြန်သတိရ၏။

www.burmeseclassic.com

www.burmeseclassic.com



ည သန်းဝေအိမ်မှာ သူတို့စကားပြောနေစဉ် အပြင်ဘက်ကလေတိုက်သံက တဝုန်းဝုန်းမြည်သည်။ ပင်လယ်ကမ်းစပ်မှာ လှိုင်းလုံးတွေလာရိုက်နေသည့်အသံမျိုး။ အိမ်ခေါင်မိုးပေါ်မှာ ကားတွေဖြတ်မောင်းနေသလားထင်ရသည်။ တစ်ခါတစ်ခါ တံခါးရွက်တွေကို လေအရှိန်ဖြင့် အပြင် ကဆောင့်တွန်းနေသလိုမျိုး။

"လေကအရမ်းပြင်းတယ်ကွ၊ တားမောင်းရင်း ပါပါသွားတတ်တယ်။ လူလမ်းလျှောက်ရင်လဲ ယိုင်ယိုင်သွားတာ ပဲ"

သန်းဝေကပြောသည်။

"ဆောင်းတွင်းမှာ ဒီလောက်ပဲလေပြင်းကျရသလားကွာ၊ မြောက်ပြန်လေဆိုတာ သာသာ ညင်းညင်းရယ်"

သူ့စကားကြောင့် သန်းဝေပြုံးသည်။

"လေပြင်းတာတော့မပြောနဲ့၊ မင်းတွေ့လားမသိဘူး။ ဒီမှာ လက်ဖက်ရည်ဆိုင်တွေရှိတယ်။ ဆိုင်းဘုတ်ရှိပြီး ဘာမှ မမြင်ရဘူး၊ ဘယ်မြင်ရမလဲ အိမ်ထဲမှာလေ၊ လေတိုက်မှာ စိုးလို့ တံခါးတွေလဲ ပိတ်ထားရတယ်။ လူတွေလဲ ဒီအချိန် အပြင် မထွက်ကြဘူး"

သန်းဝေကရှင်းပြ၏။



"ဒီလိုပဲနေ့တိုင်းတိုက်လား"

"ဒီဆောင်းတွင်းပေါ့ကွာ။ နိုဝင်ဘာက ဖေဖော်ဝါရီလောက်အထိတိုက်တတ်တယ်။ ညရှစ်နာရီလောက်က မနက် ခြောက်နာရီလောက်အထိ ဒီအတိုင်းပဲ၊ တဝုန်းဝုန်းနေတာ။ ပန်းအိုးတွေ ဘာတွေဆိုလဲ အကုန်လဲကွဲကုန်တာပဲ"

"အေးကွာ ပင်လယ်ကမ်းစပ်မှာ လှိုင်းရိုက်သံတွေ အတိုင်းပဲ"

"ဘာခေါ်လဲသိလားကျော်ခေါင်"

"ပြောပါဦး"

"တောင်ပြန်လေတဲ့"

"ဘာကွ"

"တောင်ပြန်လေ"

"ဟာကွာ ဆောင်းတွင်းမှာ မြောက်ပြန်လေပဲ တိုက်ရမှာ"

သန်းဝေကရယ်သည်။ ပြီးမှ . . .

"ငါရောက်ရောက်ချင်း ဒီအရပ်က အလုပ်သမားတွေကိုဘာလို့ တောင်ပြန်လေခေါ်တာလဲ မေးတော့ တောင်တွေထိပြီး ပြန်လာတဲ့လေလို့ ဖြေတယ်ကွ။ တကယ်တော့ မဟုတ်ဘူး လေက မြောက်ဘက်က တိုက်နေတာလေ"

www.burmeseclassic.com

www.burmeseclassic.com



" အေး ဟုတ်သားပဲ ဆောင်းတွင်းလေပဲ "

" မြောက်ဘက်ကတိုက်လာတဲ့ ခပ်ပြည်ပြည်လေဟာ ဒီတောင်ကြီးတွေခံနေတော့ ဆက်တိုက်လို့ မရဘူး။ ဒီတော့ တောင်ကိုကျော်ရတာပေါ့ကွာ။ အဲဒီအချိန်မှာ တောင်ခြေရင်း ဒီဘက်ခြမ်းမှာက လေဟာနယ်လိုဖြစ်သွားတယ်။ ဒါကြောင့် တောင်ကိုကျော်လဲပြီးရော၊ အဲဒီလေတွေဟာ လေဟာနယ်လို ဖြစ်နေတဲ့ တောင်ခြေရောက်လာပြီး အခုလို အင်နဲ့ အားနဲ့ တိုက်တော့တာပဲ ကွ "

ညနေက ပေါင်းလောင်းမြစ်ဘေးက မြင့်မားသော တောင်တွေကိုမြင်ယောင်မိပြန်သည်။

" စဉ်းစားကြည့်ရင်တော့ သဘာဝပဲကွ၊ ဘယ်ကိစ္စ ဖြစ်ဖြစ် သူ့အရှိန်နဲ့ သူလာနေတာကို အတား အဆီးအဟန့် အတားလုပ်လိုက်ရင်အင်နဲ့ အားနဲ့ ဖြစ်သွား တတ်ကြတာပဲ။ ပိတ်ပင်ဟန့်တားမှု ကြောင့်ဖြစ်သွား တဲ့ အင်အားတွေပဲကွ "

သူစဉ်းစဉ်းစားစားပြောသည်။ သန်းဝေကပြုံးရင်း စီးကရက်ဖွာနေ၏။ ပြီးမှပြောသည်။

" ငါက တရားသဘောတွေးမိတာကွ။ လူတွေဟာ သမုဒယဆိုတဲ့ ချစ်ခင်စွဲလမ်းမှုတွေရှိနေလို့ ဒီလောက်



ဝရုန်းသုန်းကားဖြစ်နေကြရတာ။ သမုဒယဆိုတဲ့ ဒီတောင်တွေကိုတွေ့လို့ လောဘ၊ ဒေါသ၊ မောဟတွေ ပူးကပ်နေတဲ့ လူတွေဟာ ဒီတောင်ပြန်လေလိုပဲ ပူပန်မှုတွေ၊ သောကတွေနဲ့ ဝုန်းဒိုင်းဆန်နေကြရတာ"

စီးကရက်ပြာကိုခြွေရင်းပြုံးသည်။

" မင်းတို့ ထားတို့ မြသူဇာတို့ ကြည့်ပါလား မင်းတို့ သုံးယောက်ကို ဘေးကကြည့်နေရတဲ့ ငါတောင် ရင်မောခဲ့ရတယ်။ မင်းတို့ဘဝမှာ တောင်ပြန် လေတိုက်နေသလိုပဲ။ မင်းတို့လဲ တောင်ပြန်လေ အောက်က သစ်ပင်လေးတွေကျ နေတာပဲလေ။ ပင်ပန်းလိုက်ကြတာ "

သန်းဝေစကားကို သူသဘောကျပြီး ပြုံးလိုက်မိပြန် သည်။

" အဲဒီတောင်ပြန်လေမှာ နှင်းငွေ့တွေ ဆွတ်ထား တော့ အေးမြနေမှာပဲ သန်းဝေ၊ အဲဒီအေးမြမှုက အင်အား သစ်တွေလဲဖြစ်လာနိုင်တာပဲ။ မင်းက လူပျိုကြီး ဆိုတော့ တရား ဟောလဲ ဟောရုံရှိမှာပဲ၊ အချစ်ကရတဲ့ အင်အားသစ်ကို မင်း ယုံမှာမှ မဟုတ်တာ "

သူ့စကားဆုံးတော့ သန်းဝေက ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



" ထားနဲ့ ကလေးတွေလဲ နောက်တစ်ခါခေါ်လာခဲ့ ပါဦးကွ "

ဟု အရယ်ရယ်ဖော့ပြော၏။

အပြင်မှာ တောင်ပြန်လေ၏ အရှိန်က အင်အားကောင်းနေ၏။

★ ★ ★

BURMESE CLASSIC .com



အပြန်ရထားပေါ်မှာတော့ အိမ်ရောက်လျှင် နှင်းဆွတ်သည့် တောင်ပြန်လေအကြောင်း ထား နှင့် ကလေးတွေကို ပြောပြရဦးမည်ဟု သူတွေးနေမိသေးသည်။

ရထားပေါ်မှာ ကဗျာတစ်ပုဒ်ရေးလိုက်၏။

ခေါင်းစဉ်ကို " နှင်းဆွတ်တောင်ပြန်လေ "ဟု သူပေးသည်။

– နှင်းလူးလိမ်းပေ၊ မြောက်ပြန်လေသည် . . .
မိတ်ဆွေဆောင်းကို နှုတ်ဆက်မည် . . ။
– မြောက်ပြန်လေ . . .
ပြေပြေညင်းညင်း၊ ဆောင်းတွင်းပန်းနှံ့
ပျံ့စေမွှေးစေ အေးမြစေ၍
မိတ်ဆွေဆောင်းကို ပွေ့ဖက်မည်။

www.burmeseclassic.com

www.burmeseclassic.com



– မတိုက်နဲ့လေ . . .
မြောက်ပြန်လေအား၊ တောင်မြင့်မားတို့
တားဆီးဆို့ကာ ပိတ်ပင်လာလျှင် . . .
– မလာနဲ့လေ . . .
ဝေးသွားစေရန်၊ တောင်တို့ခံ၍
နံရံပမာ၊ တားထားကာလျှင် . . .
– တောင်ခြေဒီဘက် . . .
ဆောင်းမနက်ညာ၊ မုန်တိုင်းကျသလို
ဒေါသနှင့်မွှေ . . .
တောင်ပြန်လေ . . .
တောင်တွေအားလုံး အံတု၏ ॥ ॥

မောင်စိန်ဝင်း (ပုတီးကုန်း)
အမှတ် (၈) ဘီ၊ မြသီရိလမ်း
အေဝမ်းခြံ၊ မရမ်းကုန်း၊
ရန်ကုန်မြို့။

BURMESE CLASSIC .com
www.burmeseclassic.com